# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily

အတွဲ (၅၄) အမှတ် (၁၉၂)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
၂၀၁၅ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ သောကြာနေ့။


**အပ္ပမာဒ မင်္ဂလာ**

ကုသိုလ်ကောင်းမှု တရားတို့၌ မမေ့မလျော့ခြင်း၊ အမြဲသတိရနေခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

## အမျိုးသားရေအရင်းအမြစ် စီမံခန့်ခွဲရေးပဟိုကော်မတီစည်းဝေး

**အငြင်းပွားသည့် လယ်မြေပိုင်ဆိုင်မှုပြဿနာများဖြေရှင်းရန် နိုင်ငံတကာစံနှုန်းများနှင့် ကောင်းမွန်သော အတွေ့အကြုံများကို အခြေခံလျက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် စမ်းသပ်ဆောင်ရွက်**

စာမျက်နှာ ➢ ၄



## ကုန်သင်္ဘောများ ဝင်ထွက်နိုင်ရန်စင်ကာပူမှသောင်တူးသင်္ဘောဖြင့် ရန်ကုန်မြစ်ဝ၌သောင်တူး

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်မြစ်ကြောင်းတွင် နုန်းကျမှုများပြားခြင်းကြောင့် ပင်လယ်ကူးသင်္ဘောကြီးများနှင့် ကုန်တင်သင်္ဘောများ ဝင်ထွက်မှု အခက်အခဲရှိလာသည်။ ကုန်တင်သင်္ဘောကြီးများ ပင်လယ်ဝမှရန်ကုန်မြစ်ကိုဖြတ်ကာ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်မှု ပိုမိုလွယ်ကူစေရန်နှင့် ကုန်ပစ္စည်းများ ပိုမိုသယ်ဆောင်နိုင်ရန် ရေအနက် ပိုမိုရရှိစေရေးအတွက် စင်ကာပူနိုင်ငံမှ ANTIGOON အမည်ရှိ သောင်တူးသင်္ဘောကြီးဖြင့် ရန်ကုန်မြစ် ၌ သောင်တူးလျက်ရှိသည်။

"ပင်လယ်ဝမှ ရန်ကုန်မြစ်ကိုဖြတ်ပြီး ကုန်တင်သင်္ဘောကြီးတွေ ပိုမိုဝင်ရောက် ဆိုက်ကပ်နိုင်ရေးနဲ့ ကုန်ပစ္စည်းတန်ချိန် ပိုမိုသယ်ဆောင်နိုင်ရေးတို့အတွက် စင်ကာပူနိုင်ငံ

စာမျက်နှာ ၄ ကော်လံ ၁ ❐

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



## ပူးတွဲတာဝန်ပေးခြင်းအား ပယ်ဖျက်

## မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

စာမျက်နှာ ➢ ၅

## တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသ၏ စစ်ပျူဟာ အရေးကြီးနေရာအများစုနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား သိမ်းပိုက်ထိန်းချုပ်

စာမျက်နှာ ➢ ၁၃




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ယဉ်ကျေးသော မြန်မာ့ရိုးရာသင်္ကြန်

မကြာမီ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ကာလသို့ ရောက်ရှိပေတော့မည်။ ဤသို့ နှစ်သစ်ကူးပြောင်းကာလတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးသိမ်မွေ့စွာ အတာရေနှင့် ချစ်ကြည်ရင်းနှီးစွာ ပက်ဖျန်းကြလေ့ရှိပါသည်။ ထိုသို့ ညီရင်းအစ်ကို မောင်ရင်းနှမပမာ ချစ်ကြည်စွာ ရေပက်ကစားကြခြင်းသည် ရှေးမြန်မာမင်းအဆက်ဆက်က ကျင့်သုံးလာခဲ့သည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပင်ဖြစ်ပါသည်။

သို့သော် ယနေ့ခေတ်သင်္ကြန်သည် ကာလရွေ့လျားလာသည့်အလျောက် ရေကစားနည်းပုံစံမှာလည်း ပြောင်းလဲလာလျက်ရှိပါသည်။ အဆိုးဆုံးမှာ လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အနာတရဖြစ်စေခြင်း၊ မခံမရပ်နိုင်သည်အထိ နှောက်ပြောင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်များဖြစ်ပွားခြင်း စသည်ဖြင့် မလိုလားအပ်သော အကျိုးဆက်များ ပေါ်ပေါက်လေ့ရှိပါသည်။

အမှန်စင်စစ် မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။ ပြည်သူများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲကြရမည်ဖြစ်ပါသည်။ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိပေသည်။

သို့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးတို့၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်း၊ မီးသတ်ပိုက်များအသုံးပြု၍ ကြမ်းတမ်းစွာ ရေကစားခြင်း၊ ဟီရိသြတ္တပ္ပ တရားကင်းမဲ့စွာ ဝတ်စားဆင်ယင်ခြင်းတို့ကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် သင်္ကြန်ကာလအတွင်း အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားစေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့်အပြုအမူများကိုလည်း အထူးသတိပြုရှောင်ကြဉ်သင့်ပေသည်။

နှစ်သစ်ကူးချိန်ခါသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူအားလုံး၏ မင်္ဂလာရှိသော အချိန်အခါဖြစ်ပါသည်။ သင်္ကြန်ကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး အပြစ်ပြောဆိုခြင်း၊ ဝေဖန်ခြင်း၊ အပုပ်ချသံချပ်များထိုးခြင်းတို့သည် မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ကို ထိန်းသိမ်းနေခြင်းဟု မဆိုနိုင်ပါ။ သို့ပါ၍ မြန်မာလူမျိုးတိုင်းက မြန်မာ့ယဉ်ကျေးမှုအစဉ်အလာသင်္ကြန်ကို လေးစားတန်ဖိုးထားသောအားဖြင့် နှစ်သစ်ကူးအခါသမယတွင် ယဉ်ကျေးသော အပြုအမူ၊ ယဉ်ကျေးစွာ ဝတ်စားဆင်ယင်ခြင်း၊ ယဉ်ကျေးစွာ ရေကစားခြင်းတို့ဖြင့် နှစ်သစ်ကို ကြိုဆိုကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## ဟော်ကီအမျိုးသားလက်ရွေးစင်အသင်းကို ကြိုဆို

**ရန်ကုန် ဧပြီ ၉**

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မလေးရှားနိုင်ငံ အီပိုမြို့ရှိ ဟော်ကီအကယ်ဒမီ သင်တန်းကျောင်းတွင် စခန်းဝင်လေ့ကျင့်နေသည့် အုပ်ချုပ်သူ ဦးကျော်ကျော်ဦး အပါအဝင် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ပဏာမအမျိုးသား လက်ရွေးစင်အသင်းသည် ဧပြီ ၆ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်နှင့် အဖွဲ့ချုပ်အမှုဆောင်များ သွားရောက်ကြိုဆိုကြသည်။

အမျိုးသားပဏာမလက်ရွေးစင်အသင်းသည် မလေးရှားနိုင်ငံတွင် ရှိနေစဉ်အတွင်း လူငယ်လက်ရွေးစင်အသင်း၊ အမျိုးသားပဏာမလက်ရွေးစင်များပါဝင်သည့် ကလပ်အသင်းများနှင့် ပူးတွဲလေ့ကျင့်၍ ဆယ်ပွဲယှဉ်ပြိုင်ကစားခဲ့ကြသည်။ မလေးရှား ၁၆ နှစ်နှင့်အောက် ပဏာမအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် သုံးဂိုး-တစ်ဂိုး၊ လေးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့ပြီး ၁၆ နှစ်နှင့်အောက် လက်ရွေးစင်ဖွဲ့ပြီးနောက် ယှဉ်ပြိုင်ကစားရာ ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပဏာမလက်ရွေးစင်များ ပါဝင်သည့် ကလပ်အသင်းများနှင့် ယှဉ်ပြိုင်ကစားပြီး IPOH အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပါချာပီအသင်းနှင့် သုံးပွဲယှဉ်ပြိုင်ကစားရာတွင် ငါးဂိုး-တစ်ဂိုး၊ ငါးဂိုး-တစ်ဂိုး၊ ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ MBIအသင်းနှင့် သုံးပွဲ ထပ်မံယှဉ်ပြိုင်ကစားရာ ပထမပွဲတွင်နှစ်ဂိုး- နှစ်ဂိုး၊ ကျန်နှစ်ပွဲတွင် သုံးဂိုး-တစ်ဂိုး၊ ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သန်းဆွေ(ပန်းဘဲတန်း)**



## စလင်းဝက်သည်းကန်ကြီး တူးဖော်ဆောင်ရွက်

**စလင်း ဧပြီ ၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့၏ကျက်သရေဆောင် ဝက်သည်းကန်ကြီးကို ဧပြီ ၇ ရက်က ကန်ကြီးအတွင်းရှိအပင်များနှင့် နုန်းများအား ဖယ်ရှားရှင်းလင်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ ဆောင်ရွက်ခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးနေမန်း၊ ဦးအောင်အောင်နှင့် မြို့နယ်သစ်တောဒုဦးစီးမှူး ဦးမြင့်ဦးတို့က ဦးဆောင်ပြီး မြေတူးစက်အကူအညီဖြင့် တူးဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မြတ်ပါရမီ လူမှုရေးအသင်းမှ နှစ်သစ်အကြို သွေးလှူ

**နေပြည်တော် ဧပြီ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ မြတ်ပါရမီ လူမှုကူညီရေးအသင်းမှ နှစ်သစ်အကြိုအထိမ်းအမှတ် ဇီဝိတဒါန သွေးလှူဒါန်းမှုကို ဧပြီ ၈ ရက်က နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသွေးလှူဘဏ်၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် မြတ်ပါရမီ လူမှုကူညီရေးအသင်း ( နေပြည်တော်) အသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၏ ဦးဆောင်မှုဖြင့် အားကစားဝန်ကြီးဌာန Mobile Section မှ ဒုကြီးကြပ်ရေးမှူး ဦးကျော်မျိုးဝင်းနှင့် အမှုထမ်းများ၊ မြတ်ပါရမီ လူမှုကူညီရေးအသင်းဝင်များ စုစုပေါင်း သွေးလှူရှင် ၃၈ ဦးတို့က ဇီဝိတဒါန သွေးလှူဒါန်းခဲ့သည်။

မြတ်ပါရမီလူမှုကူညီရေးအသင်းသို့ ဆက်သွယ်လှူဒါန်းလိုပါက ဦးအောင်ကျော်ဦး ဥက္ကဋ္ဌ ဖုန်း - ၀၉-၄၉၃၁၉၉၆၀၊ ဦးကိုကိုကြီး အတွင်းရေးမှူး ဖုန်း၊ ၀၉- ၃၁၄၉၂၂၂၃၊ ဦးသန်းဝင်း ဖုန်း၊ ၀၉- ၂၅၄၀၃၆၅၂၀ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မင်းမင်းလတ်**

## ကြက်သွန်နီဈေးကွက်ဖော်ဆောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**မန္တလေး ဧပြီ ၉**

ကြက်သွန်နီဈေးကွက်ဖော်ဆောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၄ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပရာမန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးညွန့်နှင့် စစ်ကိုင်းတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး အသင်းဥက္ကဋ္ဌများက ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် နွားထိုးကြီးမြို့နယ် လက်ဝဲမြင်းသည်ကျေးရွာ ကြက်သွန်နီ စိုက်တောင်သူ ဦးကျော်မိုးလင်းက တောင်သူများကိုယ်စား ရှင်းလင်းဆွေးနွေးခဲ့ပြီး အစီအစဉ် ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၄-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၁၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၃၃၀၀ |

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၇၂-၁၀၇၈ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၆၅၀၀-၁၆၈၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၀၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၀၅၀-၁၄၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၇၇၅-၁၈၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၉၀-၈၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၈၀၀ |
| သကြား | တစ်ပိဿာ | ၈၇၀-၉၀၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဧစ္ဆင့်တင်ပြသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၏ ဟုမ္မလင်းနှင့်ခန္တီးမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး မေ ၆ ရက်မှ ၇ ရက်ခရီးစဉ် မှတ်တမ်းဓာတ်ပုံ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခန္တီးပြည်သူ့ဆေးရုံ၌ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒေသခံတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က တိုင်းရင်းသားရိုးရာဝတ်စုံကို ဂါရဝပြုဝတ်ဆင်ပေးစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟုမ္မလင်းမြို့နယ် မြသရဖူရော်ဘာခြံမှ ရော်ဘာအစေးထုတ်ပစ္စည်းများနှင့် ရော်ဘာပြားများကို ကြည့်ရှုစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟုမ္မလင်း-ခန္တီးလမ်းရှိ ဒေါ်သိန်းကြွယ်လက်ဖက်ခြံရှိ လက်ဖက်အခြေခံထုတ်ကုန်ပစ္စည်းများ ကြည့်ရှုစစ်ဆေးစဉ်။(ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ ခန္တီးလေဆိပ်မှ ပြန်လည်ထွက်ခွာစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်သမ္မတဦးသိန်းစိန် ဒေသခံတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အကအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေပေးအပ်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ပြည်တွင်းသတင်း

# လူတိုင်းနားလည်လိုက်နာနိုင်မှုအင်္ဂါရပ်များနှင့်ပြည့်စုံသည့် မြေဥပဒေပေါ်ထွက်လာရေး ဆောင်ရွက်



**နေပြည်တော် ဧပြီ ၉**

အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြေအရင်းအမြစ် စီမံခန့်ခွဲရေးဆိုင်ရာ လက်ရှိဆောင်ရွက်နေသည့် စီမံခန့်ခွဲမှု၊ ကြီးကြပ်အုပ်ချုပ်မှုနှင့် စစ်ဆေးကြပ်မတ်မှုကို ပြုပြင်ပြောင်းလဲရန် လိုအပ်သင့်လျော်သော အစီအမံများကို ပဏာမရှေ့လုပ်ငန်းစဉ်သုံးရပ်နှင့် စတင်အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ဤပဏာမ ရှေ့လုပ်ငန်းစဉ်(၃)ရပ်အနက် ပထမလုပ်ငန်းစဉ်ဖြစ်သည့် “ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ်ဖြစ်တည်စေမည့် မြေအရင်းအမြစ်စီမံခန့်ခွဲမှုမူဝါဒဆိုင်ရာ အခြေခံမူများကို အများပါဝင်မှုဖြင့် ချမှတ်ခြင်း” ဆိုသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများအား ကွင်းဆင်းတွေ့ဆုံ အကြံဉာဏ်များ ရယူခဲ့ပြီး ဖြစ်ပါကြောင်း။

ဒုတိယ လုပ်ငန်းစဉ်ဖြစ်သည့် “အဖွဲ့အစည်းများကြား ဆက်စပ်ညှိနှိုင်း၍ မြေအရင်းအမြစ်စီမံမှုဆိုင်ရာ အနာဂတ်အခြေခံအုတ်မြစ်အတွက် ပြင်ဆင်ခြင်း”အဖြစ် ပြည်သူများ၏ အကြံပြုတင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း တာဝန်ရှိသူများ၊ ပညာရှင်များနှင့်ညှိနှိုင်းပြီး တရားမျှတမှု၊ အာဏာစက်ရှိမှု၊ လူတိုင်းနားလည် လိုက်နာနိုင်မှု အင်္ဂါရပ်များနှင့် ပြည့်စုံသည့် မြေဥပဒေ ပေါ်ထွက်လာရေး အချိန်ဇယားရေးဆွဲပြီး အလေးထားဆောင်ရွက်ကြရန် ဖြစ်ပါ ကြောင်း။

တတိယ လုပ်ငန်းစဉ်ဖြစ်သည့် “ပြည်သူကိုဗဟိုပြု ဖွံ့ဖြိုးမှုရလဒ်များ ဖော်ဆောင်ရေးကို ရှေးရှုသော စမ်းသပ်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ခြင်း”ကို မြေစာရင်းနှင့် သတင်းအချက်အလက်များကို တစ်နေရာတည်း စုစည်းထားရှိရန် ခေတ်မီနည်းပညာများ အသုံးပြုပြီး အများဘုံသုံးနိုင်မည့် (OneMap) မြေပုံထုတ်ခြင်း၊ မြေစာရင်းပြုစုခြင်း၊ အများပါဝင်သည့် မြေအသုံးချမှု စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်သုံးသပ်မှု အစီအမံများကို ဆောင်ရွက်ခြင်း၊ မှန်ကန်ကောင်းမွန်သော မြေဈေးကွက်တစ်ရပ် ပေါ်ထွန်းရေးအတွက် မြေတန်ဖိုး သတင်းအချက်အလက်များ စုဆောင်းခြင်း၊ မြေခွန်စနစ်ကောင်းမွန်တိုးတက်ရေး အစီအမံများ ချမှတ်ခြင်း၊ မြေဈေးကစားမှု အန္တရာယ်မှ ကာကွယ်ခြင်းများဖြင့် ဖော်ဆောင်ရန် ဖြစ်ပါကြောင်း၊

လယ်ယာမြေ ပြန်လည်နေရာချထားရန် လက်ရှိစမ်းသပ်ဆောင်ရွက်လျက်ရှိသည့် သစ်တောကြိုးဝိုင်းများအတွင်း လယ်မဲ့ယာမဲ့များ ပြန်လည်နေရာချထားရေး အစီအစဉ်ကို အခြေခံပြီး အငြင်းပွားသည့် လယ်မြေပိုင်ဆိုင်မှုပြဿနာများကို ဖြေရှင်းရန်အတွက်လည်းကောင်း၊ ပဋိပက္ခလွန်ကာလ နေရာချထားရေး လိုအပ်ချက်များ ဖြည့်ဆည်းရန်အတွက် လည်းကောင်း၊ နိုင်ငံတကာစံများနှင့် ကောင်းမွန်သော အတွေ့အကြုံများကို အခြေခံလျက် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုဖြင့် စမ်းသပ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ကော်မတီ၏ မြေဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက နိုင်ငံတော်ပိုင်မြေယာများအား လုပ်ကိုင်ခွင့်ပြုခြင်း၊ ငှားရမ်းခြင်း၊ မြေသိမ်း၊ မြေလွှဲ၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မြေအမျိုးအစားခွဲခြားမှုကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ကော်မတီ၏ ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဝန်ကြီးဌာန၏ လုပ်ဆောင်ရမည့် တာဝန်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာမြေ၊ မြေလွတ် မြေရိုင်း စီမံခန့်ခွဲမှုကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က ဆိပ်ကမ်းများနှင့် မြစ်ချောင်း ကမ်းရိုးတန်းဒေသများဆိုင်ရာ မြေအရင်းအမြစ် အသုံးချရေးကိစ္စများကို လည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က နှစ်အလိုက် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှု အခြေအနေများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြေနှင့်ပတ်သက်သည့်ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် မြေနှင့်ပတ်သက်သော လက်ရှိအခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံအချို့၏ မြေယာစီမံခန့်ခွဲခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က နိုင်ငံတစ်ဝန်းရှိ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုနှင့် မြေအရင်းအမြစ်အသုံးချမှုဆိုင်ရာများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး စီမံကိန်းမူဝါဒများ၊ လူဦးရေ တစ်သိန်းနှင့်အထက် မြို့ကြီးများနှင့် စီးပွားရေးနှင့် အုပ်ချုပ်ရေးအရ အရေးပါသည့် မြို့ကြီးများတွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲထားရှိမှုများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးနိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ အဖွဲ့ဝင်ဝန်ကြီးများက မြေယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင်၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဦးဇော်ဦးက ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် အဆင့်မြင့်နောက်ဆုံးပေါ် နည်းပညာ အကူအညီများ ရရှိရေးဆိုင်ရာများ၊ အရေးပါသည့် မြေအရင်းအမြစ် အသုံးချမှု စီမံခန့်ခွဲမှုဆိုင်ရာများ၊ မြေနှင့်ပတ်သက်သည့် ပြဿနာရပ်ဆိုင်ရာများကို နိုင်ငံတကာစံနှုန်းများ၊ အတွေ့အကြုံများနှင့်အညီ စိစစ်သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက တင်ပြဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

---

❐ *ရှေ့ဖုံးမှ*

က ခေတ်မီသောင်တူးသင်္ဘောကြီးနဲ့ ပြီးခဲ့တဲ့ မတ် ၃၀ ရက်ကစပြီး ဧပြီ ၁၁ ရက်အထိ သောင်တူးခြင်းလုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်” ဟု ပြည်တွင်းပို့ဆောင်ရေးလုပ်ငန်းမှ ရေကြောင်းမှူးချုပ် ဦးအောင်ကျော်ထူးကပြောသည်။

ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ပုဇွန်တောင်ချောင်းတို့ဆုံရာ သုံးပွင့်ဆိုင်နေရာမှ ရန်ကုန်ဆိပ်ကမ်းဘက်သို့ အရှည် ၁ ဒသမ ၂ မိုင်ကို ရေစူးအနက်လက်ရှိထက် တစ်မီတာအနက် ပိုမိုရရှိစေရန် စင်ကာပူနိုင်ငံမှ ANTIGOON အမည်ရှိ သောင်တူးရေယာဉ်ကြီးဖြင့် သောင်တူးမှုလုပ်ငန်းများကို နေ့စဉ်တစ် နေ့ ၁၀ နာရီခန့် လုပ်ကိုင်နေခြင်းဖြစ်သည်။

ရန်ကုန်မြစ်ဝမှ ရန်ကုန်ဆိပ်ကမ်းအထိ ရေစူးအနက်မှာလက်ရှိအချိန်တွင် ၃ ဒသမ ၅ မီတာ(၁၁ ဒသမ ၅) ပေအနက် ရှိနေရာမှ နောက်ထပ်တစ်မီတာအနက် ထပ်မံရရှိစေရန် သောင်တူးနေခြင်းဖြစ်သည်။ ယခင်ကတစ်လလျှင် သုံးရက်မှ ငါးရက်အထိသာ ကုန်တင်သင်္ဘောကြီးများ ဝင်ထွက်နိုင်ရာ ယခုသောင်တူးပြီးပါက ကုန်တင်သင်္ဘောကြီးများတစ်လလျှင် ၁၀ ရက်ခန့်အထိ ဝင်ရောက်နိုင်မည်ဖြစ်သည်။ ကုန်တင်သင်္ဘောကြီးများမှာ ရေထရက်နှင့်ရေသေရက်များတွက်ချက်ပြီး ရေစူး ကိုးမီတာရှိသည့်သင်္ဘောကြီးများ ဝင်ထွက်ခြင်းဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းသည် ပင်လယ်ဆိပ်ကမ်းမဟုတ်သည့်အတွက် ကုန်တင်သင်္ဘောကြီးများသည် သီလဝါဆိပ်ကမ်းတွင် ကုန်ပစ္စည်းနှင့်ကွန်တိန်နာအချို့ချထားခဲ့ပြီးမှ ရန်ကုန်ဆိပ်ကမ်းသို့ ရေထရက်နှင့်ရေသေရက်တို့ တွက်ချက်ကာ ဝင်ထွက်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် အချိန်ကြန့်ကြာခြင်းနှင့် ကုန်ကျစရိတ်များပြားခြင်းတို့ ပိုမိုဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ ကုန်တင်သင်္ဘောကြီးများဝင်ထွက်ရာတွင် ရန်ကုန်မြစ်ဝသည် ပဲခူးမြစ်၊ ပုဇွန်တောင်ချောင်းနှင့်ရန်ကုန်မြစ်တို့ဆုံရာ ဖြစ်သောကြောင့် နုန်းကျမှုပိုမိုများပြားနေသဖြင့် ရေစူးသတ်မှတ်ချက်ရှိနေရာ အချိန်ပြည့် ဝင်ရောက်ထွက်ခွာနိုင်ခြင်းမရှိ ဖြစ်နေခြင်းဖြစ်သည်။

ယခုစင်ကာပူနိုင်ငံမှသောင်တူးသင်္ဘောသည် တစ်နေ့လျှင် နုန်း ၆၀၀၀ ကုဗမီတာ တူးနိုင်သည့် စွမ်းရည်ရှိရာ တစ်နေ့လျှင် ၁၀ နာရီခန့် အချိန်ကြာအောင် သောင်တူးလုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့ သောင်တူးနိုင်ခြင်းကြောင့် ရေစူးများသော ကုန်တင်သင်္ဘောကြီးများ ပိုမိုဝင်ထွက်သွားလာနိုင်မည်ဖြစ်သည်။ တစ်လလျှင် ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများ အစင်းရေ သုံးပုံတစ်ပုံကျော် ပိုမိုဝင်ထွက်နိုင်မည်ဖြစ်သည်။

ရန်ကုန်မြစ်သည် မြစ်များ၏ သဘာဝအရ ရေတိမ်နေရာများရှိသလို ကျဉ်းမြောင်းသည့်နေရာများလည်းရှိနေသည်။ နုန်းပို့ချမှုများကို ယခင်က ပြည်တွင်းမှ နိုင်ငံပိုင်သောင်တူးသင်္ဘောစက်များဖြင့် ဆောင်ရွက်နေသော်လည်း ရေစူးမတိမ်ကောရန် မြစ်ကြောင်းထိန်းသိမ်းသည့် လုပ်ငန်းများအနေဖြင့် လုပ်ကိုင်နေခြင်းဖြစ်သည်။

ရန်ကုန်မြစ်သောင်တူးခြင်းလုပ်ငန်းကို နိုင်ငံခြားမှသောင်တူးသင်္ဘောဖြင့် ယခုဆောင်ရွက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ **(မြန်မာ့အလင်း)**

---

## မြိတ်မြို့၌ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မြိတ် ဧပြီ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်မှ ၁၃၇၇ ခုနှစ်သို့ကူးပြောင်းသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို မြိတ်ခရိုင် အုပ်ချုပ်ရေးမှူးရုံးမှကြီးမှူး၍ မြိတ်မြို့တွင်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုမဏ္ဍပ်ကို ကန်ဖျားလမ်းမကြီးစည်ပင်ရုံးရှေ့တွင် စတင်တည်ဆောက်လျက်ရှိပြီး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်(ရှမ်းချောင်း)ရပ်ကွက်၊ မြိတ်အများပိုင်ကုမ္ပဏီမဏ္ဍပ်(ကမ်းနားလမ်း၊ သဲကွင်း) သုံးခု၌သာ သင်္ကြန်ယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်းနှင့် ရေကစားမဏ္ဍပ်များကို သတ်မှတ်နေရာအသီးသီးတွင် တည်ဆောက်လျက်ရှိသည်။

မြင့်ဦး(မြိတ်)

# ပူးတွဲတာဝန်ပေးခြင်းအား ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၂/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

## ပူးတွဲတာဝန်ပေးခြင်းအား ပယ်ဖျက်ခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ အမိန့်အမှတ် (၇/၂၀၁၄) ဖြင့် မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းအား မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးခြင်းအား ပယ်ဖျက်လိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၃/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

## မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးလှထွန်းအား မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက် မီးအာမခံလျော်ကြေးပေးအပ်

**ပုသိမ် ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်အောင်သစ္စာဦးကုမ္ပဏီလီမိတက်က ဇန်နဝါရီ ၇ ရက်က အောင်ရတနာဆန်စက် မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေးပေးအပ်ပွဲကို ဧပြီ ၃ ရက်တွင် ပုသိမ်ဟိုတယ်၌ကျင်းပသည်။

အခမ်းအနားသို့ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆန်စက်ပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိက အာမခံလုပ်ငန်းနှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ ဘဏ်လုပ်ငန်းရှင်များ၊ အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်သစ္စာဦးကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဒေါ်မာလာညွန့်က အာမခံလျော်ကြေးနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည်များနှင့်အာမခံအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုသိမ်မြို့ အောင်ရတနာဆန်စက် မီးလောင်ဆုံးရှုံးမှုအတွက် အာမခံငွေ ၂၉၀၀၇၃၇၈ ဒသမ ၆၆ ကျပ်ကို ပေးအပ်ရာ အောင်ရတနာဆန်စက်ပိုင်ရှင် ဒေါ်တင်တင်ခိုင်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အောင်သစ္စာဦးကုမ္ပဏီ လီမိတက်ကို ၂၀၁၃ခုနှစ် မေလတွင် စတင်တည်ထောင်လုပ်ကိုင်ခွင့် ရရှိခဲ့ပြီး အထွေထွေအာမခံလုပ်ငန်း ၁၂ ခု အနက် တစ်ခုအပါအဝင်ဖြစ်သည်။ အောင်သစ္စာဦးကုမ္ပဏီ လီမိတက်သည် အသက်အာမခံနှင့် အထွေထွေအာမခံနှစ်မျိုးကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အထွေထွေအာမခံလုပ်ငန်းတွင် မီးအာမခံနှင့် မော်တော်ယာဉ်အလုံးစုံအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံ၊ ငွေသားလုံခြုံမှုအာမခံတို့ဖြစ်သည်။ မီးအာမခံလုပ်ငန်းတွင် မတော်တဆမီး၊ ကူးစက်မီး၊ ပေါ့ဆမီး၊ အိမ်သုံးဓာတ်ငွေ့ကြောင့်လောင်သောမီး၊ မိုးကြိုးအန္တရာယ်ကြောင့် ပျက်စီးမှုတို့ပါဝင်သည်။

အောင်သစ္စာဦးကုမ္ပဏီလီမိတက်အနေဖြင့် ပုသိမ်မြို့တွင်ပထမဆုံးအကြိမ် မီးအာမခံလျော်ကြေးပေးအပ်ခြင်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မီးအာမခံလျော်ကြေး (၂)ကြိမ်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မီးအာမခံလျော်ကြေး(၈)ကြိမ်တို့ကို ပေးလျော်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု နဝမမြောက်နေ့ လူတွေ့စစ်ဆေး

**ရန်ကုန် ဧပြီ ၉**

နိုင်ငံတော်သမ္မတ၏ ပညာသင်ဆု ဒုတိယနှင့်တတိယအသုတ် ရွေးချယ်ခံရသူများလူတွေ့စစ်ဆေးခြင်းကို နဝမမြောက်နေ့(နောက်ဆုံးနေ့) အဖြစ် ယနေ့ဆက်လက် ကျင်းပရာ ရန်ကုန်မြို့အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ အင်ဂျင်နီယာပညာရပ် ကျောင်းသား ကျောင်းသူ ၃၇ ဦး ဖြေဆိုခဲ့ကြသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုလူတွေ့စစ်ဆေးခြင်းတွင် ဧပြီ ၁ ရက်မှစ၍ ယနေ့အထိ သက်ဆိုင်ရာ ပညာရပ်ကျောင်းသား ကျောင်းသူ ၇၃၃ ဦး ဖြေဆိုကြောင်းနှင့် လူတွေ့စစ်ဆေးအောင်မြင်သူများကို ပညာသင်ဆုရွေးချယ်ရေး ကော်မတီက ဆန်ခါတင်ထပ်မံရွေးချယ်၍ နိုင်ငံတကာတက္ကသိုလ်များသို့ လျှောက်ထားနိုင်ရေးဘာသာရပ်အလိုက် ထူးချွန်သူများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ပညာရေး**

# ပုဇွန်တောင် ၅၄ လမ်း (လမ်းတို)အတွင်း ရှစ်ထပ်တိုက်၌မီးလောင်

**ရန်ကုန် ဧပြီ ၉**

ပုဇွန်တောင်မြို့နယ် အမှတ်(၂) ရပ်ကွက် ၅၄ လမ်း(လမ်းတို)တိုက်အမှတ်(၆) ရှစ်လွှာဘယ်ဘက်အခြမ်း အပေါ်ဆုံးအထပ်တွင် ဧပြီ ၉ ရက် ညနေ ၃ နာရီခွဲခန့်က မီးလောင်မှုဖြစ်ခဲ့သည်။

တိုက်ခန်းအတွင်း မီးလောင်နေခြင်းကို မီးခိုးလိပ်များ၊ မီးတောက်များထွက်လာမှ သိရခြင်းဖြစ်သည်။ လမ်းအတွင်း တိုက်ခန်းချင်း ကပ်နေသူ အမျိုးသားတစ်ဦးက "နေ့ဘက်ဆိုလူမရှိတာများတယ်။ ဒါကြောင့် မီးစလောင်လောင်ချင်း မသိတာဖြစ်မယ်"ဟုဆိုသည်။

မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးက "မီးလောင်မှုသတင်းကို ဌာနက ၃ နာရီ ၃၅ မိနစ် လောက်မှာရတယ်။ ရရချင်းပဲအကြောင်းကြားမှုတွေနဲ့ အတူထွက်ခဲ့ကြတယ်။ ဒီရောက်တော့ တိုက်အပေါ်ဆုံးအထပ်မှာ မီးတောက်တွေများပြီး တိုက်အပြင်ကို လျှံထွက်နေပြီ"ဟု ဆိုခဲ့သည်။

မီးလောင်မှုကို မီးငြိမ်းသတ်ရေးယာဉ်များက ရေပိုက်များဖြင့် အပြိုင်ထိုးသတ် ငြိမ်းပေးကြသကဲ့သို့ တိုက်၏ညာဘက်အခန်းဝရန်တာ သံပန်းများကို ကျော်တက်၍ စွန့်စွန့်စားစား ငြိမ်းသတ်ခဲ့ကြသည့်အပြင် တစ်ဖက်တိုက်အပေါ်မှ ရေပိုက်များဖြင့် ငြိမ်းသတ်ခဲ့ကြသည်ကိုလည်းတွေ့ရသည်။ လောင်အားအလွန်ကောင်းခဲ့သော မီးကို ၄ နာရီတိတိတွင်ထိန်းနိုင်ခဲ့ပြီး ၄ နာရီ ၅ မိနစ်ခန့်တွင် စိတ်ချရသည်အထိ ငြိမ်းပေးနိုင်ခဲ့သည်။

မီးလောင်ရခြင်းအကြောင်းကို မီးသတ်အရာရှိတစ်ဦးက "အိပ်ခန်းအတွင်း ပလပ်ခုံလျှပ်စစ်အပူလွန်ကဲရာက မီးများထွက်ပြီး အောက်မှာရှိတဲ့ဗီရိုအပေါ်ကျပြီး မီးကူးစက်လောင်ရတာပါ" ဟု ဆိုခဲ့သည်။

မီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်မီးငြိမ်းသတ်ရေးယာဉ် ၂၅ စီးနှင့်အတူ သန္ဓေမီးသတ်အင်အား ၁၉၀ ကျော်၊ အရန်မီးသတ်အင်အား ၆၀ ကျော်တို့က ဝိုင်းဝန်းငြိမ်းသတ်ပေးခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် အိမ်ရှင်၏သားဖြစ်သူ ဟိန်းထက်စံ(၂၆နှစ်)အား ပုဇွန်တောင် မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**




## အသိပေးဖိတ်ကြားလွှာ

၁။ စစ်တက္ကသိုလ်အမှတ်စဉ်(၃၈) ဗိုလ်လောင်းသင်တန်းမှ သူငယ်ချင်းမိသားစုများအားလုံးအတွက် စုပေါင်းပြီး 38 Great Co.,Ltd. အမည်ဖြင့် ကုမ္ပဏီတစ်ခုအား ယနေ့မှစတင်တည်ထောင်လိုက်ပြီ ဖြစ်ပါသည်။

၂။ အဆိုပါကုမ္ပဏီသည် မိမိတို့အပတ်စဉ်တွင် ရေစက်ဆုံခဲ့ကြသည့် သူငယ်ချင်းများနှင့် မိသားစုအပေါင်း သက်သာချောင်ချိရေးအတွက် ရည်ရွယ်ထူထောင်ထားခြင်းဖြစ်ပြီး မိမိတို့အပတ်စဉ် သာရေးနာရေးစောင့်ရှောက်မှုကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

၃။ နှစ်စဉ်ကျင်းပမြဲအတိုင်း (၁၈)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အခမ်းအနား အလှူတော်မင်္ဂလာကို ဧပြီ ၁၁ ရက် နံနက် ၉း၀၀ နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာသံဃာ့နာယကကျောင်းဆောင်၌ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းနှင့် အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချ အမျှဝေမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ သူငယ်ချင်းများနှင့် မိသားစုဝင်အပေါင်းအား တက်ရောက်ချီးမြှင့်နိုင်ပါရန် ဖိတ်ကြားသိစေအပ်ပါသည် သူငယ်ချင်းများ။ **အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုန်း-၀၉-၅၅၅၄၄၄၉၊ ၀၉-၄၀၂၅၄၇၇၉၉**

ဆောင်းပါး

# မြင်တတ်အောင်ကြည့်ပါ

ခင်ချင်းတွင်း(စီမံ/စီးပွား)

ဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံများ၌ ဖြစ်လေ့ဖြစ်ထရှိသည့် နိုင်ငံရေးပုံရိပ်တစ်ခုအတိုင်း မီဒီယာအမျိုးမျိုးတွင် တစ်မျိုးပါဝင်သည့် ဂျာနယ်စာပေတို့၏ တင်ပြချက်များသည် လက်ရှိ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများအပေါ်လည်း အမြင်အမျိုးမျိုးဖြင့် ရေးသားတင်ပြခြင်းများကို ဖတ်ရှုနေရပါသည်။ ရင့်ကျက်ရန် အချိန်လိုအပ်လျက်ရှိနေသေးသည့်၊ အသွင်ကူးပြောင်းဆဲ ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် ထိုအရာများကို ခံနိုင်ရည်ရှိရမည်ဖြစ်ပါသည်။ မိမိဇောင်းပေးဖော်ပြလိုသည့် ကွက်ကွက်ကလေးသာ ဖော်ပြခြင်းမျိုးမဟုတ်ဘဲ စာဖတ်ပြည်သူတို့၏ အသိဉာဏ်ရင့်ကျက်မှုကို ပိုမိုရှင်သန်ကြီးထွားစေနိုင်မည့်၊ စဉ်းစားဆင်ခြင်၊ ဝေဖန်ပိုင်းခြားမှုနှင့် အသိအမြင်များကို မြှင့်တင်ဖော်ထုတ်ပေးနိုင်သည့် စာပေများဖြစ်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒနှင့် လုပ်ငန်းစဉ်များအား မည်သို့ဆောင်ရွက်နေသည်ကို ကောင်းစွာနားလည် မသိရှိသေးသည့် ပြည်တွင်း/ပြည်ပမှ ပုဂ္ဂိုလ်များစွာ ရှိနေပါသေးသည်။ မကြာမီက Weekly Eleven တွင် ဖော်ပြခဲ့သည့် "မြန်မာ့စီးပွားရေး ပြိုလဲသွားနိုင်သလား" ဟူသည့် ဆောင်းပါးအား ဖတ်ရှုပြီး စာရေးသူအနေဖြင့် စိတ်မကောင်းဖြစ်မိပါသည်။ ဆက်လက်ဆောင်ရွက်ရန်များ ရှိနေသေးသော်လည်း စီးပွားရေး အဆောက်အအုံ ခိုင်မာစေရန်အတွက် အခြေခံကျသည့် ပြုပြင်ပြောင်းလဲမှုများဖြင့် လုပ်ဆောင်နေခြင်းကြောင့် "မြန်မာ့စီးပွားရေး ပြိုလဲသွားနိုင်သလား" ဟု မေးလာပါလျှင် "မပြိုလဲနိုင်ပါ" ဟု ဖြေလိုပါသည်။ နိုင်ငံတစ်ခု၏အခြေအနေ (Situational Analysis) ကို လေ့လာသုံးသပ်ပါက စိုးရိမ်ဖွယ် စိန်ခေါ်မှုများကိုသာ တင်ပြသုံးသပ်ခြင်းထက် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများ စသည့်ရှုထောင့်ပေါင်းစုံမှ လေ့လာတင်ပြနိုင်မှသာ ပိုမိုပြည့်စုံနိုင်မည် ဖြစ်ပါသည်။

**ကမ္ဘာမှပြောသော မြန်မာ့အကြောင်း(World' s Opinion on Myanmar)**

ယခုအခါ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် အလားအလာများအပေါ် စိတ်ပါဝင်စားသည့် ကမ္ဘာ့အသိအမှတ်ပြု သုတေသနနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံဆိုင်ရာစာတမ်းများ ထုတ်ဝေလျက်ရှိပါသည်။ Korea Development Institute (KDI) နှင့် ကိုရီးယားနိုင်ငံမှ Ministry of Strategy and Finance တို့ ပူးပေါင်းပြီး ၂၀၁၂ ခုနှစ်တွင် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အဓိကဆောင်ရွက်ရန်များ " Priority Assignments for Economic Development of Mynamar"ဟူ၍လည်းကောင်း၊ ကိုရီးယားနိုင်ငံ၏ Knowledge Sharing Program အရ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု မဟာဗျူဟာ "Myanmar Development Strategy" ဟူ၍ မြန်မာ့စီးပွားရေး အလားအလာများကို လေ့လာရေးသားထုတ်ဝေခဲ့ပါသည်။ The Economist မှ ထုတ်ဝေသည့် Pocket World in Figures (2014 Edition) တွင် မြန်မာနိုင်ငံသည် တိုးတက်မှုနှုန်းမြန်သည့် နိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိပါသည်။ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့ (ERIA)နှင့် ပူးပေါင်း၍ မြန်မာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက် (Myanmar Comprehensive Developemnt Vision-MCDV) ရေးဆွဲမှုမှာလည်း ပီပြင်စွာ ရေးဆွဲခဲ့ပြီးပါသည်။

Nathan Associates Inc. မှ Lex. Rieffel and James W Fox ကလည်း မြန်မာနိုင်ငံသို့ စီးဝင်လာသည့် အကူအညီအထောက်အပံ့များနှင့် စပ်လျဉ်း၍ " Too Much, Too Soon The Dilemma of Foreign Aid" ဟူ၍ လည်းကောင်း၊ OECD အဖွဲ့မှ မြန်မာနိုင်ငံအား ရှုထောင့်စုံမှ ကြည့်မြင်ခြင်း "Multidimensional Review on Mynamar" ဟူ၍လည်းကောင်း၊ Mckinsey Global Institute (MGI) က မြန်မာနိုင်ငံအတွက် အချိန်အခါကောင်း တစ်မူထူးခြားသော အခွင့်အရေးများနှင့် အဓိကစိန်ခေါ်မှုများ "Myanmar's moment: Unique opportunities, Major challenges" ဟူ၍လည်းကောင်း၊ အာရှဖွံ့ဖြိုးမှုဘဏ် (ADB) က အလားအလာများအား တံခါးဖွင့်လှစ်ခြင်း "Unlocking Potential" နှင့် မြန်မာနိုင်ငံ၏ ပြင်ဆင်ရန် ကုထုံးဆိုင်ရာ လေ့လာမှု "Diagnostic Studies of Myanmar" ဟူ၍ ထွက်ပေါ်လာသည့် ထုတ်ဝေမှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် အခြေအနေများကို သေချာစွာလေ့လာသုံးသပ်၍ တင်ပြအကြံပြုချက်များမှာလည်း ပြုပြင်ပြောင်းလဲမှုများအပေါ် နိုင်ငံရေးလိုလားစိတ်အပြည့်ဖြင့် ဆောင်ရွက်လိုသည့် နိုင်ငံအတွက်များစွာ အကျိုးရှိနေပါသည်။

မေခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများအား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှလည်း IMF Country Report: Myanmar No 13/250၊ "Interim Country Partnership Strategy: Myanmar" နှင့် IMF- Staff Monitoring Programme ( Jan 2, 2013)နှင့် ( March, 2014)တို့ကို ထုတ်ဝေခဲ့ရာ မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးအခြေအနေ၊ အလားအလာနှင့် ထင်ဟပ်သည့် လေ့လာမှုများကို သုံးသပ်ဝေဖန်ထားခြင်းကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခဲ့ပြီးသည့်အပိုင်း၊ ဆောင်ရွက်ရန်ရှိသည့်အပိုင်းတို့ကို သိမြင်နိုင်မည်ဖြစ်ပါသည်။

မီဒီယာနှင့် စာပေတို့၏ တင်ပြချက်များသည် ရှုထောင့်စုံ၊ အမြင်ပေါင်းစုံဖြင့် တင်ပြလျက်ရှိပါသဖြင့် နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများကို လေးနှစ်ကျော်ကာလအတွင်း နိုင်ငံတော်အစိုးရနှင့်တကွ ဖွံ့ဖြိုးမှုအတွက် အရေးပါသည့် ပါဝင်ဆောင်ရွက်သူ (Stakeholder) များ အားလုံး၏ ပါဝင်လှုပ်ရှားဆောင်ရွက်မှုများနှင့် ဖြစ်ပေါ်တိုးတက်မှုများကို ခံစားသိရှိနိုင်ရန် မျှဝေဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒ ဘာလဲ။ ဘယ်လဲ။**

မြန်မာနိုင်ငံ၏ ပြည်သူလူထုတစ်ရပ်လုံး သာယာဝပြောမှုကို ရှေးရှုလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဦးတည်ချက်များ အောင်မြင်စေရန်အတွက် ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်အစိုးရအနေဖြင့် အရေးပါသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ (Significant reforms)ကို ဆောင်ရွက်ခဲ့သည်မှာ လေးနှစ်ကျော်လာခဲ့ပြီ ဖြစ်ပါသည်။ မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းကို ပွင့်လင်း၍ နိုင်ငံရေးရင့်ကျက်မှုရှိသည့်၊ အပြန်အလှန် လေးစားတတ်သည့် အားလုံးပါဝင်နိုင်သည့် ခေတ်မီလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရောက်ရှိအောင် ဦးတည်၍ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းအဆင့်ဆင့်ကို ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှု "People-centered Development" မူဝါဒဖြင့် အရေးပါသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ပြုပြင်ပြောင်းလဲရမည့် တာဝန်များကို ပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံများက မြန်မာကို အသိအမှတ်ပြု လေးစားဆက်ဆံလာကြပြီး ကမ္ဘာ့မျက်နှာစာတွင် မြန်မာတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်လာနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒ ဘာလဲလို့ မေးလာခဲ့လျှင် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု " People -Centered Development " မူဝါဒဟု ဖြေရမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု မူဝါဒဘယ်လဲလို့ မေးလာခဲ့လျှင် နိုင်ငံတော်အစိုးရအနေနှင့် အေးချမ်းသာယာပြီး ပြည်သူလူထုတစ်ရပ်လုံး၏ လိုအင်ဆန္ဒများ ရရှိခံစားနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသို့ ဦးတည်လျှောက်လှမ်းလျက်ရှိပါသည်။ ပြုပြင်ပြောင်းလဲမှုနယ်ပယ်များကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက နိုင်ငံရေး၊ လူမှု-စီးပွားရေးနှင့် အုပ်ချုပ်ရေး၊ ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေးဟူ၍ တွေ့မြင်နိုင်ပါသည်။

**မြန်မာ့ပြုပြင်ပြောင်းလဲမှုများ**

**နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ**

နိုင်ငံတော်အစိုးရ၏ ပထမပြုပြင်ပြောင်းလဲရေး မဟာဗျူဟာမှာ နိုင်ငံရေးစနစ် ပြောင်းလဲခြင်းနှင့် တိုင်းရင်းသားလူမျိုးစုများအကြား အပြန်အလှန်နားလည်မှုနှင့် ထာဝရငြိမ်းချမ်းရေး အကျိုးရလဒ်များကို ဖြစ်ပေါ်စေသော နိုင်ငံရေးတည်ငြိမ်မှုနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နေပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများအကြား ငြိမ်းချမ်းရေးနှင့် အပြန်အလှန်နားလည်မှုများ အပြည့်အဝရရှိအောင် သက်ဆိုင်သူ ပါဝင်ဆောင်ရွက်သူ (Stakeholder)များအားလုံးက အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အချိန်သည် ကာလကြာရှည်စွာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရပ်စဲပြီး နိုင်ငံရေးအရ ဖြေရှင်းနိုင်မည့် အရေးအကြီးဆုံးမှတ်တိုင်ဖြစ်သည့် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် စာချုပ်ပါအချက်အလက်များကို သဘောတူညီမှုရရှိပြီး ပဏာမအဆင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။

ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး

**ယနေ့အချိန်သည် ကာလကြာရှည်စွာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရပ်စဲပြီး နိုင်ငံရေးအရ ဖြေရှင်းနိုင်မည့် အရေးအကြီးဆုံးမှတ်တိုင်ဖြစ်သည့် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ဖို့အတွက် စာချုပ်ပါ အချက်အလက်များအား သဘောတူညီမှုရရှိပြီး ပဏာမအဆင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်**

အုပ်စုများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လည်း အရေးပါပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုကို အကျိုးရှိထိရောက်စေရန် ရန်ကုန်မြို့၌ မြန်မာငြိမ်းချမ်းရေးဗဟိုဌာနကို ဖွင့်လှစ်ခဲ့ပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုများကို အထူးပြုဆောင်ရွက်လျက်ရှိပါသည်။

**စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများ**

ဒုတိယအနေနှင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုဖြစ်ပြီး ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်း၊ ပြည်ပစီးပွားရေးကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်း၍ လူမှု-စီးပွား ပြုပြင်ပြောင်းလဲမှုမူဘောင် (Framework on Economic and Social Reform- FESR ) (၂၀၁၂-၂၀၁၅)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ မူဘောင်သည် ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ဖွံ့ဖြိုးမှုများနှင့် မြန်ဆန်သည့်အောင်မြင်မှု (Quick Wins) ရရှိစေမည့် မူဝါဒများဖြင့် ကျန်းမာရေးနှင့် ပညာရေး၊ စားနပ်ရိက္ခာဖူလုံမှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရစနစ်နှင့် ပွင့်လင်းမြင်သာမှုရှိရေး၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်စနစ် တိုးတက်ဖြစ်ပေါ်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် ထိရောက်၊ ထက်မြက်၍ စွမ်းဆောင်ရည်ပြည့်ဝသည့် အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့်မူဘောင် (၁၀)ရပ်အဖြစ် သတ်မှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အဆိုပါမူဘောင်အရ ၂၀ ရာစုအတွက် မြန်မာနိုင်ငံ၏ မျှော်မှန်းချက်သည် ပြည်သူများ ပိုမိုကောင်းမွန်သောဘဝ ရရှိပိုင်ဆိုင်စေရေးအတွက် ပြည်သူများ၏ ဆန္ဒပြည့်ဝပြီး ၂၀၂၀ ခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုပေါင်းစည်းမှုရရှိစေမည့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံဖြစ်လာစေရန် ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးမူဝါဒ (၄)ရပ် ချမှတ်ပြီး-**

(က) စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(ဂ) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်စေရေး၊

(ဃ) စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး ဟူသည့် စီးပွားရေး မူဝါဒများကို ချမှတ်ခဲ့ပါသည်။ နှစ်စဉ်စီမံကိန်း၊ အမျိုးသားစီမံကိန်း၊ ဘဏ္ဍာရေးစီမံကိန်း၊ ဒေသန္တရစီမံကိန်း၊ ကဏ္ဍစီမံကိန်း၊ ငါးနှစ်စီမံကိန်းနှင့် နှစ်(၂၀) ဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးသည် လက်ရှိပထမငါးနှစ် စီမံကိန်း၏ ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အရေးကြီးသည့် မူဝါဒတစ်ရပ်အဖြစ် သတ်မှတ်ထားပြီး တစ်ချိန်တည်းမှာပင် တိုင်းဒေသကြီးနှင့်ပြည်နယ်များကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေပါသည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသ၌ နေထိုင်ကြသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မဟာဗျူဟာအဖြစ် သတ်မှတ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် လုပ်ငန်းစဉ်များအားလည်း နှစ်(၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း (National Comprehensive Development Plan-NCDP) ကို မရေးဆွဲမီ မူဘောင်အနေဖြင့် ဂျပန်နိုင်ငံ JAIF နှင့် အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့ (ERIA)တို့၏ နည်းပညာအကူအညီဖြင့် မြန်မာဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက် (Myanmar Comprehensive Development Vision-MCDV) ကို အောင်မြင်စွာရေးဆွဲခဲ့ပါသည်။ အဆိုပါ မူဘောင်အပေါ် အခြေခံကာ နှစ်(၂၀)အမျိုးသား ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း (National Comprehensive Development Plan-NCDP)ကိုလည်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းရေးဆွဲလျက်ရှိပါသည်။ ထိုသို့ရေးဆွဲရာတွင် ပြည်သူများ၏ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများအား ဖြည့်ဆည်းနိုင်ရေးကို ရှေးရှု၍ စီမံကိန်းရေးဆွဲရန် သက်ဆိုင်သည့် နယ်ပယ်အသီးသီးတွင် ပါဝင်ဆောင်ရွက်သူအားလုံး၏ သုံးသပ်ချက်များ၊ အကြံပြုချက်များနှင့် Oxford, OECD, ADB, World Bank, UN System စသည့် ပြည်ပမှ သုတေသနနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ထုတ်ဝေမှုများ၊ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ဝေဖန် အကြံပြုချက်များအား လက်ခံကြိုဆိုဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံ၏ ကာလလတ်နှင့် ကာလရှည် ရည်မှန်းချက်များအဖြစ် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ပန်းတိုင်နှင့် ရည်မှန်းချက်များနှင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ AEC 2015 Schedule အရ အာဆီယံနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အပြည့်အဝအကောင်အထည်ဖော်ရေး၊ ၂၀၁၅ ခုနှစ်အမီ ထောင်စုနှစ် ဖွံ့ဖြိုးမှု ရည်မှန်းချက်များ(MDGs) နှင့် ၂၀၁၅ ခုနှစ်အလွန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs)၊ အခြားသော လူသားစွမ်းရည်ဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီရေးနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး (LDC)မှ လွတ်မြောက်ရေးအတွက် လူမှု-စီးပွားဖွံ့ဖြိုးမှုစီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရေး၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်၍ အသိပညာအခြေခံသော စီးပွားရေးစနစ်တစ်ခု ဖြစ်ပေါ်ရေးတို့ကို အမျိုးသားစီမံကိန်းများတွင် လိုက်ဖက်ညီစွာ ထည့်သွင်းရေးဆွဲရန်ဖြစ်ပါသည်။

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုများ**

ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အဖြစ် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး ကောင်းမွန်သောအုပ်ချုပ်မှု (Good Governance) နှင့် သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မီဒီယာပွင့်လင်းမှုနှင့် လွတ်လပ်ခွင့်များကို ဖန်တီးပေးနိုင်ခဲ့သည်။ အများစု ပါဝင်ဆွေးနွေးသည့် စနစ်များကို ဖော်ဆောင်ခဲ့ပြီး လူမှုအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်အဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သည့် အလေ့အကျင့်များ ပျိုးထောင်ပေးခြင်း စသည်ဖြင့် အများပူးပေါင်းပါဝင်သည့် ဖွံ့ဖြိုးမှု (Participatory Development)ကို ဖြစ်ပေါ်စေရန်နှင့် ဒေသဆိုင်ရာအုပ်ချုပ်မှုစနစ်များ အားကောင်းစေရေး (Strengthening Local Governance) နှင့် ဗဟိုထိန်းချုပ်မှုလျှော့ချရေး (Decentralization)တို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ထိုသို့ ပြုပြင်ပြောင်းလဲရာတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်အားလုံးတွင် ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံနိုင်မှုနှင့် အားလုံးအကျုံးဝင်မှုတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အမြဲတမ်းအတွင်းဝန်များ ခန့်အပ်တာဝန်ပေးခြင်းသည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်သည့် လုပ်ငန်းစဉ်ဖြစ်

နေပြည်တော် ဧပြီ ၉

ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့တွင် အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်ရာထူးများ ခန့်ထားခြင်းနှင့် လစဉ်ချီးမြှင့်ငွေပေးအပ်ခြင်းဆိုင်ရာ အဆိုနှင့် လွှတ်တော်အိမ်ရာဆောက်လုပ်နိုင်ရေးဆိုင်ရာအဆိုတို့ကို တင်သွင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **“အုပ်ချုပ်ရေးပုံစံသစ်အဖြစ် ကူးပြောင်းဆောင်ရွက်ရာ၌ အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ရာထူးများ တီထွင်ခန့်ထားခြင်းကို တည်ဆဲဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက ဆက်လက်ဆောင်ရွက်ခြင်း မပြုရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း”** အဆိုနှင့် **“အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်ရာထူးများအတွက် ကျပ်နှစ်သိန်း လစဉ်ချီးမြှင့်ငွေ ပေးအပ်ခြင်းကိစ္စသည် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက ချီးမြှင့်ငွေပေးအပ်ခြင်းမပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမြဲတမ်းအတွင်းဝန် ခန့်ထားရေးကိစ္စသည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုတွင် ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရ၊ ပွင့်လင်းမြင်သာသောအစိုးရ၊ တာဝန်ခံသောအစိုးရဆိုသည့် အချက်လေးချက်ပြည့်စုံသည့် အစိုးရတစ်ခုဖြစ်လာရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်ပါကြောင်း၊ အမြဲတမ်းအတွင်းဝန်များ ခန့်အပ်တာဝန်ပေးခြင်းသည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်သည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင်း နိုင်ငံတော်ကဆောင်ရွက်မည့် ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲအလွန်ကာလအသွင်ကူးပြောင်းရေးလုပ်ငန်းများကိုလည်း အချိတ်အဆက်မိမိ ဆောင်ရွက်သွားနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါကြောင်း။

ယခုလုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအားလုံးနှင့် အကြိမ်ကြိမ်ညှိနှိုင်းသဘောတူချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ တင်ပြအတည်ပြုချက်ရယူပြီးမှ ဆောင်ရွက်သည့်လုပ်ငန်းများဖြစ်သည့်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းများအရ ခိုင်မာမှုရှိသည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ အရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၆ အရလည်းကောင်း နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် ထုတ်ပယ်ခြင်းများ ပြုလုပ်နိုင်သဖြင့် လုပ်ထုံးလုပ်နည်းအရ နိုင်ငံတော်သမ္မတအနေဖြင့် အမြဲတမ်းအတွင်းဝန်များကို ခန့်အပ်တာဝန်ပေးနိုင်သည့် တာဝန်ရှိပါကြောင်းဖြင့် ရှင်းလင်းသည်။

ထို့အတူ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌ ဦးကျော်သူက အမြဲတမ်းအတွင်းဝန်/ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်ကို ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအဖြစ် သတ်မှတ်မည်ဆိုပါက နိုင်ငံတော်သမ္မတက ခန့်အပ်သည့် ရာထူးဖြစ်၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က)ပါ စည်းကမ်းချက်များနှင့် အကျုံးဝင်သက်ဆိုင်မှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာဖြင့် ချီးမြှင့်ငွေ လစဉ်ကျပ်နှစ်သိန်းကို ခံစားခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဆွေးနွေးသည့်နေရာတွင် တင်ပြသည့်အဆိုများသည် ဥပဒေနှင့်ညီညွတ်သည်ဟု ဆွေးနွေးတင်ပြသွားပါကြောင်း၊ ထို့ကြောင့် ယခုအဆိုကို ဆက်လက်ဆွေးနွေးမည်မဟုတ်ပါကြောင်းနှင့် လွှတ်တော်တွင် မှတ်တမ်းအဖြစ်ထားရှိသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမန်းအောင်တင်မြင့်က **“လွှတ်တော်ကိုယ်စားလှယ်များတည်းခိုနေထိုင်မည့် လွှတ်တော်အိမ်ရာ အဆောက်အအုံများဆောက်လုပ်နိုင်ရေးအတွက် သင့်တော်သည့်ရန်ပုံငွေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် လွှတ်တော်အသီးသီး၏ ဘတ်ဂျက်၌ ထည့်သွင်းပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အိမ်ရာများမရှိသည့်အတွက် ပြည်ထောင်စုအစိုးရက သတ်မှတ်ပေးထားသည့် အစိုးရပိုင် စည်ပင်ဧည့်ရိပ်သာတွင် တည်းခိုနေကြရပါကြောင်း၊ ထိုသို့တည်းခိုနေချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ရေးရာကိစ္စများ ဆွေးနွေးဆောင်ရွက်ရသကဲ့သို့ တစ်ဖက်တွင်ပါဝင်ပတ်သက်လာသည့် နိုင်ငံ့ရေးကိစ္စများကို ဆောင်ရွက်ရပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် နိုင်ငံပိုင်အဆောက်အအုံဖြစ်သည့်အတွက် နိုင်ငံ့ရေးကိစ္စများ မဆောင်ရွက်သင့်ကြောင်း သုံးသပ်အကြံပြုချက်ကြောင့် ယခုအဆိုပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအဆိုကို ဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းရာတွင် အမျိုးသားစီမံကိန်းဥပဒေကို ရက်ပေါင်း(၇၀)အကြာ ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆွေးနွေးဆောင်ရွက်ရာတွင် ပူးပေါင်းကော်မတီများ၊ ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ ယခုခေါင်းစဉ်သည် ဆွေးနွေးစဉ်က ဖော်ပြခဲ့ခြင်းမရှိပါကြောင်း၊ ယခုကိစ္စကို ယင်းအချိန်က ဆွေးနွေးဖော်ပြခဲ့ပါက ရှေ့လုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ယခုပြည်ထောင်စုလွှတ်တော်က ဆွေးနွေးတင်ပြလာသော အဆိုပြုချက်အပေါ် စီမံကိန်းကော်မရှင်နှင့် အစိုးရအဖွဲ့သို့ အထူးကိစ္စရပ်အနေဖြင့် ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အင်းတော်မြို့နယ် သစ်တောဦးစီးဌာန၏ တားမြစ်စာနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဧပြီ ၉**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပပြီး သတ္တုတွင်းကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် လယ်ယာကဏ္ဍဆိုင်ရာမေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြသည်။

အစည်းအဝေးတွင် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၏ **“အင်းတော်မြို့နယ် ဘူရောင်းကျေးရွာအနီးတွင် ကျောက်မျက်ကုမ္ပဏီတစ်ခုသည် စက်ယန္တရားများ (backhoes + heavy trucks)ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုမိန့်မရရှိဘဲ လုပ်ဆောင်နေခြင်း၊ သစ်တောကြိုးဝိုင်းမြေဖြစ်၍ လုပ်ငန်းရပ်ဆိုင်းရန် ကန့်ကွက်လွှာပို့သော်လည်း လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေခြင်းတို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ ကျောက်စိမ်းဖော်ထုတ်လုပ်ကွက်များ ခွင့်ပြုခြင်းသည် ဥပဒေနှင့် ညီ၊ မညီ သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ကုမ္ပဏီသို့ သူရောင်မှော်လုပ်ကွက်အတွက် ခွင့်ပြုမိန့်အား ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ ခွင့်ပြုထားခြင်းဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အင်းတော်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်စွဲပါစာဖြင့် ကုမ္ပဏီသို့ သစ်တောကြိုးဝိုင်းမြေဖြစ်၍ လုပ်ငန်းရပ်ဆိုင်းရန် တားမြစ်စာ ပေးပို့ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသို့လည်းကောင်း တင်ပြခဲ့ခြင်းမရှိပါကြောင်း၊ အဆိုပါ အင်းတော်မြို့နယ် သစ်တောဦးစီးဌာန၏ တားမြစ်စာနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ဘူရောင်းကျေးရွာအနီးရှိ သူရောင်မှော်ဖော်ထုတ်လုပ်ကွက်များသည် မော်လူး၊ မော်ဟန်ရတနာနယ်မြေအတွင်းပါရှိပြီး ကန့်သတ်ချက်များနှင့် လွတ်ကင်းကြောင်း စစ်ဆေးတွေ့ရှိချက်အရ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျောက်စိမ်းတူးဖော်လုပ်ကိုင်ခွင့်ပြုထားခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ **“ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ချင်းပြည်နယ် ပလက်ဝမြို့နယ်သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပေးရန် အစီအစဉ်**

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၉**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော်၊ အမျိုးသားလွှတ်တော်အဆောက်အအုံအစည်းအဝေးခန်းမတွင် ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးစိုးအောင်၏ **“မိတ္ထီလာမြို့နယ်အတွင်း အမြန်လမ်းမကြီးနှင့် ရေဝေ-သဖန်းချောင်း ဆက်သွယ်သည့် လမ်းအရှည် ၈ မိုင်အား အမာခံလမ်းအဖြစ်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး၏ **“ပလက်ဝမြို့နယ် မြိတ်ဝကျေးရွာအတွက် သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ဆိုလာမီးတပ်ဆင်ပေးရေးနှင့် အရှည်ပေ ၇၀ ခန့်ရှိ လူကူးတံတားတစ်စင်း ဆောက်လုပ်ပေးရေးအစီအစဉ် ရှိ /မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်၏ **“ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ ခုံဆင့်ကျေးရွာ အုပ်စုတွင် တာပိန်မြစ်ကူးတံတား (RC) ရေလည်တိုင်များပါဝင်သော နှစ်လွှာတစ်ထပ်ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** စသည့် မေးခွန်းများမေးမြန်းခဲ့ပြီး အဆိုပါ မေးခွန်းများနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက အဆိုပါ တင်ပြချက်များနှင့် ပတ်သက်ပြီး လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြေကြားစဉ်။ (သတင်းစဉ်)



**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် မေးမြန်းစဉ်။** (သတင်းစဉ်)

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန်အစည်းအဝေးအထိ ဆောင်ရွက်နေမှုအခြေအနေနှင့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းစိစစ်ရေးအဖွဲ့ ၂ ဖွဲ့၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့်အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်

*စာမျက်နှာ ၉ ကော်လံ ၅ သို့*


ပြည်တွင်းသတင်း

# အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း နိုင်ငံတော်သမ္မတ၏ဆောင်ရွက်မှုများ (တတိယနှစ်)စာအုပ်ထွက်ရှိ

အစိုးရသစ်၏ တတိယနှစ်သက်တမ်းအတွင်း နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပြောကြားချက်များ၊ နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်မှုမှတ်တမ်းများ၊ အမိန့်၊ ကြေညာချက်နှင့် အမိန့်ကြော်ငြာစာများကို မှတ်တမ်းပြုထားသော အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း၊ နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်မှုများ (တတိယနှစ်) စာအုပ်ထွက်ရှိလာသည်။

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်း ၆၈ ပုဒ်ကို စုစည်းထားသည့် အခန်း(၁)တွင် (၂၂) ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်း၊ (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်အစည်းအဝေး၌ ပြောကြားသည့် မိန့်ခွန်း၊ ဝါရှင်တန်မြို့ရှိ ဂျွန်ဟော့ကင်း တက္ကသိုလ်၌ ပြောကြားသည့် မိန့်ခွန်း၊ လစဉ်ရေဒီယိုအစီအစဉ်များမှ တစ်ဆင့်ပြောကြားသည့် မိန့်ခွန်းများ၊ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် (၂၀၁၃)ဖွင့်ပွဲတွင် ပြောကြားသည့် အမှာစကား၊ မြန်မာ-အီးယူ လုပ်ငန်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးတွင်ပြောကြားသည့် မိန့်ခွန်းများ စသည်တို့ပါဝင်သည်။

နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်မှုမှတ်တမ်း ၂၉၄ ပုဒ် ပါဝင်သည့် အခန်း (၂) တွင် စက်စက်ယိုဆည်ရေသောက် စနစ်၊ စက်မှုလယ်ယာမြေစနစ်ဧက (၉၀၀) ဖော်ထုတ်ရေးလုပ်ငန်းခွင်နှင့် ရေလွှဲဆည်တည်ဆောက်မှုအား စစ်ဆေးကြည့်ရှုအားပေးခြင်း၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ အလုပ်သဘောခရီးသွားရောက်ရန် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာခြင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအစည်းအဝေးတွင် အမှာစကားပြောကြားခြင်း၊ အထူးစားပွဲဝိုင်း ဆွေးနွေးပွဲတက်ရောက်ခြင်း၊ စက်မှုလယ်ယာစံစိုက်ခင်း ကြည့်ရှုစစ်ဆေးခြင်း၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့သို့ တရားဝင်ခရီးသွားရောက်ခြင်း၊ (၈၈) မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) အဖွဲ့အား တွေ့ဆုံခြင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့၊ ကျောက်တော်မြို့နယ်နှင့် မောင်တောမြို့နယ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုအခြေအနေနှင့်စပ်လျဉ်း၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခြင်း၊ ထိုင်းနိုင်ငံတက္ကသိုလ်နှစ်ခုမှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များချီးမြှင့် အပ်နှင်းခြင်း၊ အောင်မင်္ဂလာအဆင့်မြင့်စံပြလယ်ယာသို့ သွားရောက်ကြည့်ရှုခြင်း၊ ဆီးဂိမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား တက်ရောက်အားပေးခြင်း၊ ထီးလှိုင်ကန် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခြင်း၊ ဘရူနိုင်းနိုင်ငံဘုရင်အား လက်ခံတွေ့ဆုံခြင်း၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်းစသည်တို့ ပါရှိသည်။







အခန်း (၃) တွင် အမိန့်၊ ကြေညာချက်နှင့် အမိန့်ကြော်ငြာစာများပါရှိပြီး စာအုပ်ကို ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀၀၀ ကျပ်ဖြင့် ဦးကျော်ကျော်ဝေ၊ ရွက်စိမ်းစာပေမှ ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်သည်။

**(မြန်မာ့အလင်း)**

# မဲဆန္ဒရှင်ပြည်သူများအနေနဲ့ မဲစာရင်းကြေညာတဲ့အချိန်မှာ မဖြစ်မနေလာရောက်ကြည့်ရှုဖို့ လိုအပ်

မင်းထက်အောင်
(မန်းကိုယ်ပွား)

**၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားမည့်အထွေထွေရွေးကောက်ပွဲကြီးနှင့်ပတ်သက်၍ သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ၏ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့၏ လုပ်ငန်းများကြိုတင်ပြင်ဆင်လုပ်ဆောင်မှုများနှင့် ဆန္ဒမဲပေးကြမည့်ပြည်သူများ၏ ရင်တွင်းသဘောထားဆန္ဒများကို တွေ့ဆုံမေးမြန်းခဲ့ရာ။**


ဦးကျော်ကျော်စိုး


ဦးသန်းထွန်း


မမီမီမေသွင်


ဒေါက်တာပြည့်ဖြိုးဇေယျာ

**ဦးကျော်ကျော်စိုး (ဒုတိယညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**

လက်ရှိမှာ မန္တလေးတိုင်းဒေသကြီး ၂၈ မြို့နယ်မှာရှိတဲ့ မဲဆန္ဒရှင်စာရင်းကိုပြုစုနေပါတယ်။ မန္တလေးခရိုင်အောက်မှာရှိတဲ့ ခုနစ်မြို့နယ်၊ ပြင်ဦးလွင်ခရိုင်အောက်မှာရှိတဲ့ ငါးမြို့နယ်နဲ့ ကျောက်ဆည်ခရိုင်အောက်မှာရှိတဲ့ လေးမြို့နယ်စုစုပေါင်း ၁၆ မြို့နယ်ကို မေ ၃၀ ရက်နောက်ဆုံးထားပြီး ပြည်သူတွေသိရှိအောင် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ကြေညာပေးထားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအနေနဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေအနေနဲ့ လက်ရှိ လေးသန်းကျော်ရှိပြီး မဲရုံအရေအတွက် ၅၈၁၇၊ ပြည်သူ့လွှတ်တော်နေရာ ၂၈ နေရာ၊ အမျိုးသားလွှတ်တော်နေရာ ၁၂ နေရာနဲ့ တိုင်းဒေသကြီးလွှတ်တော်နေရာအတွက် ၅၆ နေရာဖြစ်ပါတယ်။ သင်္ကြန်အပြီးကစပြီး ကျွန်တော်တို့ ကော်မရှင်အဖွဲ့ရယ် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ပြည်သူတွေမဲစာရင်း လာရောက်ကြည့်ရှုနိုင်စေဖို့အတွက် မြို့နယ်အလိုက် စည်းရုံးလှုံ့ဆော်ပေးတော့မှာပါ။ မဲဆန္ဒရှင်စာရင်းကြေညာတဲ့အချိန်မှာလည်း မိမိအမည်မပါရင်၊ အချက်အလက်မမှန်ကန်ရင်၊ မပါသင့်သူများပါဝင်နေရင် ကန့်ကွက်နိုင်ဖို့အတွက် သက်ဆိုင်ရာပုံစံတွေနဲ့ တကွ လျှောက်ထားနိုင်ဖို့ ပုံစံစာရွက်လျှောက်လွှာများနဲ့အတူ ဖော်ပြပေးထားမှာဖြစ်ပါတယ်။ မရှင်းလင်းတာတွေကို မေးမြန်းနိုင်ဖို့အတွက်လည်း ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ အဓိကပြောချင်တာကတော့ မဲဆန္ဒရှင်ပြည်သူများအနေနဲ့ မဲစာရင်းကြေညာတဲ့အချိန်မှာ မဖြစ်မနေလာရောက်ကြည့်ရှုဖို့ လိုအပ်ပါတယ်။ ဒါမှသာ မိမိရဲ့မဲပေးခွင့် အခွင့်အရေးမဆုံးရှုံးမှာဖြစ်ပါတယ်။ မဲစာရင်းကြေညာမယ့်ရက် အတိအကျသိပြီဆိုရင်လည်း မီဒီယာတွေကို ဖိတ်ခေါ်ပြီး အများပြည်သူသိအောင် ရှင်းလင်းပြောကြားသွားမှာပါ။ နိုင်ငံရေးပါတီအားလုံးကိုလည်း မဲစာရင်းကြေညာမယ့်ကိစ္စနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ မိမိတို့စည်းရုံးရေးနယ်မြေရှိ ပြည်သူတွေ မဲစာရင်းလာရောက်ကြည့်ရှုစေဖို့အတွက် စည်းရုံးပညာပေးလှုံ့ဆော်ရန် အသိပေးထားပြီးဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာပွင့်လင်းမြင်သာ အောင်စီစဉ်ထားတဲ့ ထူးခြားချက်တွေကတော့ ကြိုတင်ဆန္ဒမဲပေးသူများရဲ့ အမည်စာရင်းကို မဲရုံတွေမှာကပ်ပြီး ကြေညာထားမယ်။ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၊ ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့တွေကို လိုက်ပါကြည့်ရှုခွင့်ပေးမှာဖြစ်ပါတယ်။ မဲရုံပိတ်ချိန်ညနေ ၄ နာရီနောက်ပိုင်းရောက်ရှိလာတဲ့ ကြိုတင်ဆန္ဒမဲများကို လက်ခံမှာမဟုတ်ပါဘူး။ မဲရေတွက်ရန်အတွက် ကြိုတင်ဆန္ဒမဲပုံးမဖွင့်မီမဲရုံကိုယ်စားလှယ်များနှင့် လေ့လာသူများအား ချိတ်ပိတ်ထားတဲ့ အခြေအနေအတိုင်းကိုပြသပြီးမှ မဲပုံးကိုဖွင့်ဖောက်မှာဖြစ်ပါတယ်။ မဲစာရင်းရေတွက်တဲ့အခါမှာလည်း ကြိုတင်ဆန္ဒမဲပုံးမှ မဲများကို ဦးစွာဖွင့်ဖောက်ရေတွက်သွားမှာပါ။ မဲအားလုံးရေတွက်ရာတွင်လည်း ရွေးကောက်ပွဲလေ့လာသူအားလုံးကို ကြည့်ရှုခွင့်ပြုမှာဖြစ်ပါတယ်။ မဲရေတွက်ရာမှာ ဆန္ဒမဲလက်မှတ်တစ်စောင်ချင်းစီကို မဲရုံအဖွဲ့ဝင်များ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကို ပြသရေတွက်သွားမှာပါ။ ပယ်မဲအဖြစ် သတ်မှတ်ခံရတဲ့ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်နဲ့အကူကိုယ်စားလှယ်များကို ကြည့်ရှုခွင့်ပြုသွားမှာဖြစ်ပါတယ်။ အဓိကပြောင်းလဲထားတာကတော့(အမှန်) အမှတ်အသားပါသောတံဆိပ်တုံးနှိပ်ပြီးဆန္ဒပြုရန် စီစဉ်ထားတဲ့အပြင် မဲပေးပြီးသူတိုင်း နောက်တစ်ကြိမ် မဲထပ်မံမပေးနိုင်ရန် လက်မှာ မင်တို့သင်္ကေတပြုတဲ့စနစ်ကို ကျင့်သုံးသွားခြင်းပဲဖြစ်ပါတယ်။

**ဦးသန်းထွန်း (ဥက္ကဋ္ဌ-ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ၊ အောင်မြေသာစံ)**

ကျွန်တော်တို့မြို့နယ်၊ ရပ်ကွက်မှာရှိတဲ့ အခြေခံမဲဆန္ဒရှင် လူဦးရေစာရင်းတွေ မှန်ကန်မြန်ဆန်စွာ ရရှိနိုင်ဖို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ အကူအညီနဲ့ အကွက်စိပ်မျှူးတွေနဲ့အတူ ပူးပေါင်းပြီး တစ်အိမ်ချင်းအလိုက် အိမ်ထောင်စုဇယားပုံစံ ၆၆/၆ မှာ ပါဝင်တဲ့ လူဦးရေစာရင်းအတိုင်းကောက်ယူပြီး မြို့နယ်မှတစ်ဆင့် ခရိုင်ကိုတင်သွင်းပြီး ခရိုင်ကလည်းမြို့နယ်အလိုက် စာရင်းပြုစုပြီးဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို ၂၀၁၄ ဒီဇင်ဘာလကတည်းက စတင်ကောက်ယူပြီး ယခုဆိုကျွန်တော်တို့မြို့နယ်အတွက် အခြေခံမဲဆန္ဒရှင်စာရင်းတွေကို ကောက်ယူပြီးပါပြီ။ ၂၀၁၅ ရွေးကောက်ပွဲမှာမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်မဆုံးရှုံးရအောင်တစ်အိမ်တက်ဆင်းအခေါက်ခေါက် အခါခါ ကြိုးစားပြီး စာရင်းကောက်ယူပေးရပါတယ်။ မဲပေးကြမယ့် ပြည်သူတွေကလည်းမဲပေးဖို့တက်ကြွစွာ စာရင်းပေးကြတာကို တွေ့ရပါတယ်။ ကျွန်တော်ပြောချင်တာကတော့ မဲဆန္ဒရှင်အားလုံးကမေလကုန်မှာ ကြေညာမယ့် မဲဆန္ဒရှင်စာရင်းကို မပျက်မကွက် လာရောက်ကြည့်ရှုဖို့ လိုအပ်ပါတယ်။ ဒါမှမဲစာရင်းမှာ မိမိအမည်မပါဝင်ရင် (သို့မဟုတ်) အချက်အလက်လိုအပ်နေမယ်ဆိုရင် ထပ်မံဖြည့်စွက်ဖို့အချိန်ရသလို ပိုလျှံနေမယ်ဆိုရင်လည်းကန့်ကွက်ဖို့ အချိန်ရသွားတာပေါ့။ အဓိကအနေနဲ့ကတော့ ၂၀၁၅ ရွေးကောက်ပွဲမှာ မဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိပြီး မှန်ကန်တိကျတဲ့ ရွေးချယ်မှုဖြစ်ရအောင် ကျွန်တော်တို့ကော်မရှင်အဖွဲ့ရယ်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနဲ့အတူ ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်။

**မမီမီမေသွင် (B.E-Civil)**

ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာကတည်းက မဲပေးချင်ခဲ့ပေမယ့် အသက် ၁၈ နှစ်မပြည့်သေးတဲ့အတွက် မဲပေးခွင့်မရခဲ့ဘူး။ အခုလို မဲပေးခွင့်ရတဲ့အချိန်မှာ နိုင်ငံနဲ့ပြည်သူကောင်းကျိုးကို ဆောင်ရွက်ပေးနိုင်မယ့် ကိုယ်စားလှယ်ကို ကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်မဲပေးခွင့်ရတော့မှာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ နိုင်ငံဖွံ့ဖြိုးဖို့အတွက် တကယ်အရည်အချင်းရှိပြီး ပြည်သူတွေအတွက် အမှန်တကယ်လုပ်ဆောင်ပေးနိုင်တဲ့ ခေါင်းဆောင်ကောင်းတွေကို ရွေးချယ်ပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့် ၂၀၁၅ ရွေးကောက်ပွဲမှာ မဲပေးဖို့အတွက် အခုကတည်းက စိတ်လှုပ်ရှားမိနေပါတယ်။

**ဒေါက်တာပြည့်ဖြိုးဇေယျာ (မန်နေဂျင်းဒါရိုက်တာ-အောင်ဇေသွန်း ဆောက်လုပ်ရေးကုမ္ပဏီ)**

၂၀၁၀ ရွေးကောက်ပွဲရဲ့ အတွေ့အကြုံတွေကိုယူပြီးတော့ နိုင်ငံတကာမှာ ဂုဏ်တင့်တယ်အောင် အတတ်နိုင်ဆုံးတရားမျှတမှန်ကန်ပြီး ပွင့်လင်းမြင်သာရှိအောင် လုပ်ဆောင်ပေးဖို့လိုအပ်ပါတယ်။ ဒီလုပ်ဆောင်ချက်တွေကို သက်သေပြဖို့ လေ့လာစောင့်ကြည့်တဲ့အဖွဲ့ရဲ့ မှတ်ချက်က အရေးကြီးတယ်။ သူတို့ရဲ့ဝေဖန်ပြောကြားတဲ့စကားသံတွေက နိုင်ငံတကာကို သယ်ဆောင်သွားပြီး သက်သေပြုပေးမှာဖြစ်ပါတယ်။ ဒါကြောင့် ဒေသတိုင်းမှာရှိတဲ့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေကလည်း အကြောက်တရား ကင်းရှင်းစွာ ဘက်မလိုက်ဘဲ နိုင်ငံအကျိုးအတွက် စေတနာထားလုပ်ဆောင်ဖို့ တိုက်တွန်းချင်ပါတယ်။ မဲပေးမယ့်သူတွေကလည်းပုဂ္ဂိုလ်ရေးမစွဲဘဲ ပါတီတစ်ခုရဲ့မူဝါဒလမ်းစဉ်နဲ့ လက်ရှိလုပ်ဆောင်ချက်တွေကို လေ့လာရပါမယ်။ ဒါတွေကို လေ့လာဖို့ဆိုတာကလည်း လွှတ်တော်ကို တက်ရောက်နေကြတဲ့ ပါတီအသီးသီးက ကိုယ်စားလှယ်တွေရဲ့ လွှတ်တော်မှာ တင်ပြဆွေးနွေးမေးမြန်းချက်တွေကိုသုံးသပ်ပြီး ရွေးချယ်နိုင်ပါတယ်။ ကျွန်တော်ကတော့ဘယ်ပါတီကို ဘယ်လိုရွေးချယ်မယ်ဆိုတာ ရွေးချယ်ခွင့်အများကြီးရရှိသလို ရွေးချယ်ရမယ့်ပါတီလည်း ရှိနေပေမယ့် နောက်ဆုံးအခြေအနေအထိ စဉ်းစားသုံးသပ်ဖို့အချိန်တွေ ကျန်ပါသေးတယ်။ လောလောဆယ်အနေနဲ့ကတော့ တရားမျှတပြီး ပွင့်လင်းမြင်သာမှု ဘယ်လောက်ရှိသလဲဆိုတာကို အရင်စောင့်ကြည့်ရမှာဖြစ်ပါတယ်။ အခြေခံလူတန်းစားတွေအနေနဲ့ကလည်း ဘယ်အစိုးရတက်တက် ကိုယ့်ထမင်းကိုယ်ရှာစားရတာပါပဲဆိုတဲ့ အတွေးတွေကိုဖယ်ထုတ်ပြီး တကယ်တိုင်းပြည်ကို အကျိုးရှိအောင် ဆောင်ရွက်ပေးနိုင်သူကို ရွေးချယ်နိုင်မယ့် အသည်းကြားက မဲတစ်ပြားကို လေ့လာဆန်းစစ်သုံးသပ်ပြီး ရွေးချယ်ပေးဖို့လိုအပ်ပါတယ်။ ဒါမှတိုင်းပြည်တကယ်အကျိုးရှိမှာဖြစ်ပါတယ်။

ပြည်တွင်းသတင်း

# နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များကျန်းမာကြံ့ခိုင်စေရန် တတ်နိုင်သည့်ဘက်မှ ကျန်းမာရေးမြှင့်တင်မှုများလုပ်ဆောင်နေ

နေပြည်တော် ဧပြီ ၉

**ရခိုင်ပြည်နယ် သံတွဲမြို့နယ် အောက်နတ်မော်ကျေးရွာအုပ်စု ဇီးကျွန်းကျေးရွာနှင့် မြင်ဆိုင်းမော်ကျေးရွာတို့ကို ဆက်သွယ်ဆောက်လုပ်ထားသည့် ပေ ၃၆၀ အရှည်ရှိ သံကူကွန်ကရစ်တံတားဖွင့်ပွဲအား ယနေ့နံနက်ပိုင်းကကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။**


ဦးစွာ အခမ်းအနားမှူးက သူဌေးချောင်းတံတား တည်ဆောက်ရသည့်အကြောင်းအရင်းနှင့် တံတား၏ အချက်အလက်ဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဇီးကျွန်းကျေးရွာ ရပ်မိရပ်ဖ ဦးအုန်းမြင့်က တံတားလှူဒါန်းခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဇနီး ဒေါ်ကြူကြူလှနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းတို့က သူဌေးချောင်းတံတားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဂင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းဒင်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော ဇီးကျွန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအား လှည့်လည်ကြည့်ရှုကြ၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ ဇီးကျွန်းကျေးရွာရှိ ကိုးနဝင်း မဟာဝိဟာရဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကိုးနဝင်းမဟာဝိဟာရဆရာတော် ဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ကြည်ညိုကန်တော့ပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်များထံမှ အန္တရာယ်ကင်းပရိတ်တရားဒေသနာများ နာယူသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံတွဲခရိုင် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေး၍ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။** (မြဝတီ)

ဂင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဇနီးနှင့် တက်ရောက်လာကြသူများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကျေးရွာရှိ အသက် ၇၀ နှစ်အထက် ဘိုးဘွား ၈၅ ဦးအား မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာနှင့်အညီ ရိုသေစွာကန်တော့၍ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းကြသည်။

ယနေ့ဖွင့်လှစ်ခဲ့သော သူဌေးချောင်းတံတားအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မိသားစု၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များ၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူ၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး အရှည်ပေ ၃၆၀၊ အမြင့် ၂၄ ပေ၊ အကျယ် ၁၁ ပေရှိ၍ ခံနိုင်ဝန် ၁၀ တန်ရှိသော သံကူကွန်ကရစ် တံတားဖြစ်ကြောင်းနှင့် အဆိုပါတံတားဆောက်လုပ်ပြီးစီးခဲ့သဖြင့် ဇီးကျွန်းကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ သူဌေးချောင်းကို လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတွဲမြို့နယ် ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးပဒေသာပင် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားရာ တိုင်းပြည်တိုးတက်ရန်အတွက် လူတိုင်းအလုပ်လုပ်နိုင်သည့် အခွင့်အရေးရှိရန်လိုကြောင်း၊ အလုပ်လုပ်နိုင်ရန်အတွက် ကျန်းမာရန်လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များ ကျန်းမာကြံ့ခိုင်စေရန် တတ်နိုင်သည့်ဘက်မှ ကျန်းမာရေးမြှင့်တင်မှုများ လုပ်ဆောင်နေပါကြောင်း၊ လွန်ခဲ့သည့် သုံးလေးနှစ်အတွင်း တပ်မတော်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် နိုင်ငံအနှံ့အပြားသွားရောက်၍ ပြည်သူလူထုသုံးသိန်းကျော်အား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးနိုင်ခဲ့ပါကြောင်း၊ "အာရောဂျံ ပရမံ လာဘံ" ဆိုသည့်စကားနှင့်အညီ ကျန်းမာမှသာ မိမိလုပ်ဆောင်လိုသည်များကို လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုရာတွင် ပညာပေးခြင်း၊ ကာကွယ်ပေးခြင်း၊ ကုသခြင်း အပိုင်းများရှိပါကြောင်း၊ ကျန်းမာရေးအသိပညာနှင့်ပတ်သက်၍ ပြည်သူလူထုသိရန်လိုသလို တာဝန်ရှိသူများအပိုင်းမှလည်း သိအောင်လုပ်ပေးရန် တာဝန်ရှိပါကြောင်း၊ လူနေမှုအဆင့်နှင့် နေထိုင်မှုစနစ်များ စနစ်တကျရှိခြင်းသည် ကြိုတင်ကာကွယ်မှုကို အထောက်အကူပြုပါကြောင်း၊ ယခုလှူဒါန်းသည့် ဆေးပဒေသာပင်အလှူငွေများအား ကျန်းမာရေးဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးရှိစွာ အသုံးချစေလိုပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသော ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့် တာဝန်ရှိသူများ၊ ဝိုင်းဝန်းလှူဒါန်းကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များအားလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံလုပ်ဆောင်ကြရန် တိုက်တွန်းအားပေးပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်အလှူရှင်တို့၏ လှူဒါန်းငွေများအားပေးအပ်ရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်မိုးက လက်ခံရယူသည်။

ထို့နောက် Amazing Hotel Group မှ ဦးအောင်မျိုးမင်းဒင်နှင့် ဇနီးတို့က လှူဒါန်းငွေ သိန်း ၅၀ အားပေးအပ်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်အေးကလည်းကောင်း၊ အောင်မြင်သူကုမ္ပဏီလီမိတက်မှ ဦးမင်းသန့်က လှူဒါန်းငွေ သိန်း ၅၀ အားပေးအပ်ရာ ကလေး အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်အေးနုကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

ဂင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတိုးချဲ့ဆောင်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

---

## ပြည်သူ့လွှတ်တော်မှ

**ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပို့လွှတ်ဖြန့်ဖြူးထားပြီးဖြစ်ပါကြောင်း၊ ကျောက်တော်ဒေသသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် ပုဏ္ဏားကျွန်း-ကျောက်တော် ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့တွင် ဓာတ်အားပို့လွှတ်ပြီးဖြစ်ပါကြောင်း၊ ကျောက်တော်မှတစ်ဆင့် ပလက်ဝဒေသသို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ကျောက်တော်-ပလက်ဝ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား နိုင်ငံတော်၏ဘဏ္ဍာငွေ ခွဲဝေပေးနိုင်မှုအခြေအနေရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ရန်ကြိုးစားခဲ့သော်လည်း မပါရှိပါသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင်



**ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြေကြားစဉ်။** (သတင်းစဉ်)



**အင်းတော် မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး မေးမြန်းစဉ်။** (သတင်းစဉ်)

ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ၏ **"ရှားတောမြို့နယ်တွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ပေးပြီး လိုအပ်သော နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ အရင်းအနှီးများ ပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရှားတောမြို့နယ်အတွင်း မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်းကို ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး ၂၄၅ ကီလို၊ အထွက်ကောင်းစပါးမျိုး ၆၉၈ တင်း၊ အစေ့ထုတ်ပြောင်းစပ်မျိုး ၁၃၀၀ ကီလို၊ မြေပဲ ဆင်းပဒေသာ-၆ (၃၄၈)တင်း၊ နှမ်း ဆင်းရတနာ-၃ (၁၈၇)တင်း၊ ပဲစင်းငုံ ငါးဆံပဲ-၆ တင်း ဖြန့်ဖြူးပေးခဲ့ပါကြောင်း။

ရှားတောမြို့နယ်အတွင်း ပညာပေးလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးသီးပွဲနည်းကျ စိုက်နည်းစနစ် စံပြကွက်ဧက (၆၀)နှင့် ဆီထွက်သီးနှံ ဆင်းရတနာ-၃ နှမ်းစံပြကွက်တစ်ဧက ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးနည်းပညာပေးသင်တန်း (၇)ကြိမ် ဆောင်ရွက်ခဲ့ရာတွင် တောင်သူပေါင်း ၁၅၄ ဦးတက် ရောက်ခဲ့ပါကြောင်း။

ရှားတောမြို့နယ်အတွင်း ကုန်းမြင့် လယ်ယာမြေဖော်ထုတ်လိုသော နေရာများအား သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြညှိနှိုင်းလျက် ပြည်နယ်အစိုးရရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လိုအပ်သည့်နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

---

## အမျိုးသားလွှတ်တော်မှ

အမှတ် (၁၂)မှ ဦးလှိုင်ဦးက ဆွေးနွေးရာတွင် နဝမမြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့သော မေးခွန်းသုံးခုသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၉-၁-၂၀၁၅ ရက်စွဲပါ စာအမှတ် ၇/၄၄၅ အရ ပေးပို့လာသည့် ဖြစ်ပေါ်ဆဲကတိကဝတ်များ ကိစ္စရပ်များအနက်မှ ပယ်ဖျက်ရန်လိုအပ်သည့် ကတိကဝတ်များတွင် ပါဝင်နေကြောင်း။

သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီးတွင် တစ်နိုင်ငံလုံး မိုးစပါးစိုက်ပျိုးမှု အများဆုံးမြို့နယ်ဖြစ်သည့် လပွတ္တာမြို့နယ်သည် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အသစ်ထပ်မံဖြည့်စွက် ဆောင်ရွက်ပေးရန် လိုအပ်နေသည့် ဆည်မြောင်း၊ တာတမံ၊ ရေထိန်း၊ ရေထုတ်တံခါးများ၏ ပကတိအခြေအနေမှန်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လပွတ္တာမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် တောင်သူလယ်သမားများ၏ မျှော်လင့်ချက်များကို လေ့လာသုံးသပ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း တင်ပြသည်။

ယင်းအစီရင်ခံစာအား အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးခင်မောင်ဌေးက ကွင်းဆင်းစိစစ်ရေးအဖွဲ့၏ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ အတည်ပြုနိုင်ရန် အဆိုကိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာခင်ရွှေ တင်သွင်းခဲ့သည့် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၁/၂၀၁၅)အား ကော်မတီဝင် ဦးအောင်ချစ်လွင်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

ဆောင်းပါး

*ရွှေဝတီဂျာနယ် အတွဲ(၂) အမှတ်(၁၅)တွင် ဖော်ပြခဲ့သော သစ်နေမိုး၏ "မူးယစ်သင်္ကြန်ကို ဘယ်လိုထိန်းမလဲ" ဆောင်းပါးကို ဂျာနယ်နှင့် စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။*

# မူးယစ်သင်္ကြန်ကို ဘယ်လိုထိန်းမလဲ

သစ်နေမိုး

**သင်္ကြန်ဆိုရင် ကဲရမယ်၊ လန်းရမယ်၊ မြူးရမယ်ဆိုတာ လူငယ်၊ လူရွယ်တွေကြားမှာ ပြောစရာမလိုအောင် အလိုလိုကြိုရောက်နှင့်နေတဲ့ အတွေးတစ်ခုဆိုရင် မမှားပါဘူး။ ကဲဖို့ လန်းဖို့ မြူးဖို့ဆိုတာတွေနဲ့အတူ တွဲတွဲပါလာတာက အရက်၊ ဘီယာနဲ့ မူးယစ်ဆေးတွေပါပဲ။ အရင်က အရက်၊ ဘီယာလောက်ကိုသာ သုံးစွဲမှုများပြီး သင်္ကြန်ကိုဆင်နွှဲကြပေမယ့် အခုနောက်ပိုင်းနှစ်တွေမှာတော့ မြူးတဲ့ လန်းတဲ့ စိတ်ကြွဆေးတွေကို သုံးစွဲရင်း ဆင်နွှဲလာကြပါတယ်။**



ဓာတ်ပုံ-စိုင်းဇော်(ရွှေဝတီ)

အခုဆိုရင် စိတ်ကြွဆေးတွေဟာ ရန်ကုန်မှာ ပိုပိုပေါလာပြီး ဝယ်ယူရတဲ့ ဈေးနှုန်းကလည်း အရမ်းသက်သာလာတယ်လို့ သုံးစွဲသူအချို့ဆီက သိရပါတယ်။ ရန်ကုန်မြို့တွင်း ရပ်ကွက်တစ်ခုမှ သုံးစွဲသူတစ်ဦးက "အခုအသီး (WY) က ပိုပေါလာတယ်။ အလွယ်တကူလည်းရနေပြီ။ ပြီးခဲ့တဲ့နှစ်အထိ တစ်လုံးကို ငါးထောင်၊ အခုက သုံးထောင်ပဲရှိတော့တယ်။ အဲဒီထက် မပိုတော့ဘူး" လို့ ပြောပါတယ်။

သူတို့လောကအခေါ် အသီး WY(Amphetamines) စိတ်ကြွဆေးတွေကို ရန်ကုန်မှာ အရည်အသွေးအမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုးနဲ့ ဝယ်ယူသုံးစွဲနေကြပြီး ယိုးဒယားနယ်စပ်၊ အိန္ဒိယနယ်စပ်နဲ့ ရှမ်းပြည်နယ်တွေကနေ ဝင်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့ အသီးကို ယိုးဒယားသီး၊ တမူးသီး၊ ရှမ်းသီးဆိုပြီး ခွဲခြားခေါ်ကြတာတွေရှိသလို အရည်အသွေးအလိုက် 88 ၊ WY အတည့် ၊ WY အစောင်းလို့ ခေါ်ယူသုံးစွဲနေကြတာတွေလည်းရှိပါတယ်။ 88 အသီးကတော့ ဈေးအကြီးဆုံးလို့ ဆိုပါတယ်။

ကလပ်တွေမှာ မြူးဖို့ သုံးစွဲကြသလို သင်္ကြန်မှာလည်း မြူးဖို့ သုံးစွဲကြတာတွေနဲ့ ပတ်သက်ပြီး မေးမြန်းရာမှာ အသီးသုံးစွဲနေသူတွေဟာ သူတို့မတက်ကြွဘဲနေရတဲ့ အခြေအနေကို မကြိုက်ကြတော့ဘူးလို့ ဆိုကြပါတယ်။

သုံးစွဲနေသူတစ်ဦးက "အသီးချတော့ တက်ကြွနေတယ်။ မချရင် မတက်ကြွတော့ဘူး။ မတက်ကြွဘဲ ဖြစ်နေတာကြီးကို မုန်းတယ်။ လူက အမြဲတမ်းတက်ကြွနေချင်တယ်။ အဲ့တော့ ပြန်ချတယ်" ဟုပြောသည်။

အခြားစိတ်ကြွဆေး အခြားအမျိုးနွယ်တစ်ခုဖြစ်တဲ့ (Methamphetamine) သူတို့လောကအခေါ် Ice ဟာလည်း ရန်ကုန်မှာသုံးစွဲမှု တွင်ကျယ်ပါတယ်။ သူကတော့ ဂရမ်နဲ့ရောင်းတာဖြစ်ပြီး အခုချိန်မှာ တစ်ဂရမ်ကို တစ်သိန်းနီးပါးရှိတယ်လို့ သုံးစွဲသူတွေဈေးကွက်က သိရပါတယ်။ ဒါပေမယ့် ဈေးနှုန်းမြင့်မားတာကြောင့် အသီးကိုသာ အများစုပိုမိုသုံးစွဲတယ်လို့ သိရပါတယ်။

အခုလို ဆေးသုံးစွဲမှုတွေနဲ့ပတ်သက်ပြီး လေ့လာသုံးသပ်ထားတဲ့ ဒေါက်တာတင့်ဆွေက လူငယ်လူရွယ်တွေ စိတ်ကြွဆေးသုံးစွဲမှုနဲ့ပတ်သက်ပြီး သုံးစွဲမှုလွန်ကျူးသွားရင် ဒုက္ခရောက်စေမှုများတဲ့အကြောင်း ပြောပါတယ်။

WY အသီး Amphetamines စိတ်ကြွဆေးနဲ့ ပတ်သက်ပြီး ဒေါက်တာတင့်ဆွေက "လက္ခဏာတွေကတော့ Psychosis စိတ်မူမမှန်တာ၊ Hallucination သူများမမြင်တာတွေ မြင်နေ၊ သူများမထိတွေ့တာကို ထိတွေ့နေတယ်လို့ထင်တာ၊ Anxiety စိုးရိမ်စိတ်များတာတွေ ဖြစ်မယ်။ ဆေးကြောင့် Hyperthermia အပူချိန်လွန်ကဲတာ၊ Heart arrhythmia နှလုံးခုန်မမှန်တာနဲ့ Stroke(စတုပ်ခ်) တွေကနေ သေဆုံးနိုင်တယ်။ ရေရှည်မှာ ဘာတွေဆက်ဖြစ်လာသလဲ။ နှလုံးအပေါ် ဒဏ်များလာမယ်။ သွေးဖိအားတက်မယ်။ နှလုံးနဲ့ဆိုင်တဲ့ရောဂါတွေ ပိုပြီးရလမ်းများစေတယ်" လို့ ဆိုပါတယ်။

Ice လို့ခေါ်တဲ့ Methamphetamine စိတ်ကြွဆေးနဲ့ ပတ်သက်ပြီးတော့ ၎င်းက "ဒါနဲ့ပတ်သက်တဲ့ စိတ်ပိုင်းသက်ရောက်မှုတွေကတော့ ကောင်းတာတွေကိုထင်မြင်နေမယ်။ အစပိုင်းလေးမှာ လိင်စိတ်များစေမယ်။ အာရုံစိုက်မှုများမယ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေမယ်။ လူထဲအတင်းလိုက်ရောမယ်။ စိတ်တိုမယ်။ ကြမ်းတမ်းမယ်။ ဆံပင်ကိုဆွဲနေမယ်။ အရေပြားဆိတ်နေမယ်။ သူများမမြင်၊ မကြားတာတွေကို မြင်ကြားနေမယ်။ သူ့မှာ ပါဝါတွေရှိနေတယ်လို့ထင်နေမယ်။ ရုပ်ပိုင်းပြောင်းလဲလာတာတွေကတော့ အစာမစားချင်၊ တက်ကြွနေမယ်၊ အရေပြားနဲ့ မျက်နှာနီရဲနေမယ်၊ ချွေးထွက်များမယ်၊ ဂနာမငြိမ်ဖြစ်မယ်၊ အာခေါင်ခြောက်မယ်၊ ခေါင်းကိုက်မယ်၊ ရင်တုန်မယ်၊ နှလုံးခုန် မြန်မယ်-နှေးမယ်၊ နှလုံးခုန်မမှန်ဖြစ်မယ်၊ အသက်ရှူမြန်မယ်၊ သွေးဖိအားတက်မယ်-ကျမယ်၊ ဝမ်းပျက်မယ်၊ လက်တုန်မယ်၊ အရေပြားယားမယ်၊ ဝက်ခြံထွက်မယ်၊ ဖြူဖတ်ဖြူရော်နေမယ်၊ တက်မယ်၊ နှလုံး (အတက်)ရမယ်၊ သေမယ်" လို့ ဆိုပါတယ်။

စိတ်ကြွဆေးတွေရဲ့ အန္တရာယ်နဲ့အတူ သင်္ကြန်မှာ အရက်သုံးစွဲသူတွေအတွက်လည်း သတိထားရမယ့် အန္တရာယ်ကအပူဒဏ်ပါ။ ခရမ်းလွန်ရောင်ခြည် ညွှန်းကိန်းအဆင့် ၁၀ ကျော်နေပြီဖြစ်ပြီး မနှစ်က အမြင့်ဆုံးရောက်ခဲ့တဲ့ ညွှန်းကိန်းအဆင့် ၁၅ နဲ့ ၁၆ ကို ကျော်သွားနိုင်တယ်လို့ မိုးလေဝသနဲ့ ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က မကြာသေးခင်ကမှ သတိပေးထားပါတယ်။

ဒီနှစ်သင်္ကြန်က အပူဒဏ်နဲ့ ခရမ်းလွန်ရောင်ခြည်ကြောင့် အန္တရာယ်များလွန်းလှပါတယ်။ အရက်သောက်သုံးသူတွေအနေနဲ့လည်း နေပူပူ၊ ရေစိုစိုမှာ ခရမ်းလွန်ရောင်ခြည်အန္တရာယ်တွေကို အထူးဂရုပြုရမှာပါ။ ဒီလိုမူးယစ်၊ အရက်သုံးစွဲမှုတွေနဲ့ပတ်သက်ပြီး နောက်ဆက်တွဲရမ်းကားမှုတွေမဖြစ်ဖို့နဲ့ ထိန်းသိမ်းဖို့ သက်ဆိုင်ရာက သတိပေးညွှန်ကြားချက်ရှိတယ်လို့ သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်ရတဲ့သူတွေက ပြောပါတယ်။

Project X ရေကစားမဏ္ဍပ်တာဝန်ခံ မဆုပြည့်အောင်က "မဏ္ဍပ်တွေမှာ စဆောက်ကတည်းက အပေါ်မှာ ဘားတွေဘာတွေမထားဖို့ စည်းကမ်းသတ်မှတ်တယ်။ လုံခြုံရေးက ဂိတ်ဝတွေမှာ တာဝန်ရှိရဲတွေအပြင် အပေါ်အောက် လုံခြုံရေးကင်မရာတွေ အကုန်ဆင်ထားတယ်ပေါ့။ တစ်နေ့တာပြီးတိုင်း ကျွန်မတို့ ကင်မရာတွေနဲ့ ရိုက်ထားတဲ့အခွေကို မြို့တော်ခန်းမကိုသွားပေးရပါတယ်။ မဏ္ဍပ်ပိတ်တာနဲ့ပေါ့။ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ သူတို့ကလည်း နေ့တိုင်းလာစစ်ကြတယ်။ မဏ္ဍပ်ပေါ်တက်ပြီး စစ်တာပေါ့။ အခွေကိုကြည့်ပြီး မသင်္ကာတာတို့ ဘာတို့ရှိရင် သူတို့ ပြန်လာစစ်တယ်" လို့ ပြောပါတယ်။

ရဲတပ်ဖွဲ့ကတော့ သင်္ကြန်ကာလမှာ မူးယစ်ဆေးဝါးသုံးစွဲမှုမလုပ်ဖို့ အသိပညာပေးဟောပြောပွဲတွေ လုပ်နေတာ ရှိပေမယ့် ဒီဟောပြောပွဲတွေက လူငယ်တွေရဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုတွေကို တားဆီးနိုင်မယ့်အခြေအနေတော့ မရှိပါဘူး။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုသင်းက "နိုင်ငံတော်အနေနဲ့လည်း မူးယစ်ဆေးဝါးကာကွယ်တားဆီးမှုလုပ်ငန်းတွေကို မဖြစ်မနေ သင်္ကြန်အတွင်းမှာ ဆောင်ရွက်သင့်တယ်ပေါ့။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကတော့ ဒါနဲ့ပတ်သက်ပြီး ဘာတွေဆောင်ရွက်ထားလဲ အန်တီမသိဘူးပေါ့။ အန်တီတို့ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း ပြောဆိုထားတာမရှိဘူး" လို့ ဆိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သင်္ကြန်တွင်းမှာ အစဉ်အလာတစ်ခုလိုဖြစ်လာတဲ့ အရက်၊ ဘီယာနဲ့ မူးယစ်ဆေးသုံးစွဲမှုတွေဟာ ရှိနေဦးမှာပါပဲ။ ဒါတွေနဲ့အတူ နောက်ဆက်တွဲ ရမ်းကားမှုတွေ၊ ပြဿနာတွေကလည်း ရှိလာနေဦးမှာပါပဲ။ သင်္ကြန်ဟာ မူးယစ်ရမ်းကားမှုတွေကြောင့် ရုပ်ပျက်လာရတာနဲ့ ပတ်သက်ပြီး သင်္ကြန်ကို စိတ်ကုန်လာကြတဲ့ လူငယ်တွေတောင် ရှိကုန်ပါပြီ။

နိုင်ငံခြားသင်္ဘောလိုင်းကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတဲ့ အသက် ၁၈ နှစ်သာရှိသေးတဲ့ မတင်ထက်ပိုင်က သင်္ကြန်ကို အခုလိုပြောလိုက်ပါတယ်။

သူက "အခုနောက်ပိုင်း သင်္ကြန်မှာပျော်ကြတဲ့ တချို့ အပျော်တွေက စည်းလွတ်ဝါးလွတ်တွေ ဖြစ်ကုန်တတ်ကြတယ်။ လုပ်ချင်တာလုပ်ဖို့ အခွင့်အရေးကြီးတစ်ခုရထားသလိုပဲ။ မဏ္ဍပ်တွေကလည်း ရေစိုနေတဲ့ကလပ်တွေပဲ။ ဘာမှမထူးတော့ဘူး။ လူငယ်တစ်ယောက်အနေနဲ့ ပျော်ချင်တာ သဘာဝပါ။ ဒါပေမယ့် ပျော်ပါးတာထက်ကျော်ပြီး အနှစ်သာရမရှိ ရမ်းကားတာတွေ၊ စည်းကမ်းမရှိတာတွေ တွေ့ရရင် သင်္ကြန်ရေမစိုဘူးပဲပြောပြော ကိုယ့်ဘာသာ အိမ်ထဲမှာပဲနေနေတာကမှ ပိုစိတ်ချမ်းသာတယ်လို့ စဉ်းစားမိတယ်" လို့ ပြောပါတယ်။

**သင်္ကြန်တွင်းမှာ အစဉ်အလာတစ်ခုလိုဖြစ်လာတဲ့ အရက်၊ ဘီယာနဲ့ မူးယစ်ဆေးသုံးစွဲမှုတွေဟာ ရှိနေဦးမှာပါပဲ။ ဒါတွေနဲ့အတူ နောက်ဆက်တွဲ ရမ်းကားမှုတွေ၊ ပြဿနာတွေကလည်း ရှိလာနေဦးမှာပါပဲ။ သင်္ကြန်ဟာ မူးယစ်ရမ်းကားမှုတွေကြောင့် ရုပ်ပျက်လာရတာနဲ့ ပတ်သက်ပြီး သင်္ကြန်ကို စိတ်ကုန်လာကြတဲ့ လူငယ်တွေတောင် ရှိကုန်ပါပြီ။**

---

❀ *ကျော်ဖုံးမှ*

အချေအတင်အငြင်းပွားမှု ဆက်လက်ဖြစ်ပေါ်နေသော အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့နှင့်အတူ နိုင်ငံခြားသားပိုင်ဆိုင်ခွင့် ဥပဒေများကို အာရှအခြားနိုင်ငံများတွင်လည်း အလေးပေးလာမည်ဖြစ်သည်။ ယင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မရှိခြင်းမှာ အိမ်ခြံမြေဈေးကွက်တွင် အဓိကကျသော ကန့်သတ်ချက်သုံးမျိုးအနက် တစ်မျိုးဖြစ်သည်ဟု သိမြင်ထားသည့် မြန်မာကဲ့သို့သော တိုင်းပြည်အချို့တွင် အိမ်ခြံမြေ အကျိုးတော်ဆောင်များအတွက် သက်သာရာရစေသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။ မကြာသေးမီက မြန်မာအိမ်ခြံမြေဝက်ဘ်ဆိုက် House. com.mm က ပြုလုပ်ခဲ့သော လေ့လာမှုတစ်ရပ်တွင် ၂၄ ရာခိုင်နှုန်းသော အိမ်ရှာဖွေသူများနှင့် အိမ်ခြံမြေ အကျိုးတော်ဆောင်များက ပြင်ပရင်းနှီးမြှုပ်နှံမှု မရှိခြင်းကို တစ်ဟုန်ထိုး ဈေးနှုန်းမြင့်တက်လာခြင်းမှ အိမ်ခြံမြေဈေးကွက်ကို ကြိုတင်ကာကွယ်စေသော အချက်တစ်ချက် အဖြစ်ဖွင့်ဟခဲ့ကြသည်။

မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ပို၍ဆွဲဆောင်သော တိုင်းပြည်တစ်ခု ဖြစ်လာခဲ့သည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရှိရာမှ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံထိရှိလာခဲ့သည်။ ကမ္ဘာ့ဘဏ်၏အဆိုအရ ရင်းနှီးမြှုပ်နှံမှုအများစုမှာ စွမ်းအင်ကဏ္ဍ၊ အထည်ချုပ်လုပ်ငန်း၊ အိုင်တီနှင့် အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများဆီသို့ ဦးတည်သွားခဲ့သည်။

House. com. mm က ပြုလုပ်သော စစ်တမ်းတစ်ခုအရ မကြာသေးမီနှစ်များအတွင်း စဉ်ဆက်မပြတ်ပြုလုပ်နေသည့် ပြုပြင်ပြောင်းလဲရေးများကြောင့် အိမ်ခြံမြေကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာခဲ့ကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံသို့ ပိုမိုဆွဲဆောင်စေသည့် အခြားအချက်မှာ ခရီးသွားကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်လာမှုများဖြစ်သည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အားလပ်ရက် အိမ်ခြံမြေအငှားဈေးကွက်များတွင် အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူများအတွက် သိသာထင်ရှားသော အခွင့်အလမ်းတစ်ရပ်ပေးကာ မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားများ ဆိုက်ရောက်မှုကို ၂၀၁၅ ခုနှစ်တွင် ငါးသန်းနှင့် ၂၀၂၆ ခုနှစ်တွင် ၇ ဒသမ ၄၈ သန်းထိ တိုးမြှင့်သွားရန် ရည်ရွယ်ထားသည်။ အထက်ပါအချက်များအားလုံးနှင့် မြန်မာပြည်သူများ၏ ယေဘုယျဝယ်နိုင်စွမ်းအားကို ကြည့်ပါက မြန်မာ့အိမ်ခြံမြေကဏ္ဍတွင် ပြင်ပရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းကောင်းများ သေချာပေါက်ရှိနေသည်။ **သုတ**

***Asia One Business News* ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် *Foreign investment opportunities in Myanmar's property market* ကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်။**

❀ *ကျော်ဖုံးမှ*

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင်ကျွန်း၌ ကျင်းပသည့် နိုင်ငံတကာလက်ဝှေ့သမားများနှင့် ယှဉ်ပြိုင်ထိုးသတ်သည့် မြန်မာပြည် ချန်ပီယံ ထွန်းထွန်းမင်းနှင့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ အမေရိကန်နိုင်ငံသား ဆိုင်းရပ်စ်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဆိုင်းရပ်စ်၏ ခြေကန်ချက်ကြောင့် ထွန်းထွန်းမင်း တတိယချီတွင် သတိလစ်ကာ ပြန်လည်မယှဉ်နိုင်၍ ဆိုင်းရပ်စ် အလဲထိုးအနိုင်ရရှိသွားခဲ့သည်။ ယခု ထွန်းထွန်းမင်းသည် ဆိုင်းရပ်စ်ကို ပြန်လည်စိန်ခေါ် ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ-အမေရိကန် မြန်မာ့ရိုးရာလက်ဝှေ့ငါးချိစိန်ခေါ်ပွဲများတွင် သိန်းစိုး(T&T)နှင့် ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)၊ ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)နှင့် ဖြူလေး(မုဒုံသား)၊ အဖေ့သွေး (တောင်ကလေး)နှင့် ရှမ်းလေး(ဝါဆို)၊ ကျော်ဝင်းအောင်(T&T) နှင့် အောင်မြင်သူ(ဝါဆို)၊ ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် စောသဲဦး (STL)၊ စောဘဦး(တောင်ကလေး) နှင့် ကျားပေါက်(ရွှေသောင်းရင်း) လေးညို့ရှင်(ခ)ရှမ်းကို (T&T) နှင့် ရဲတံခွန်(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ပြီး လက်မှတ်များ ငွေကျပ် ၁၀၀၀၀၊ ၅၀၀၀ သတ်မှတ်ထားကာ မည်သည့်ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းမရှိကြောင်း သိရသည်။

နိုင်ငံတကာသတင်း



# ဟူသီသူပုန်များအား ထောက်ပံ့ပေးနေမှုအပေါ် အမေရိကန်က အီရန်ကို အသိပေးပြောကြား

**ဝါရှင်တန် မေ ၉**

ယီမင်ရှိ ရှီးယိုက်ဟူသီသူပုန်များအား ထောက်ပံ့ပေးနေသည့်အပေါ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အီရန်ကို သတိပေးလိုက်သည်။

အမေရိကန်အနေဖြင့် အီရန်၏ ခြိမ်းခြောက်ခံနေရသော အရှေ့ပင်လယ်ပိုင်းမှ မည်သည့်နိုင်ငံမဆိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အီရန်ကဒေသတွင်း မတည်မငြိမ်ဖြစ်အောင်လုပ်ခဲ့လျှင် လက်ပိုက်ကြည့်နေလိမ့်မည်မဟုတ်ကြောင်း ၎င်းကပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံသည် ယီမင်သမ္မတကို နိုင်ငံတွင်းမှ မောင်းထုတ်နိုင်ခဲ့သည့် ဟူသီသူပုန်များကို ချေမှုန်းရန် ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ကို ထူထောင်ရာတွင် ထောက်ပံ့ပေးခဲ့သည်။ တီဟီရန်က ဟူသီသူပုန်များအား ကျောထောက်နောက်ခံပြုနေသည်ဆိုသော စွပ်စွဲချက်အပေါ် ငြင်းဆိုထားသည်။

သို့သော်လည်း ဗုဒ္ဓဟူးနေ့က ယီမင်ကမ်းလွန်အေဒင်ပင်လယ်ကွေ့သို့ ရေတပ်သင်္ဘောများကို အီရန်က စေလွှတ်ခဲ့သည်ဟုဆိုသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် ဒေသတွင်းသင်္ဘောများရေကြောင်းသွားလာရေးတွင် လုံခြုံမှုပေးနိုင်ရန်အတွက်ဖြစ်ကြောင်း ရေတပ်ဗိုလ်ချုပ်ကြီး ဆေယာရီက ပြောသည်။

အီရန်အနေဖြင့် ဟူသီသူပုန်များအား ထောက်ပံ့နေသည်မှာ ထင်ရှားကြောင်း၊ တစ်ပတ်အတွင်း လေယာဉ်ပျံသန်းမှုများစွာတွေ့ရကြောင်း မစ္စတာကယ်ရီက ပြောသည်။

**(ဘီဘီစီ)**

# ဘော်စတွန်မာရသွန်၌ ဗုံးဖောက်ခွဲခဲ့သူ ပြစ်မှုထင်ရှားကြောင်း တွေ့ရှိ

**မန်ဆာချူးဆက် မေ ၉**

၂၀၁၃ ခုနှစ် ဘော်စတွန်မာရသွန်ပြိုင်ပွဲတွင် ဗုံးဖောက်ခွဲမှုအတွက် စွပ်စွဲခံထားရသူသည် သေဒဏ်ချမှတ်နိုင်သည့် စွဲချက်ပေါင်း ၃၀ အတွက် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိရသည်။

မန်ဆာချူးဆက်ပြည်နယ်ရှိ ဂျူရီလူကြီးများသည် အသက် ၂၁ နှစ်အရွယ်ရှိ Dzhokhar Tsarnaev ကို မည်ကဲ့သို့ ပြစ်ဒဏ်ချမှတ်ရမည်ကို ဆုံးဖြတ်ကြတော့မည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် ဧပြီလ၌ ကျင်းပသော မာရသွန်ပြိုင်ပွဲတွင် ပန်းဝင်ခါနီးအချိန်၌ ဗုံးပေါက်ကွဲခဲ့ရာ လူသုံးဦး သေဆုံးပြီး လူ ၂၆၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

တရားခံ၏ရှေ့နေက တရားခံသည် ဗုံးခွဲတိုက်ခိုက်မှုတွင်ပါဝင်ခဲ့သော်လည်း အစ်ကိုဖြစ်သူ၏တွန်းအားပေးမှုကြောင့်သာ ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ တရားရုံး၌ Tsarnaev ၏ ရှေ့နေများက ၎င်းကို သေဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေရန် ကြိုးစားမည်ဖြစ်သည်။

Tsarnaev ကို ခုခံကာကွယ်ပေးမည့်အဖွဲ့သည် ရုံးတင်စစ်ဆေးမည့်နေရာကို ပြောင်းရွှေ့ရန် အကြိမ်ပေါင်းများစွာ အသနားခံခဲ့သော်လည်း ဘော်စတွန်၌ သေဒဏ်ချမှတ်မှုကို ပြောင်းလဲရန်မဖြစ်နိုင်ပေ။

မန်ဆာချူးဆက်ပြည်နယ်သည် သေဒဏ်စီရင်မှုကို ၁၉၈၄ ခုနှစ်က ဖျက်သိမ်းခဲ့ပြီး ၁၉၄၇ ခုနှစ်ကစတင်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကွပ်မျက်ခြင်းမပြုတော့ပေ။ သို့သော် Tsarnaev ၏အမှုသည် ပြည်နယ်အဆင့်မဟုတ်ဘဲ ပြည်ထောင်စုအဆင့်၌ ဆုံးဖြတ်ရမည်ဖြစ်သည်။

**(ဘီဘီစီ)**

# ဖမ်းဆီးထိန်းသိမ်းထားသောသင်္ဘောကို ပြန်လွှတ်ပေးရန် မက္ကဆီကိုသို့ မြောက်ကိုရီးယားတောင်းဆို

**ပြုံယမ်း မေ ၉**

မြောက်ကိုရီးယားက မက္ကဆီကိုကို ၎င်း၏ သင်္ဘောတစ်စင်းအားတရားမဝင် ထိန်းသိမ်းထားမှုမှ ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။ အဆိုပါ သင်္ဘောသည် လွန်ခဲ့သည့်နှစ်က မက္ကဆီကိုတွင် သောင်တင်ခဲ့သော သင်္ဘောဖြစ်သည်။ ထိန်းသိမ်းခံသင်္ဘော မုဒုဘွန်သည် တရားဝင်ကုန်တင်သင်္ဘော တစ်စင်းဖြစ်ပြီး ၎င်းကို ထိန်းသိမ်းထားခြင်းသည် မြောက်ကိုရီးယား၏ အချုပ်အခြာအာဏာကို ထိပါးစေကြောင်း မြောက်ကိုရီးယားက ပြောသည်။

မြောက်ကိုရီးယား ပင်လယ်ရေကြောင်း စီမံခန့်ခွဲမှုအဖွဲ့ပိုင် အဆိုပါသင်္ဘောသည် ကုလသမဂ္ဂ၏ အမည်ပျက်စာရင်းတွင် ပါဝင်ကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူတစ်ဦးက ပြောခဲ့သည်။ အဆိုပါရေကြောင်း စီမံခန့်ခွဲအဖွဲ့ပိုင်သင်္ဘောများအနက် သင်္ဘောတစ်စင်းပေါ်တွင် ဆိုဗီယက်ခေတ်လက်နက်များနှင့် တိုက်ခိုက်ရေးဂျက်လေယာဉ်များ တရားမဝင်သယ်ဆောင်လာခြင်းကို တွေ့ရှိပြီးနောက် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပနားမား၌ ဖမ်းဆီးခဲ့သည်။



ကုလသမဂ္ဂသည် အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး မြောက်ကိုရီးယားကို သင်္ဘောဖြင့် လက်နက်သယ်ဆောင်မှုတွင် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ ၂၀၀၆ နှင့် ၂၀၀၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ပြုံယမ်း၏နျူကလီးယား၏ စမ်းသပ်မှုများအပြီး ချမှတ်ခဲ့သောဆုံးဖြတ်ချက်များအရ မြောက်ကိုရီးယားသို့ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ တင်ပို့မှုများကို တားမြစ်ကြောင်း ပါရှိသည်။

ကုလသမဂ္ဂ၌ တနင်္ဂနွေနေ့တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲ၌ မြောက်ကိုရီးယားဒုတိယသံအမတ်ကြီး အန်မြောင်ဟွန်က ဖမ်းဆီးခံသင်္ဘောနှင့် သင်္ဘောသားများကို လွှတ်ပေးသင့်ကြောင်း ပြောခဲ့သည်။

ဖမ်းဆီးခံသင်္ဘောသည် မည်သည့်ပြဿနာမှ မရှိကြောင်း၊ တရားဝင် ကုန်တင်သင်္ဘောတစ်စင်းဖြစ်ကြောင်း၊ ကုန်းလမ်းရေလမ်းပို့ဆောင်ရေးဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် ခုတ်မောင်းနေသော သင်္ဘောတစ်စင်းဖြစ်ကြောင်း ဒုတိယသံအမတ်ကြီးကပြောခဲ့သည်။ အဆိုပါ သင်္ဘောသည် OMM နှင့် ဆက်နွယ်ပတ်သက်မှုရှိသည်ကို ပြသရန် သက်သေများစွာရှိကြောင်း ပင်လယ်ရပ်ခြားအကြမ်းဖက်မှု ပိတ်ဆို့တားဆီးရေးဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူး ဟုဂျ်ဂရစ်ပစ်သ်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

မက္ကဆီကိုနိုင်ငံသည် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များအရ နိုင်ငံတကာ တောင်းဆိုမှုများကို ဖြည့်ဆည်းပေးနေကြောင်း၊ မက္ကဆီကို ကုလသမဂ္ဂမစ်ရှင်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ပြောခဲ့သည်။

OMM ကို ကုလသမဂ္ဂက ၂၀၁၄ ခုနှစ်တွင် အမည်ပျက်စာရင်း ထည့်သွင်းခဲ့သည်။ OMM သည် ပနားမားတွင်တွေ့ရှိခဲ့သော လက်နက်များကို သယ်ဆောင်ရန် စီစဉ်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ဟု ကုလသမဂ္ဂက ပြောခဲ့သည်။

မြောက်ကိုရီးယား အစိုးရက ပျက်စီးနေသော လက်နက်များကို ပြုပြင်ရန် သယ်ဆောင်ခဲ့ခြင်းသာဖြစ်ကြောင်း ဖော်ပြပြောဆိုခဲ့သည်။

**(ဘီဘီစီ)**


**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်**
**ဆောက်လုပ်ရေးလုပ်ငန်းများအတွက်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်မည့် အောက်ပါအဆောက်အအုံများ ဆောက်လုပ်ရန် မြန်မာနိုင်ငံသားဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ၂၀၁၅ခုနှစ် မေ ၁၂ရက် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရန် ကြေညာအပ်ပါသည်-

(က) ***RC***(၁)ထပ် ထမင်းစားဆောင် (၁၂၀ပေ×၆၀ပေ) ၂လုံး
***RC***(၁)ထပ် ထမင်းစားဆောင် (၁၀၀ပေ×၇၂ပေ) ၁လုံး
(တစ်လုံးလျှင် ကျပ် ၁၉၈.၀၀သန်း၊ ၃၁-၇-၂၀၁၅ အပြီးဆောက်လုပ်ရန်)

(ခ) ***RC***(၁)ထပ် ဗဟိုထမင်းချက်ဆောင် (၉၀ပေ×၃၆ပေ) ၁လုံး
(ကျပ် ၈၉.၁၀သန်း၊ ၃၁-၇-၂၀၁၅ အပြီးဆောက်လုပ်ရန်)

(ဂ) ***RC***(၂)ထပ် လက်တွေ့စာသင်ဆောင် (၁၈၀ပေ×၄၉ပေ) ၁လုံး
(ကျပ် ၄၇၆.၂၈သန်း၊ ၃၁-၁၂-၂၀၁၅ အပြီးဆောက်လုပ်ရန်)

(ဃ) ***RC***(၂)ထပ် ***e-Library***(၁၈၀ပေ×၄၉ပေ) ၁လုံး
(ကျပ် ၄၇၆.၂၈သန်း၊ ၃၁-၁၂-၂၀၁၅ အပြီးဆောက်လုပ်ရန်)

၂။ တင်ဒါပုံစံ၊ စံချိန်စံညွှန်းများ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို အောက်ပါလိပ်စာများနှင့် ဖုန်း-၀၆၇-၄၁၆၅၂၅၊ ၀၆၇-၄၁၆၅၂၆၊ ၀၆၇-၄၁၆၅၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါကြောင်းနှင့် မွေးရေကျေးလက် ***facebook*** နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ***website*** ဖြစ်သော ***www.uvsyezin.edu.mm*** တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**



**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်**
**ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၁) ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါရုံးသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | | |
|---|---|---|---|---|
| (က) | Office Security System | - | ၅ | စုံ |
| (ခ) | Electronic Sign Pen | - | ၅ | ချောင်း |
| (ဂ) | Digital Camera D-800(with Lens) | - | ၅ | လုံး |
| (ဃ) | Computer Core i7 | - | ၂၀ | လုံး |
| (င) | Printer(A4) | - | ၁၅ | လုံး |
| (စ) | Fax Machine | - | ၂၀ | လုံး |
| (ဆ) | Colour Scanner(A4) | - | ၁၀ | လုံး |
| (ဇ) | Colour Printer/Copier(A4) | - | ၁၀ | လုံး |
| (ဈ) | Dell Server | - | ၁ | လုံး |

(၂) အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၁၀-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

(၃) အိတ်ဖွင့်တင်ဒါများကို ၁၅-၅-၂၀၁၅ရက် နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၄) အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊**
**၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**



**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်**
**လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | Newsprint Paper | - | 9000 Tons |
| (ခ) | Web Offset Ink(Black) | - | 31000Kg |
| (ဂ) | Web Offset Ink(Cyan) | - | 41000Kg |
| (ဃ) | Web Offset Ink(Magenta) | - | 41000Kg |
| (င) | Web Offset Ink(Yallow) | - | 41000Kg |
| (စ) | CTP Plate(889x609x0.3)mm(Fuji) | - | 29600 shts |
| (ဆ) | CTP Plate(889x609x0.3)mm(Kodak) | - | 88000 shts |
| (ဇ) | CTP Plate(889x577x0.3)mm(Kodak) | - | 22000 shts |
| (ဈ) | Developer(Kodak) | - | 4800 Liters |
| (ည) | Replenisher(Fuji) | - | 1300 Liters |
| (ဋ) | Ortho Flim(22"x32")(50 Sheet/box) | - | 200 Boxes |
| (ဌ) | Wipe on Aluminium Plate (650x550x0.24)mm | - | 7000 shts |
| (ဍ) | Developing Lacquer | - | 450 Liters |
| (ဎ) | Fountain Solution(for web offset) | - | 3200 Liters |
| (ဏ) | Plate Cleaner(for web offset) | - | 225 Liters |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၀-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ နေ့စဉ်နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၅-၂၀၁၅ရက် နံနက် ၀၉း၀၀နာရီမှ ညနေ၁၆း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် ၇ ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**



**အမည်မှန်**

ကျောက်မဲမြို့၊ အမှတ် (၇)ရပ်ကွက်၊ နယ်မြေ (၄)၊ ပင်လုံလမ်းတွင်နေထိုင်သော ဦးမြနှင့်ဦးရွှေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြ(ခ)ဦးရွှေ



**ပျောက်ဆုံးကြောင်း**

ကျွန်မ မစန်းစန်းဝင်း ၅/ကလထ(နိုင်)၂၀၇၅၇၈၏ PP No.MB-022104 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၄၉၁၀၂၂၁**

ပြည်တွင်းသတင်း

# မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခမ်းအနားကျင်းပမည်

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်မင်္ဂလာအခမ်းအနား ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲအခမ်းအနားနှင့်(၂၃)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်(ဧပြီ ၁၇ရက်၊သောကြာနေ့) နံနက်ပိုင်းမှစတင်ကာ စေတီတော်ရင်ပြင် သတ်မှတ်နေရာအသီးသီး၌ ကျင်းပမည်ဖြစ်သည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေး စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ မွန်းလွဲ ၁ နာရီတွင် စေတီတော်အာရုံခံတန်ဆောင်း၌ နှစ်သစ်မင်္ဂလာအခမ်းအနားကို စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းသား အသင်းသူများက ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

# မြဝတီမြို့၌ လိင်စိတ်နိုးဆွစေသော ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၉**

မူးယစ်တပ်ဖွဲ့စု (၃၂) မြဝတီမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ဧပြီ ၆ ရက်က မြဝတီမြို့ ရပ်ကွက်(၁)ဆီးဂဲလ်ဂိတ်ဝင်းအတွင်း စက္ကူဂျပ်ဖာတစ်ဖာ ထမ်းလာသူ အဒူရဟေး(ခ) ကောင်လေး(ခ) မောင်လင်းထိန်အားရှာဖွေရာ ဂျပ်ဖာအတွင်းမှ လိင်စိတ်နိုးဆွစေသော ဆေးဝါး ၁၄ မျိုးနှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ သန္တာလမ်း အမှတ်(၁) ရပ်ကွက် ဘုရင့်နောင်ဈေးဆိုင်ခန်း အမှတ်(၃)ရှိ ယူစွပ်(ခ)ခင်မောင်ဌေး၏ဆေးဆိုင်ကိုရှာဖွေရာ လိင်စိတ်နိုးဆွစေသော ဆေးဝါး ၂၂ မျိုးနှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ လိင်စိတ်နိုးဆွစေသော ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့်ပတ်သက်ပြီး အဒူရဟေး(ခ)ကောင်လေး(ခ) မောင်လင်းထိန် (၁၈ နှစ်)နှင့် ယူစွပ်(ခ)ခင်မောင်ဌေး (၃၀ နှစ်)တို့ နှစ်ဦးအပေါ် အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၈ နှင့် ၂၉၂(က) အရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မဟာသင်္ကြန်ကာလအတွင်း လှော်ကားသဘာဝဥယျာဉ် ပုံမှန်ဖွင့်လှစ်ထားမည်

**နေပြည်တော် ဧပြီ ၉**

ရန်ကုန်-လှော်ကား သဘာဝဥယျာဉ်ကို ၂၀၁၅ ခုနှစ် ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်အထိ မဟာသင်္ကြန်ကာလအတွင်း အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် ပုံမှန်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း လှော်ကားသဘာဝဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးမောင်ကိုထံမှ သိရှိရသည်။

**သန်းဦး(လေးမျက်နှာ)**

# အများပြည်သူသို့ အသိပေးပန်ကြား

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရတနာကမ်းလွန်ဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများကို ဧပြီ ၁၁ ရက်မှ ၁၉ ရက်အထိ ၉ ရက်ကြာ ထုတ်လုပ်မှုရပ်ဆိုင်းပြီး နှစ်ပတ်လည် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

ဖော်ပြပါလုပ်ငန်းဆောင်ရွက်မည့် ဧပြီ ၁၁ ရက်မှ ၁၉ ရက်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လှော်ကား၊ ရွာမနှင့်အလုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ ထုတ်လုပ်မှုရပ်ဆိုင်းထားရပါမည်။ ဓာတ်အားစနစ်မှ ဓာတ်အားပေးစက်များဖြင့် အလုံအလောက်ဓာတ်အား ထုတ်လုပ်ပေးနိုင်သော်လည်း ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် ရန်ကုန်မြို့ရှိ အလုံဓာတ်အားပေးစက်ရုံ၊ ရွာမဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် အင်းစိန်၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဒဂုံ၊ လသာ၊ လမ်းမတော်မြို့နယ်များတွင် ဓာတ်အားအမြင့်ဆုံးအသုံးပြုသည့်အချိန်များ၌ အချိန်ပိုင်းအလိုက် ဝန်အားလျှော့ချရမှုများပြုလုပ်ရမည်မှလွဲ၍ ကျန်နေရာဒေသများအား ဓာတ်အားစဉ်ဆက်မပြတ်ပေးထားနိုင်မည်ဖြစ်ပါသည်။

ယင်းသို့ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# မူဆယ်နှင့်ကော့သောင်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၉**

မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၇ ရက်က မူဆယ်မြို့နယ် ပန်ဆိုင်း(ကြူကုတ်) ၁၀၅ မိုင်သွားကားလမ်း လုံခန် ကျေးရွာအဝင် ညောင်ပင်အနီး လမ်းမပေါ်၌ ပန်ဆိုင်း(ကြူကုတ်)မှ ၁၀၅ မိုင်သို့ ဝူလောက်အန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ တူးဘောက်စ်အတွင်းရှိ လက်ကိုင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ သိမ်းဆည်းရမိသဖြင့် ဝူလောက်အန်(တရုတ်နိုင်ငံသား) (၄၁ နှစ်)အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ယာပုံ)**

ထို့အတူ မူးယစ်တပ်ဖွဲ့စု (၃၄) ကော့သောင်းမှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၆ ရက်က ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်၊ ရန်ကြီးအောင်(၃)လမ်း နေမြင့်လွင် (ခ) ရှမ်းပုတ်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့ခန်းကြမ်းပြင်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅ ပြားနှင့် ဆေးခြောက် သုညဒသမ ဝ၁၁ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မြင့်လွင်(ခ)ရှမ်းပုတ် (၄၆ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**ကိုရဲ**

# လျှပ်စစ်ဓာတ်အား ပြတ်တောက်မည်

ဧပြီ ၁၁ ရက်တွင် ဒေါပုံ၊ ရွှေပေါက်ကံ၊ မင်္ဂလာတောင်ညွန့်၊ တောင်ဥက္ကလာပ၊ ပုဇွန်တောင်၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(မြောက်)၊ ရန်ကင်း၊ ဗဟန်း၊ တောင်ဥက္ကလာပ၊ ကမာရွတ်၊ စမ်းချောင်း၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ လသာ၊ အလုံ၊ လမ်းမတော်၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ ထန်းတပင်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့၌ (၀၉း၀၀)နာရီမှ ၁၅း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ဧပြီ ၁၂ ရက်တွင် မင်္ဂလာတောင်ညွန့်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ မရမ်းကုန်း၊ အင်းစိန်၊ ရွှေပြည်သာ၊ ဥက္ကံ၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ ဖောင်ကြီး၊ ဒါးပိန်၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့၌ (၀၉း၀၀)နာရီမှ (၁၄း၀၀)နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

# သင်္ကြန်အတွင်း မူးယစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ကျိုက်မရော ဧပြီ ၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ အထကကျောင်း၌ ဧပြီ ၇ ရက်က သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ မော်လမြိုင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ညိုလှက အမှာစကားပြောကြားပြီး ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်အေးက မှုခင်းကျဆင်းရေးအကြောင်း ဟောပြောခြင်း၊ မူးယစ်တပ်ဖွဲ့စု (၃၈) မော်လမြိုင်မှ ဒုတိယရဲမှူး နိုင်ထန်းမနားက သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် တားမြစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များအကြောင်းတို့ကို ဟောပြောခဲ့သည်။

**ကိုရဲ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

၁။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး မြို့နယ် | လုပ်ငန်းအမျိုးအစား |
|---|---|---|
| က | နေပြည်တော် ဥတ္တရသီရိမြို့နယ် | ဥတ္တရသီရိခရိုင်ရုံး၊ မြေဖြတ်၊ မြေညှိခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်း |
| ခ | နေပြည်တော် | နေပြည်တော်၊ အရေးပေါ်ကွပ်ကဲမှုဗဟိုဌာန(၁၅၀'×၆၀'×၂၄')RCC(၂)ထပ်သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း |
| ဂ | ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ | ရန်ကုန်တိုင်းဒေသကြီး၊ သိုလှောင်ရုံ အမှတ်(၂)၊ အမိုး၊ ဒိုင်းမျှားတန်းများ လဲလှယ်တပ်ဆင်ခြင်း (သွပ်ဖိုးမပါ)(၈၂'×၇၂') |
| ဃ | ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ | ရန်ကုန်တိုင်းဒေသကြီး၊ သိုလှောင်ရုံ အမှတ်(၂)၊ ကြမ်းခင်းမြှင့်တင်ခြင်း (အလျား၈၁'.၅"×အနံ ၇၁'.၅"×အမြင့် ၂'.၈") |
| င | ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ | ရန်ကုန်တိုင်းဒေသကြီး၊ သိုလှောင်ရုံ အမှတ်(၁၅)၊ ကြမ်းခင်းမြှင့်တင်ခြင်း (အလျား ၁၇၀'×အနံ ၁၀၂'×အမြင့် ၂'.၈") |
| စ | ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ | ရန်ကုန်တိုင်းဒေသကြီး၊ သိုလှောင်ရုံ၊ အမှတ်(၁၅)၊ အမိုး၊ ဒိုင်း မျှားတန်းများလဲလှယ်တပ်ဆင်ခြင်း(သွပ်ဖိုးမပါ) (၈၂'×၇၂') |
| ဆ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်း၊ M+E Generator ထားရှိရန် (၃၀'×၂၅'×၁၄') ဂိုဒေါင် RC အဆောက်အအုံဆောက်လုပ်ခြင်း |
| ဇ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်း၊ (၁၂'×၁၂'×၄၀')၊ ဂါလန်(၄၅၀၀)ဆံ့ရေစင်(Pump, Piping လုပ်ငန်းအပါအဝင်)၊ Ground Tank ဂါလန်(၁၀၀၀၀) ဆံ့)၊ အပါအဝင် ဆောက်လုပ်ခြင်း |
| ဈ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်း၊ ကားဂိုဒေါင် (၁၂၅'×၂၅'×၁၄')RC အဆောက်အအုံ ဆောက်လုပ်ခြင်း |
| ည | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်းအတွင်း လမ်း(၁၃၁၆)ကျင်း၊ (၁၈')အကျယ် ကျောက်ချောလမ်းခင်းခြင်း၊ကြိတ်ခြင်း၊မြေညှိခြင်းအပါဆောင်ရွက်ခြင်း |
| ဋ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်းထမင်းစားဆောင်ဆောင်(၁၂၀'×၆၀'×၁၄') RCC တစ်ထပ်သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း |
| ဌ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်း၊ အိပ်ခန်းခြောက်ခန်းပါ ဧည့်ရိပ်သာ၊ (၁၀၈'×၆၀'×၁၄') RCC တစ်ထပ် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း |
| ဍ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်းခန်းမကြီး (၁၄၀'×၇၀'×၂၄') RCC တစ်ထပ်သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ စတိတ်စင်အပါအဝင် ဆောက်လုပ်ခြင်း |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁၁-၄-၂၀၁၅ မှ ၃၀-၄- ၂၀၁၅ ထိ၊ ၀၉း၃၀ နာရီမှ ၁၆း၃၀ ထိ(ရုံးချိန်အတွင်း)

(ခ) **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၂၉-၄-၂၀၁၅ မှ ၃၀-၄- ၂၀၁၅ ထိ၊ ၀၉း၃၀ နာရီမှ ၁၆း၃၀ ထိ

(ဂ) **တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ** - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊နေပြည်တော်

(ဃ) **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၆-၅-၂၀၁၅၊ နံနက် ၁၀း၀၀

၃။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ပေးသွင်းပြေစာမိတ္တူကို သတ်မှတ်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက တင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်တင်ဒါတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၁၁၃၊ ၀၆၇-၄၀၄၀၄၆၊ ၀၆၇-၄၀၄၀၄၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**




## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ (ထက်၊ လယ်၊ မူ)ကျောင်းများတွင် ကျောင်းဆောင် (၁၈၇) ဆောင် တည်ဆောက်ခြင်းလုပ်ငန်းများအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၄-၂၀၁၅ ရက် နံနက် ၉း၃၀ နာရီ

**တင်ဒါပိတ်မည့်ရက်** - ၃၀-၄-၂၀၁၅ ရက် ညနေ ၁၆း၃၀ နာရီ

**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရမည့်နေရာ** - အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)၊ အင်ဂျင်နီယာဌာန၊ ဖုန်း-၀၁-၂၁၁၃၄၄၊ ၀၁-၂၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ပြည်တွင်းသတင်း

# မြန်မာ-တရုတ် ဓာတ်ပုံ၊ ပန်းချီပြပွဲ

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဧပြီ ၉**

မြန်မာ-တရုတ်နှစ်နိုင်ငံ ပြည်သူအချင်းချင်း တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးမှုအမွေအနှစ်များ နားလည်ခံစားစေရန် နှစ်နိုင်ငံပြည်သူအချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် လေးစားမှုများဖြစ်ပေါ်စေရန်အပြင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်ကြာ တည်တံ့စေရန်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၆၅)နှစ်မြောက် အထိမ်းအမှတ်ဖြစ်စေရန် ရည်ရွယ်၍ ဗုဒ္ဓအမွေအနှစ်မြန်မာ-တရုတ် ဓာတ်ပုံ၊ ပန်းချီးပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်းတွင်ဧပြီ ၉ ရက်နံနက် ၈ နာရီက ကျင်းပသည်။

ပြပွဲတွင် မြန်မာနှင့် တရုတ်ဓာတ်ပုံနှင့်ပန်းချီပညာရှင်များ၏ လက်ရာများကို ကဏ္ဍလေးခုဖြင့်ခွဲပြီး ပြထားသည်။ မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များ၏ မြန်မာနိုင်ငံဒေသအသီးသီးမှ ဗုဒ္ဓအမွေအနှစ်ဓာတ်ပုံများကို ပြသထားသည်။ ရှေးဟောင်းအမွေအနှစ် ဓာတ်ပုံလက်ရာများက ပီပြင်ပြတ်သားစွာဖြင့် မြင်တွေ့ရသည်။

တစ်ဖန် တရုတ်ဓာတ်ပုံနှင့်ပန်းချီပညာရှင်များ၏ ပီကင်းလင်းကွမ်ဗုဒ္ဓစွယ်တော်ဘုရားကျောင်းမှဗုဒ္ဓအမွေအနှစ် ရှေးဟောင်းပုံတော်များ၊ ဖဟိုင်းဘုရားကျောင်းမှ ဗုဒ္ဓအမွေအနှစ်ရှေးဟောင်းပုံတော်များ၊ တရုတ်နိုင်ငံ တွမ်တွမ်လိုဏ်ဂူအတွင်းမှ ဗုဒ္ဓအမွေအနှစ်ရှေးဟောင်းပုံတူ ပန်းချီကားများကိုလည်း ပြသထားသည်။

မြန်မာ-တရုတ်ဓာတ်ပုံ၊ ပန်းချီပြပွဲကို ဧပြီ ၁၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီ မှ ည ၉ နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်လေ့ လာနိုင်ကြမည်ဖြစ်သည်။ ယခုပြပွဲကြောင့် မြန်မာ-



တရုတ်နှစ်နိုင်ငံတို့သည် ရှေးခေတ်အဆက်ဆက်က ဗုဒ္ဓဘာသာထွန်းကားခဲ့မှုကို ပြပွဲသို့ လာရောက်လေ့လာသည့် ပြည်သူများ လေ့လာသိရှိနိုင်ကြမည်ဖြစ်သည်။

ထို့အပြင် နှစ်နိုင်ငံ ပြည်သူများအကြား ဗုဒ္ဓဘာသာထွန်းလင်းတောက်ပစေရန် အတူတကွသာသနာပြုနိုင်ကြမည်ဖြစ်ပြီး နှစ်နိုင်ငံငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ နှစ်နိုင်ငံအကြား ဘာသာတရားကို အခြေခံလျက် နားလည်မှု၊ ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာလာစေမည်ဖြစ်သည်။

မြန်မာ-တရုတ် ဓာတ်ပုံ၊ ပန်းချီပြပွဲကို မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းနှင့် မြန်မာနိုင်ငံဓာတ်ပုံသင်းတို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

# သောက်သုံးရေမပြတ်ရေးနှင့် မြို့သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်

**သီပေါ ဧပြီ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး၊ ပြည်သူများသောက်သုံးရေမပြတ်ရရှိရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ အမှိုက်ကင်းမဲ့ဇုန်ဆောင်ရွက်ရာ၌ အထောက်အကူပြုရေးတို့အတွက် ဧပြီ ၄ ရက် နံနက် ၇ နာရီကစတင်၍ သီပေါမြို့၏ လယ်မြေများနှင့် သောက်သုံးရေအတွက် အဓိကအားထားရာဖြစ်သော မြို့လယ်ချောင်းသန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးကို စုပေါင်းတူးဖော်ကာ အမှိုက်နှင့် ကြွပ်ကြွပ်အိတ်များ ကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာရပ်၊ မြို့လယ်ရပ်၊ ပန်းတိမ်မြောက်ရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများဦးဆောင်သော ရပ်ကွက်နေပြည်သူများ၊ မီးသတ်၊ ကြက်ခြေနီ၊ အကျဉ်းဦးစီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက မြို့လယ်ချောင်းတစ်လျှောက် လုပ်ကွက်များသတ်မှတ်လျက် ချောင်းအတွင်းရှိ အမှိုက်များ၊ ကြွပ်ကြွပ်အိပ်များကိုဆယ်ယူပြီး ကောနေသောနေရာများ ပြန်လည်တူးဖော်ခြင်း စသည့်ပြည်သူ့အကျိုးပြု လုပ်ငန်းများကို လူမှုရေးအသိစိတ်ဖြင့် ပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အမှိုက်ကင်းမဲ့ဇုန်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်လှိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

**စိုင်း(သီပေါ)**

# ဖယ်ခုံမြို့နယ်တွင် ဘိန်းစိုက်ခင်း သိသိသာသာ ကျဆင်း

**ဖယ်ခုံ ဧပြီ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် အနောက်ပိုင်း ကျေးရွာများတွင် ဘိန်းအများအပြား စိုက်ပျိုးခဲ့ရာ ဘိန်းစိုက် ဧက ၃၀၀၀ ခန့်အထိ စိုက်ပျိုးခဲ့ကြသည်။ သို့သော် ယခုနှစ်တွင် ဘိန်းစိုက်ပျိုးဧက သိသိသာသာ ကျဆင်းနေပြီး ဘိန်းအစားထိုးသီးနှံများကို ပြောင်းလဲစိုက်ပျိုးနေသည်ကို တွေ့ရသည်။

ဘိန်းစိုက်ပျိုးမှုကုန်ကျစရိတ်မှာလည်း သိသိသာသာ မြင့်တက်နေသည်။ ပေါင်းသင်ခ၊ ဓာတ်မြေဩဇာဖိုး၊ အလုပ်သမားခ၊ မြေဆီလွှာခမ်းခြောက်မှု၊ ရာသီဥတုမမှန်မှု၊ နှင်းခါးရိုက်မှုတို့ကြောင့် ဘိန်းအထွက်နည်းလာသည်။ ထွက်ရှိသည့်ဘိန်းမှာလည်း မတန်မဆ ဈေးကျဆင်းနေပြီး ဝယ်လက်ပျောက်ကာ ဘိန်းစိုက်ပျိုးသူများမှာ အရှုံးနှင့်ရင်ဆိုင်နေကြရသည်။ ထို့ကြောင့်ဖယ်ခုံမြို့နယ် အနောက်ဘက်ရှိကျေးရွာများမှာ ယခုနှစ်စိုက်ပျိုးရာသီတွင် ဘိန်းမစိုက်ပျိုးကြတော့ပဲ ဧက ၃၀၀၀ ကျော်တွင် ဘိန်းအစားထိုးသီးနှံ များဖြစ်သည့်အာလူး၊ နေကြာ၊ လိမ္မော်၊ သစ်မွှေးနှစ်ရှည်ပင်ဖြစ်သော ဒညှင်းပင်များ စိုက်ပျိုးနေကြကြောင်းသိရသည်။

**တင်လှိုင် (မိတ္ထီလာ)**



**ဖခင်အမည်မှန်**

အမက (၁၄) မူလွန် မင်္ဂလာတောင်ညွန့် ဒုတိယတန်း (E)မှ မမေမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးမူဆလင် (ခ) ဦးရဲမြင့် ဖြစ်ပါသည်။

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဂ/၄၇၄၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

**နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်း**

ချစ်ဖေဖေ ဗိုလ်မှူးချုပ်ကျော်နိုင်ဦး(ငြိမ်း)နှင့် ချစ်မေမေ ဒေါ်ခင်သက်မွန်တို့၏ ၁၀-၄-၂၀၁၅ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတု နှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ရတုအဆက်ဆက် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းသာ ကျန်းမာစွာဖြင့် လောကီလောကုတ္တရာနှစ်ဖြာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ချစ်စွာသော**
**သားကြီး-ထူးရဲကျော်နိုင်**
**မီးမီး-နှင်းသက်ကျော်နိုင်**
**မီးငယ်လေး-ခိုင်ရည်ကျော်နိုင်**




**ပြင်ဆင်ဖတ်ရှုပါရန်**

၁၆-၃-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ (၈)ကန့်ကွက်ကြော်ငြာအမှတ်စဉ် (၁၄) ဦးမောင်မောင်လွင်၏ အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဦးမောင်မောင်လွင်အစား ဦးမောင်မောင်လွင်(ခ) မက်ဆူဒ် ၉/မနမ(နိုင်)၁၂၂၇၆၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။



**လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၁) ကယားပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း/ပြင်ထိန်းရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်းရှိ လမ်း/တံတားလုပ်ငန်းများဆောက်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၂) အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၈-၄-၂၀၁၅ ရက်မှ စတင်၍ ရုံးချိန်အတွင်းရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၅-၂၀၁၅ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

(၃) တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့်တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးဖြစ်ပါသည်။

(၄) အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဤဌာန ပြည်နယ်ရုံးတွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၈၃-၂၁၄၉၄ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လုပ်ငန်းအိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**




**ကွာရှင်းပြတ်စဲပြီးစီးခြင်း**

ကျွန်တော် ဦးဇော်မင်း ၁၀/သထန(နိုင်)၀၁၂၉၃၂နှင့် ဒေါ်မေသန္တာဝင်း ၁၀/သထန(နိုင်) ၁၄၀၈၈၂တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ပဲခူးခရိုင်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

**ဦးဇော်မင်း ၁၀/သထန(နိုင်)၀၁၂၉၃၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် အောင်နိုင်ဝေ CDC-28650သည် BST နှင့် SSA ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၄၀၄၇၆**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

**တင်ဒါပိတ်ရက်ပြင်ဆင်ခြင်းကြေညာချက်**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝယ်ယူမည့် ဓာတ်ခွဲခန်းသုံးပစ္စည်း (၁၉)မျိုး Student registration and Management Software လယ်ယာသုံးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ တင်ဒါပိတ်ရက်အား ၂၄-၄-၂၀၁၅ရက် (သောကြာနေ့) ၁၆း၀၀နာရီနောက်ဆုံးထား တင်သွင်းရန်ပြင်ဆင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

**အကြောင်းကြားစာ**

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၆၁**

**ကွယ်လွန်သူ ဦးသန်းဆွေ(အင်း၀ဘဏ်လီမိတက်)၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဒေါ်မြစီ      **လျှောက်သူ**

မ-၁၄၅၈၊ မြတ်လေးလမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်မြစီက ကွယ်လွန်သူ ဦးသန်းဆွေ၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သည်ဟူ၍

အထက်ပါနေရပ်နေ ၎င်းကွယ်လွန်သူ ဦးသန်းဆွေမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးသန်းဆွေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် မေ ၇ရက် (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၅ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်မြစီ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဧပြီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

ဆောင်းပါး

# တန်ခူးလနှင့် အတာရေသဘင်ပွဲတော်

တင်မောင်ဦး(အလုံ)

တစ်ဆောင်းကြွေ၍ တစ်နွေသစ်လေပြီ။ ရှစ်ခွင်တိုင်း မှုန်မှိုင်းလို့ ပတ်လည်ဟူသော စာဆိုနှင့်အညီ ဝန်းကျင် တစ်ဝိုက် မြူမှုန်များက ရစ်သိုင်းထားကြသည်။ နွေဦးမို့ လေရူးက ဆော်သွေးလာပြီး ရွက်ခြောက်ကလေးများက လေရူးနှင့်အတူ ရှပ်တိုက်ပြေးလွှားကစားနေကြပြီး ဥသြ ငှက်ပျိုတွန်သံချိုလျှင် သင်္ကြန်ရောက်တော့မည်ကို သင်္ကြန်ချစ်သူတိုင်း သိကြပါသည်။

တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုး သင်္ကြန်မိုးဟူသော စကားအတိုင်း ပူပြင်းသောနွေရာသီကို အန်တုပြီး မိုးသံ လေသံပေးလာသော နှစ်သစ်ကို ကူးပြောင်းမည့် အထိမ်း အမှတ်ဖြစ်ပေသည်။ ရွက်ဟောင်းကြွေပြီး ရွက်သစ်ဝေ ချိန်တွင် သင်္ကြန်မိုးရွာသွန်းလေသည်။ ထိုရွာသွန်းသော မိုးသည် လောကတစ်ခုလုံး စိမ်းစိုလန်းဆန်းပြီး ကြည်လင် အေးမြမှုကို ပေးလေသည်။

မြန်မာမှုအတွက် အရေးပါသော ထန်းများကို ခူးသော လရာသီထန်းခူးလမှ တန်ခူးလဖြစ်သည်ဟု ဆိုပေသည်။ တန်ခူးလသည် မြန်မာတို့၏ ဓလေ့နှင့် တိုက်ရိုက်တိုက်ဆိုင်သော လဖြစ်ပေသည်။ ထိုလတွင် မြန်မာတို့သည် နှစ်သစ်ကူးပွဲတော်ဖြစ်သော တာသင်္ကြန် ပွဲကို ဆင်နွှဲကြပေသည်။ တာသင်္ကြန်ဟူသည်မှာ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ကိုဆောင်ပေသည်။ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းရာတွင် မြန်မာတို့ သည် ကောင်းမွန်ပြီး အဓိပ္ပာယ်ပြည့်စုံသော ပျော်ရွှင်မှု များကိုပြုလုပ်ပြီး ပျော်ပွဲရွှင်ပွဲ၊ ကပွဲနှင့် ရေသဘင်ပွဲများ ကို ဆင်နွှဲကြပေသည်။

ရှေးမြန်မာမင်းများ လက်ထက်ကဆိုလျှင် နှစ်သစ်ကူး ရေသဘင်ပွဲတော်ကို သိမ်မွေ့ယဉ်ကျေးစွာ ဆင်နွှဲခဲ့ကြ သည်။ သပြေခက်ဖြင့် အောင်အတိတ် အောင်နိမိတ်ကို ဆောင်လျက် နံ့သာရေများဖြင့် သွန်းလောင်းခြင်းအမှုကို ပြုလုပ်ကြပေသည်။ မိဘများထံတွင် ခွင့်ပန်လျက် ရေ သဘင်ပွဲဆင်နွှဲပျော်ရွှင်ကြသော မောင်မယ်တို့၏ ပျော်ပွဲ သည် ကြည်နူးဖွယ်အတိဖြစ်ပေသည်။ မြန်မာတို့၏ ရေပက် ကစားခြင်းသည် သာကီဝင်မင်းမျိုးတို့၏ဓလေ့မှ ကူးစက် လာသည်ဟု ဆိုသည်။ ထိုမှ တကောင်းခေတ်၊ ပုဂံခေတ်တို့ မှစ၍ ယနေ့တိုင် ရေပက်ကစားခြင်း ရေသဘင်ပွဲတော်ကို ထူးခြားစွာဖြင့် မြန်မာတို့လက်ဆင့်ကမ်းသယ်ဆောင် လာသော နှစ်သစ်ကူးပွဲတော်ဖြစ်သည်။

နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းချိန်ဝယ် နှစ် ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင် သည့်အနေဖြင့် မြန်မာတို့သည် ရေပက်ကစားကြသည်။ နှစ်သစ်ကို စိတ်သစ် လူသစ် အားမာန်သစ်ဖြင့် ကြိုဆိုလိုက် ခြင်းဖြစ်ပြီး တစ်ဖန်ရေသည် အေးမြခြင်း၊ ကြည်လင်ခြင်း တို့ကြောင့် ကောင်းသောအတိတ်နိမိတ်တို့ကိုလည်း ဆောင်ပေသည်။ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသော သင်္ကြန်ကာလတွင် ရှေးမြန်မာဘုရင်များသည် နှစ်သစ် ကန်တော့ပွဲများ၊ ခေါင်းဆေးမင်္ဂလာပွဲများပြုလုပ်ကြ သလို ပြည်သူများကလည်း သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းညှပ်ပေး ခြင်းများပြုလုပ်ကြပြီး ကောင်းမြတ်သော အစဉ်အလာ ဓလေ့ကို ထိန်းသိမ်းခဲ့ကြလေသည်။

တန်ခူးလရာသီရေသဘင်ပွဲတော်တွင် ထူးခြားချက် တစ်ခုမှာ အရပ်လေးမျက်နှာမှလာသော ပြည်သူအပေါင်းတို့ အား ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်များကို စတုဒိသာကျွေးမွေးခြင်းဓလေ့ပင် ဖြစ်ပေသည်။ ထိုစတု ဒိသာကျွေးမွေးခြင်းသည် အယုတ်၊ အလတ်၊ အမြတ်မရွေး ကျွေးမွေးခြင်းဖြစ်သောကြောင့် ခွဲခြားမှုမရှိ၊ သာတူ ညီမျှမှုရှိသော မြန်မာ့စိတ်ဓာတ်ကို ပြရာ ရောက်ပေသည်။ တစ်ဖန် တန်ခူးလ၏ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင်လည်း ငှက်များ၊ ငါးများ၊ သတ္တဝါအပေါင်းတို့အား ဇီဝိတဒါန ဘေးမဲ့လွှတ်ပွဲများကိုလည်းပြုလုပ်ပြီး ကုသိုလ်ယူကြလေ သည်။

တန်ခူးလသည် အတာကူးသည့်လတန်ခူးဟု အသိ အမှတ်ပြုပြီး တာဝတိံသာမှ သိကြားမင်းသည် လူ့ပြည်သို့ ဆင်းသက်လာပြီး ကောင်းမှုပြုသူနှင့် မကောင်းမှုပြုသူ များကို ရွှေပုရပိုက်၊ ခွေးသရေပုရပိုက်များနှင့် မှတ်တမ်းတင် သည်ဟု အယုံအကြည်ရှိပြီး ရေသဘင်ပွဲဆင်နွှဲကြသလို ဥပုသ်သီလစောင့်ခြင်း၊ တရားဘာဝနာအားထုတ်ခြင်းများ ကို ပြုလုပ်ကြလေသည်။

ထိုကဲ့သို့ ရှေးမြန်မာမင်းများအဆက်ဆက် နှစ်သစ် ကူးပွဲတော်ကို ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဆင်နွှဲခဲ့သော မြန်မာသင်္ကြန်သည် ယခုအခါတွင် အကျည်းတန် အရုပ်ဆိုးသော သင်္ကြန်ပွဲတော်ဖြစ်လာခဲ့ပေသည်။ အရက်သေစာ အလွန်အကျွံသောက်စားပြီး မူးယစ် ရမ်းကားလာကာ ရေသဘင်ပွဲဆင်နွှဲသည့်အခါတွင် သပြေခက်ဖြင့် ရေမပက်တော့ဘဲ မီးသတ်ပိုက်ဖြင့် ထိုးပက်သော ဓလေ့သို့ရောက်ရှိခဲ့လေသည်။ မောင်နှင့် နှမ၊ သားနှင့်အမိဆိုသလို အရှက်တရား အကြောက် တရားကင်းပြီး သင်္ကြန်ပွဲတော်တွင် ဝတ်ချင်ရာဝတ်၊ နေချင်သလိုနေပြီး မူးချင်တိုင်းမူးကာ မြန်မာပြည်၏ အလှကို ဖျက်ဆီးနေကြပေသည်။ အကွဲအပြဲစကတ် များကို ဝတ်ဆင်နေရုံမျှမက တစ်ထွာလောက်ရှိသော ဘောင်းဘီကိုပင် ဝတ်ဆင်လာသော ယခုမျက်မှောက် ကာလတွင် ရှေးမြန်မာမင်းများ အဆက်ဆက်က ယဉ်ကျေးသိမ်မွေ့စွာဖြင့် ပြုလုပ်ခဲ့သော မြန်မာသင်္ကြန် ပွဲတော်အား အရုပ်ဆိုးအကျည်းတန် မဖြစ်အောင် ထိန်းသိမ်းဖို့လိုအပ်ပေသည်။

အချုပ်အားဖြင့်ဆိုပါလျှင် ရွက်ဟောင်းများကြွေပြီး ရွက်သစ်ဝေကာ ပိတောက်ပန်း၊ ငုဝါပန်းတို့ဖြင့် ဝင်းဝါ လှပနေသော တန်ခူးလသင်္ကြန်ပွဲတော်သည် စည်သံ၊ ပြောသံ၊ အမျှဝေသံ၊ သာဓုခေါ်သံတို့ဖြင့် ပွဲတင်ထပ်နေ သောပွဲတော်ဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် များ ဖော်ထုတ်ပြသသောပွဲလည်း ဖြစ်သောကြောင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် မြန်မာ့အလှ မြန်မာ့ ယဉ်ကျေးမှုကိုပြသပြီး ကမ္ဘာကပင် လေးစားအားထား ရသော မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား ဆင်နွှဲကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။

> **အရက်သေစာ အလွန်အကျွံသောက်စားပြီး မူးယစ်ရမ်းကားလာကာ ရေသဘင်ပွဲဆင်နွှဲသည့်အခါတွင် သပြေခက်ဖြင့် ရေမပက်တော့ဘဲ မီးသတ်ပိုက်ဖြင့် ထိုးပက်သော ဓလေ့သို့ရောက်ရှိခဲ့လေသည်။**



# နှစ်ပေါင်း ၆၀ ကျော်သက်တမ်းရှိ အုတ်ဖိုဆည် ပထမဆုံးအကြိမ် ပြန်လည်တူးဖော်ပြုပြင်

**မိတ္ထီလာ မေ ၉**

မိတ္ထီလာမြို့ ကံကြီးကျေးရွာအုပ်စု အုတ်ဖိုကျေးရွာတွင် တည်ရှိသော နှစ်ပေါင်း ၆၀ ကျော် သက်တမ်းရှိ အုတ်ဖိုဆည်ကို ပြန်လည် တူးဖော်ပြုပြင်ပေးလျက်ရှိသောကြောင့် ဒေသခံတောင်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်းသိရသည်။

"အုတ်ဖိုဆည်က အဘတို့ငယ်ငယ်ကတည်းက ရှိခဲ့တယ်။ အဲဒီတုန်းကတော့ ဆည်ရေသိုလှောင်နိုင်တဲ့ အနေအထားရှိတယ်။ နှစ်ပေါင်း ကြာလာတဲ့အခါကျတော့ မိုးများတဲ့နှစ်တွေမှာ ဆည်ထဲ ရေမနေတော့ဘူး။ ရေကို မထိန်းထားနိုင်တော့ နွေစပါးလည်း မစိုက်ပျိုးနိုင်ဘူး။ မိတ္ထီလာကန်က လွှတ်တဲ့ရေကို ဆည်မှာသိုလှောင်ပြီးတော့ ဆည်ရေနဲ့ စပါးကို စိုက်ပျိုးတယ်။ အခြားသီးနှံတွေလည်း စိုက်ပါတယ်။ အုတ်ဖိုဆည်အထက်မှာ ကျေးရွာဆည် သုံးခုလောက်ရှိသေးတယ်။ အဲဒီဆည်သုံးခုက ပိုလျှံတဲ့ရေမှ အုတ်ဖိုဆည်ထဲကိုရောက်တာ။ အုတ်ဖိုဆည်ရေနဲ့ ကံကြီးကျေးရွာအုပ်စုအတွင်းက အုတ်ဖိုကျေးရွာ၊ ကွက်ငယ် ကျေးရွာအုပ်စုအတွင်းက ကြာကန်ကျေးရွာအပြင် သာစည်မြို့နယ်ထဲက ဇီးတောကျေးရွာလည်း စပါးကို စိုက်ပျိုးကြတယ်။ အခုလို ဆည်ကိုပြန်လည်တူးဖော်ပြုပြင်ပေးလို့ ဒေသခံတောင်သူတွေအားလုံး ဝမ်းမြောက်ပျော်ရွှင်နေပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ဆည်မြောင်းဦးစီးဌာနက တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်းမှာ အဘမှတ်မိသလောက် အုတ်ဖိုဆည်ကို ပထမဆုံးအကြိမ် ပြန်လည်တူးဖော်ပြုပြင်ပေးတာ ဖြစ်တယ်"ဟု အုတ်ဖိုကျေးရွာနေ အသက် ၇၆နှစ်အရွယ် အဘိုးတစ်ဦးက ပြောသည်။

အုတ်ဖိုကျေးရွာတွင် လယ်ဧက ၅၀၀ ကျော်နှင့် ယာမြေ ဧက ၃၀၀ ခန့်ရှိပြီး အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၈၀၀ ခန့် နေထိုင်လျက်ရှိပြီး စပါး၊ ပဲ၊ ပြောင်း၊ ဝါ၊ ငရုတ်၊ ခရမ်းချဉ်စသည့် သီးနှံမျိုးစုံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြောင်း သိရသည်။

အုတ်ဖိုဆည်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူပြန်လည်တူးဖော် ပြုပြင်ပေးခြင်းဖြစ်ပြီး ဆည်ကိုတူးဖော်ပြုပြင်ခြင်း၊ ရေဝင်ချောင်းကို တူးဖော်ပြုပြင်ခြင်းများကို ယခုဘဏ္ဍာနှစ်မကုန်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# သံလွင်တံတားပေါ်၌ယာဉ်များ စတင်ဖြတ်သန်း

**ဖားဆောင်း မေ ၉**

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ်တွင် သံလွင်မြစ်ကို ဖြတ်ကျော်၍ ဖားဆောင်း၊ မယ်ဆည်နန်၊ မယ်စဲ့၊ နန့်မန်းအရှေ့နှင့်အနောက် သွယ်တန်းထားသော သံလွင်တံတားကြီးပေါ်တွင် မေ ၆ ရက်က စတင်၍ မော်တော်ယာဉ်များ မောင်းနှင်ဖြတ်သန်းခွင့်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါတံတားကြီးကို အထူးစီမံကိန်းကြီးအဖွဲ့ (၄) မှ တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ အောက်ခြေဖောင်ဒေးရှင်းအမျိုးအစားမှာ သံကူကွန်ကရစ်လွန်တူးဘိုးပိုင် (1.2 mo) အမျိုးအစားဖြစ်သည်။

တံတားကြီးတွင် အခန်းကိုးခန်းပါရှိပြီး အရှည်ပေ ပေ ၁၂၆၀ ဖြစ်သည်။ တံတားတစ်ဖက်တစ်ချက်တွင် သုံးပေရှိသော လူသွားလမ်းထည့်သွင်းတည်ဆောက်ထားသဖြင့် နှစ်လမ်းသွားကားလမ်းအကျယ်မှာ ၂၄ ပေရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၂၂၂ ပေ၊ အမြင့် ၁၇ ပေရှိကာ ယာဉ်သွားလာမှုခံနိုင်ဝန်အားဖြင့် တန် ၆၀ ရှိကြောင်း သိရသည်။

**လှရွှေ(iprd)**

# ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်

**ရန်ကုန် မေ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၃/ခ) ရပ်ကွက် သမိန်ဗရမ်းလမ်းမကို ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ခဲ့ပြီး လမ်းဖွင့်ပွဲကို မေ ၄ ရက်ကကျင်းပခဲ့သည်။

ကွန်ကရစ်လမ်းဖွင့်ပွဲသို့ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဉာဏ်ဝင်း၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်၊အနောက်ပိုင်းခရိုင် အင်ဂျင်နီယာမှူး ဦးကံညွန့် နှင့် တာဝန်ရှိသူများတက်ရောက်ဖွင့်လှစ်ပေးသည်။ ယခုဖွင့်လှစ်ခဲ့သည့် ကွန်ကရစ်လမ်းသည် ယခင်ကမြေသားလမ်းဖြစ်ပြီး မော်တော်ယာဉ်များ မောင်းနှင်သွားလာမှုနှင့် ပြည်သူများသွားလာမှုအဆင်ပြေစေရန် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဝ၃၃)**



ပြည်တွင်းသတင်း

# ပဲခူးရိုးမပေါ်မှ ဖြတ်ကျော်ဖောက်လုပ်လျက်ရှိသော မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းကားလမ်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ- ခရမ်းစိုးမြင့်

ပဲခူးရိုးမတောင်တန်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးမှ ပဲခူး-မကွေး-မန္တလေးတိုင်းဒေသကြီး အတွင်းအထိ ရှည်လျားစွာတည်ရှိနေသော တောင်တန်းကြီးဖြစ်ပြီး ရိုးမကြီး၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ဒေသနေပြည်သူများအတွက် အတားအဆီးကြီးတစ်ခုသဖွယ် ဖြစ်နေခဲ့သည်။

ယခင်က ထိုဒေသတွင် အဆင်းခက်ခက် အတက်ခက်ခက်၊ လူသွားလမ်းကလေးများနှင့် သစ်ထုတ်လုပ်ရေး လမ်းများသာရှိခဲ့ရာ ပဲခူးရိုးမကြီးကို ဖြတ်ကျော်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းသည် လမ်းမကြီးခုနစ်သွယ်ကို ဖောက်လုပ်လျက်ရှိသည့်အနက် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းကားလမ်းသည် တစ်လမ်းအပါအဝင်ဖြစ်သည်။

ယခုအခါ အဆိုပါကားလမ်းကို ပဲခူးခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်းအထူးအဖွဲ့ (၇)နှင့် သာယာဝတီခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က တာဝန်ယူဖောက်လုပ်လျက်ရှိသည်။ ကျွန်တော်သည် မေ ၆ ရက်က အဆိုပါလမ်းပိုင်း မိုင်တိုင်အမှတ် ၁၄/၁ မှ ၃၁/၃ အထိ ၁၇ မိုင် ၁ ဖာလုံကို တာဝန်ယူ ဆောင်ရွက်နေသော ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးတင်မောင်ဝင်းနှင့် အတူ ပဲခူးရိုးမကြီးကိုဖြတ်ကျော် ဝင်ရောက်လေ့လာခွင့်ရခဲ့သည်။

မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းကားလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ကျွန်းကုန်း-ဖဒို-မြို့ချောင်းအပိုင်းနှင့် စိန်ကန့်လန့်-မင်းလှတာဆုံအပိုင်း လမ်းမှာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းဖြစ်ပြီး မြို့ချောင်း-စိန်ကန့်လန့်မှာ ၂၀၀၁ ခုနှစ် မတ်လက သစ်တောရေးရာဝန်ကြီးဌာနမှ ဖောက်လုပ်ထားသော မြေသားလမ်းဖြစ်သည်။ ကျွန်းကုန်း-ဖဒို-မြို့ချောင်းလမ်းမှာ လယ်မြေများကိုဖြတ်သန်း ဖောက်လုပ်ထားသော်လည်း မြို့ချောင်း-စိန်ကန့်လန့်အပိုင်းတွင် ရေဝေတောင်ကြားကိုလိုက်၍ ဖောက်လုပ်ထားသောကြောင့် အကွေ့အကောက် အတက်အဆင်းများသည်။ နတ်စင်တောင်၊ ဘိုပျံတောင်၊ ကျောက်ပုံတောင်များမှာ အမြင့်တောင်များဖြစ်သောကြောင့် အဆင်းအတက် နှုန်းမြင့်မားသည်။ ခါချဉ်တောင်တစ်ဝိုက်တွင် တံတောင်ဆစ်ကွေးကွေးများဖြစ်သည်။

ထိုကားလမ်းကို တန် ၄၀ ရှိ မော်တော်ယာဉ်များနှင့် အများပြည်သူသုံး၍ရသော ကားလမ်းမကြီး တစ်လမ်းအဖြစ်ရောက်ရှိစေရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိရာ ခါချဉ်တောင်ကဲ့သို့ အတက်အဆင်းကြမ်းသည့် နေရာများကို လမ်းအူကြောင်းအသစ်ရှာဖွေပြီး ပြေပြစ်သော လမ်းကြောင်းရရှိရန် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အဆိုပါရိုးမဖြတ်လမ်းကြီး မိုင်တိုင်အမှတ်၁၄/၁ မှ ၃၁/၃အထိ ၁၇ မိုင် ၁ ဖာလုံအတွင်း၌ မြေညှိရန် ကတ္တရာရေပိတ်လွှာ လောင်းခြင်း၊ လမ်းပေါက်များဖာ၍ ကတ္တရာခင်းခြင်း၊ တောင်ကျရေတိုက်စားမှုကြောင့် ဖြစ်ပေါ်သွားသော ချောက်ကမ်းပါးများကို မြေထိန်းတုတ်များ ရိုက်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ ကျပ် ၂၇၉ ဒသမ ၅ သန်းသုံးစွဲ၍ ဆောင်ရွက်ခဲ့ကြောင်း ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် အင်ဂျင်နီယာ ဦးတင်မောင်ဝင်းက ပြောသည်။

အဆိုပါ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းရိုးမဖြတ်ကျော်ကားလမ်းမကြီး ပြီးစီးသွားပါက ရိုးမတောင်ခြေ အနောက်ဘက်ခြမ်းရှိ သာယာဝတီ၊ သုံးဆယ်၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ ရွှေတောင်၊ နတ်တလင်း၊ ပေါင်းတည်၊ ပြည် စသည့်မြို့များသည် မိမိတို့တိုင်းဒေသကြီး၏ မြို့တော်ပဲခူးသို့သွားလိုလျှင် ရိုးမတောင်ကြီးကို ကွေ့ပတ်သွားစရာမလိုတော့ဘဲ အနီးဆုံးခရီးအဖြစ် ရိုးမကြီးပေါ်မှဖြတ်၍ ကားနှင့်သွားနိုင်ကြတော့မည် ဖြစ်သည့်အပြင် ဒေသထွက်ကုန်များလည်း တစ်နယ်နှင့် တစ်နယ်သယ်ပို့ရောင်းဝယ် ဖောက်ကားနိုင်တော့မည်ဖြစ်သည်။



## အထွေထွေရွေးကောက်ပွဲ မဲရုံနေရာသတ်မှတ်

**သီပေါ မေ ၉**

ကော်မရှင်လုပ်ငန်းရပ်များနှင့် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများလျာထားသတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၅ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ကျင်းပပြီး စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ မရှိသောအရပ်ဒေသများ၌ သီးခြားမဲရုံများ ဆောက်လုပ်နိုင်ရေး ကြိုတင်ဆောင်ရွက်ထားရန်တို့ကို တာဝန်ရှိသူများက ဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၇ အုပ်စုနှင့် ရပ်ကွက် ၁၁ ရပ်ကွက်တို့တွင် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများ ဆောက်လုပ်မည့်နေရာများကို လျာထားသတ်မှတ်ညှိနှိုင်းကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**



တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သော မာအိုဝမ်-ဗိုင်ဗက် လမ်းသစ် ငါးမိုင်ဖောက်လုပ်ပြီးစီးမှု ဖွင့်ပွဲကို မတ်လနောက်ဆုံးပတ်က တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ နေစု(ချင်းရိုးမ)

## အရန်သားဖွားဆရာမသင်တန်းဆင်း

**မိတ္ထီလာ မေ ၉**

မိတ္ထီလာခရိုင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ခရိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အရန်သားဖွားဆရာမသင်တန်းဆင်းပွဲကို မေ ၇ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီးခန်းမ၌ ကျင်းပသည်။ အဆိုပါ အရန်သားဖွားဆရာမသင်တန်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၀၁၅ ခုနှစ် မတ် ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကျေးရွာပေါင်း ၂၀ မှ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ဆင်ဖြူတော်ဖောင်ဒေးရှင်းမှလှူဒါန်းသည့် ပစ္စည်းများပေးအပ်

**မုံရွာ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့တွင် ဆင်ဖြူတော်ဖောင်ဒေးရှင်းမှ လှူဒါန်းသော အဝတ်အထည်ပစ္စည်းများ ထောက်ပံ့ ပေးအပ်ပွဲအခမ်းအနားကို မေ ၃ ရက်က လဟယ်မြို့စာရာမေရီအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၊ ကိုရီးယားဆရာတော် လီယောင်တန်၊ နယ်စပ်ရေးရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ နာဂဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှူစံကြူး၊ ဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကိုရီးယားဆရာတော် လီယောင်တန်က ဆင်ဖြူတော်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် အဝတ်အထည်ပစ္စည်းများကို ထောက်ပံ့ကာ နာဂဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းအား ကိုရီးယားဆရာတော်ထံ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအီနွယ်လှိုင်ပူမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက ကိုရီးယားဆရာတော်အား ကျေးဇူးတင်စကား ပြန်လည်မြွက်ကြားခဲ့သည်။

သီတဂူဆရာတော် ဗုဒ္ဓသာသနာပြု ကျန်းမာရေးဆရာဝန်များမှ နာဂဒေသ လဟယ်မြို့တွင် မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးခြင်းနှင့် အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံအင်္ဂလိပ် စကားပြောသင်တန်းတို့ကို တစ်လတိတိ သီတဂူသာသနာပြု ဆရာတော်နှစ်ပါးတို့မှ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ လိုက်နာရမည့်ကျင့်ဝတ်များ ရှင်းလင်း

**နေပြည်တော် မေ ၉**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်း၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ လိုက်နာရမည့် ကျင့်ဝတ်များ ရှင်းလင်းပွဲကို မေ ၇ ရက်က နေပြည်တော် Grand Amara Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် ရွှေ့ပြောင်းသွားလာခြင်းလုပ်ငန်းစဉ်၌ သွားရောက်လုပ်ကိုင်သော နိုင်ငံများ၌ ရွှေ့ပြောင်း အလုပ်သမားများအား အမြတ်ထုတ်ခြင်း၊ အကြမ်းဖက်ခြင်း၊ အတင်းအဓမ္မခိုင်းစေမှုများ လျော့နည်းပပျောက်စေရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဥပဒေပြဋ္ဌာန်း၍ အကာအကွယ်ပေးမှုများ၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာအလုပ်သမားများ ပြည်ပသို့စေလွှတ်ခြင်း လုပ်ငန်းစဉ်တွင် လုံခြုံစိတ်ချသော ရွှေ့ပြောင်းသွားလာမှုအတွက် ဝန်ဆောင်မှုများ ပေးနိုင်ရန်၊ ပြည်ပအလုပ်အကိုင် လုပ်ငန်းများကို ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ငန်းလုပ်ဆောင်မှုများ တိုးတက်စေရန်ရည်ရွယ်၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရ အေဂျင်စီများလိုက်နာရမည့် ကျင့်ဝတ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေး

**ဝိုင်းမော် မေ ၉**

ဝိုင်းမော်မြို့ရပ်ကွက်(၃)အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ မေ ၇ ရက်က မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးရှင်းလင်းပွဲ ကျင်းပသည်။ အခမ်းအနားတွင် မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး ထွန်းလွင်က ယာဉ်မတော်တဆမှုကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေး၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများနှင့် ပြစ်မှုပြစ်ဒဏ်များကို အကျယ်တဝင့်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **မိုဃ်းကျ(မြစ်ကြီးနား)**

ပြည်တွင်းသတင်း

# အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် စာသင်ဝိုင်း ၁၀၀ ကျော်ဖြင့် သင်ကြားပေးလျက်ရှိ

**မြင်းမူ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ဧပြီ ၁ ရက်မှစတင်ပြီး စာသင်ဝိုင်း ၁၁၄ ဝိုင်းဖြင့် စာမတတ်သူများအား စာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်း စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ရွှေဘိုတက္ကသိုလ်မှ ဆရာ ဆရာမ ၁၀ ဦးနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၁၂ ဦးတို့က ကျေးရွာ ၅၅ ရွာသို့ သွားရောက်ပြီး စာသင်ဝိုင်းများဖွဲ့၍ စာအရေး၊ အဖတ် ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးနေခြင်းဖြစ်သည်။

စာသင်ကြားပေးနေသူတစ်ဦးဖြစ်သည့် ရွှေဘိုတက္ကသိုလ်မှ ပထမနှစ် မဟာဝိဇ္ဇာ-မြန်မာစာကျောင်းသူ မသီသီခိုင်က "ကျွန်မတို့က တပင်ရွှေထီးရပ်ကွက်မှာ စာသင်ဝိုင်းနှစ်ဝိုင်းနဲ့ စာသင်သူ ၁၄ ဦးကို သင်ပေးနေတာပါ။ အမေအရွယ်၊ အဒေါ်အရွယ်တွေဆိုပေမယ့် စာတတ်ချင်တဲ့စိတ်တွေနဲ့ လာသင်ကြတာဆိုတော့ သင်ပေးရတာ အဆင်ပြေပါတယ်။ နေ့ခင်းဘက်မှာ သူတို့အလုပ်မအားကြလို့ ညပိုင်းမှာလည်း သင်ကြားပေးနေပါတယ်"ဟု ပြောပြသည်။

အချို့ရပ်ကွက်နှင့် ကျေးရွာများတွင် ဒေသခံပြည်သူများသည် နေ့လယ်ပိုင်းတွင် ဝမ်းရေးအတွက် လုပ်ငန်းများလုပ်ကိုင်နေကြရသဖြင့် စာသင်ကြားနိုင်ရေးကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီးများနှင့် သင်ကြားပေးသည့် ဆရာ ဆရာမများ စီစဉ်ညှိနှိုင်းကာ ညပိုင်းတွင်လည်း သင်ကြားပေးလျက်ရှိသည်။

စာသင်ယူနေသူတစ်ဦးဖြစ်သည့် အသက် ၅၃ နှစ်အရွယ်ရှိ ဒေါ်စန်းက "ကျွန်မက အသက်ကြီးလာပေမယ့် စာတော့တတ်ချင်တယ်။ စာမတတ်တော့ အားငယ်ရတယ်။ မရေးတတ်၊ မဖတ်တတ်တော့ လူဖြစ်ရှုံးတာပေါ့။ ဒါကြောင့် စာလာသင်ယူတာပါ။ ကျွန်မတို့ လက်လုပ်လက်စားတွေ နေ့ခင်းမှာ မအားလို့ ဆရာမလေးတွေက ညပိုင်းမှာ သင်ပေးတော့ ပိုပြီးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

မြင်းမူမြို့နယ်တွင် ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် စာသင်ကြားမှုများကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ ၄၅ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်သည်။



၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိရာ မြင်းမူမြို့နယ်အပြင် အခြားမြို့နယ်များ၌လည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ လုပ်အားပေး ဆရာ ဆရာမများစုပေါင်း၍ ရပ်ကွက်ကျေးရွာများသို့ ကွင်းဆင်းပြီး စာသင်ဝိုင်းများဖြင့် စာမတတ်သူများ စာရေးစာဖတ်နိုင်စေရန် သင်ကြားပေးလျက်ရှိသည်။

**အောင်စိုးဖေ(iprd)**

## သတင်းတိုများ

### အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ ပေးအပ်

ရခိုင်ပြည်နယ် ပေါက်တောမြို့၌ အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၇ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အမှာစကားပြောကြားပြီး ပေါက်တောမြို့နယ်အတွင်းရှိ ကျေးရွာ ၁၇၇ ရွာမှ ဆေးသေတ္တာတာဝန်ခံကိုယ်စားလှယ် ၁၇၇ ဦးအား တိုင်းရင်းဆေးသေတ္တာများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စစ်တွေခရိုင်တိုင်းရင်းဆေးမှူး ဒေါ်သန်းရီတို့က ပေးအပ်ခဲ့ပြီး ဆေးသေတ္တာပါဆေးများ သုံးစွဲနည်းများကိုပါ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ညသူ**

### ကျေးရွာစာကြည့်တိုက်များအတွက် သုတ ရသစာအုပ်များ လှူဒါန်း

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် သုတ ရသစာအုပ်များလှူဒါန်းပွဲကို ရွာလွတ်ကျေးရွာ ဘဝသစ်စာကြည့်၌ ဧပြီ ၆ ရက်က ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာနေ အလှူရှင် ဦးမင်းဝင်းထိန်မိသားစုက မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် တန်ဖိုးငွေကျပ် ၄၆၀၄၀၀ ရှိ သုတ ရသစာအုပ် ၂၆၈ အုပ်ကို လှူဒါန်းခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

### သင်္ကြန်လှပျိုဖြူ ခတ်ပုံပြိုင်ပွဲကျင်းပ

မန္တလေးဓာတ်ပုံအသင်းကကြီးမှူး၍ သင်္ကြန်လှပျိုဖြူခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကို မန္တလေးကန်တော်ကြီးဥယျာဉ်အတွင်း၌ ဧပြီ ၇ ရက်က ကျင်းပခဲ့ရာ အသင်းဥက္ကဋ္ဌ ဦးစောအောင်မင်း၊ အသင်းဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များတက်ရောက်ခဲ့ပြီး မော်ဒယ်သရုပ်ဆောင် မယမင်းနှင့် မပန်းဖြူဖြူတို့က ဓာတ်ပုံမော်ဒယ်များအဖြစ် ကူညီသရုပ်ဖော်ပေးခဲ့ကာ အသင်းဝင်ဓာတ်ပုံဆရာ ၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ရိုက်ကူးခဲ့သည်။ ပြိုင်ပွဲကို အကြီးတန်းနှင့် အငယ်တန်းများ သတ်မှတ်ထားပြီး ဆုရရှိသူများအား ဆုကြေးငွေနှင့် လစဉ်အမှတ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

### မူးယစ်ဆေးနှင့်လိင်စိတ်ကြွဆေးများ ရောင်းချခြင်း ရှိ မရှိစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ပေါ်ရှိဆေးဆိုင်များ၌ တရားမဝင် မူးယစ်ဆေးဝါးများနှင့်လိင်စိတ်ကြွဆေးများ ရောင်းချခြင်း ရှိ မရှိကို အင်းတော်မြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်စိုး၊ စခန်းမှူး ရဲအုပ်သိန်းဆွေနှင့်အဖွဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးပြည့်ဖြိုးမောင်၊ မြို့နယ်စည်ပင်(စည်းကမ်းထိန်းသိမ်းရေး)မှ ဦးသန်းမြင့်ဝေ၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ထွန်းထွန်းနိုင်နှင့် မူးယစ်တပ်စုမှ ရဲတပ်ကြပ်ကြီး ခင်မောင်စိုးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က ဧပြီ ၆ ရက်က လှည့်လည်စစ်ဆေးခဲ့ပြီး တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမပြုကြရန်အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ကျေးလက်ရေရရှိရေးများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**ဆားလင်းကြီး ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာကို စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ပေးခြင်း၊ ရေစင်များတည်ဆောက်၍ ကျေးရွာအရောက်ရေပိုက်လိုင်းများသွယ်တန်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆားလင်းကြီးမြို့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၁၁ ရွာကို စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိရာ ဆားလင်းကြီးမြို့နယ် မြင်းခြံဘွားရွာ၌ ခွင့်ပြုရန်ပုံငွေကျပ် ကိုးသန်းဖြင့် ၄ ဒသမ ၂၅ လက်မစက်ရေတွင်းတူးခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ နှစ်လက်မ ပီဗွီစီရေပိုက်လိုင်းများ သွယ်တန်းခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ညောင်ပင်တိုကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၂ သန်းဖြင့် ၄ ဒသမ ၂၅ လက်မစက်ရေတွင်းတူးခြင်း၊ ရေပေးဝေရေးစက်ရုံတည်ဆောက်ခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ရေကန်တည်ဆောက်ခြင်း၊ နှစ်လက်မပီဗွီစီရေပိုက်လိုင်းများသွယ်တန်းခြင်းများကိုဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ကျွဲခိုတောကျေးရွာ၌ ခွင့်ပြုရန်ပုံငွေကျပ် ၁၂ သန်းဖြင့် ၄ ဒသမ ၂၅ လက်မစက်ရေတွင်းတူးခြင်း၊ ရေပေးဝေရေးစက်ရုံ တည်ဆောက်ခြင်း၊ ရေဂါလန် ၁၆၅၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ သုံးလက်မပီဗွီစီရေပိုက်လိုင်းများ သွယ်တန်းခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ကံသာကျေးရွာတွင်ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့် စက်ရေတွင်းတူးခြင်း၊ ရေပေးဝေရေးစက်ရုံတည်ဆောက်ခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ရေကန်တည်ဆောက်ခြင်း၊ နှစ်လက်မ ပီဗွီစီရေပိုက်လိုင်းများ သွယ်တန်းခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ တောင်ကြားကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့်စက်ရေတွင်းတူးခြင်း၊ ရေပေးဝေရေးစက်ရုံ တည်ဆောက်ခြင်း၊ ရေဂါလန် ၅၀၀၀ဆံ့ ရေကန်တည်ဆောက်ခြင်း၊ နှစ်လက်မပီဗွီစီရေပိုက်လိုင်းများသွယ်တန်းခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ဒုန်းတောကျေးရွာတွင်ခွင့်ပြုရန်ပုံငွေကျပ် ၁၁ သန်းဖြင့် စက်ရေတွင်းတူးခြင်း၊ ရေဂါလန် ၃၀၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ နှစ်လက်မပီဗွီစီရေပိုက်လိုင်းများ သွယ်တန်းခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ရွာသစ်ကုန်းကျေးရွာတွင်ခွင့်ပြုရန်ပုံငွေကျပ် ရှစ်သန်းဖြင့် စက်ရေတွင်းတူးခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ နှစ်လက်မပီဗွီစီရေပိုက်လိုင်းများသွယ်တန်းခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ဒူးထောက်ကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၂ သန်းဖြင့် စက်ရေတွင်းတူးခြင်း၊ ရေပေးဝေရေးစက်ရုံတည်ဆောက်ခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ နှစ်လက်မပီဗွီစီရေပိုက်လိုင်းများသွယ်တန်းခြင်းများကိုဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ဖလန်ကန်ကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၂ သန်းဖြင့် စက်ရေတွင်းတူးခြင်း၊ ရေဂါလန် ၈၀၀ ဆံ့ သံရေကန်နှစ်လုံး ဝယ်ယူပေးခြင်း၊ နှစ်လက်မပီဗွီစီရေပိုက်လိုင်းများ သွယ်တန်းခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ သာယာကုန်း ကျေးရွာတွင်ခွင့်ပြုရန်ပုံငွေကျပ် ၁၂ သန်းဖြင့် စက်ရေတွင်းတူးခြင်း၊ ရေဂါလန် ၃၀၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ နှစ်လက်မပီဗွီစီရေပိုက်လိုင်းများ သွယ်တန်းခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ သံလျက်ကိုင်းကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၂ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်း၊ ရေဂါလန် ၃၀၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ နှစ်လက်မပီဗွီစီရေပိုက်လိုင်းများ သွယ်တန်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆားလင်းကြီးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်နေဇာလွင်ထံမှ သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့် မူးယစ်ဆေးဝါးမသုံးစွဲရေး၊ မှူခင်းမဖြစ်ပွားစေရေးတို့အတွက် သတိပေးလက်ကမ်းစာစောင်များကို သာစည်မြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်ဝေနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အသွားအလာများသော လမ်းဆုံများ၌ ဧပြီ ၈ ရက်က ဝေငှစဉ်။

မောင်ကို(သာစည်)

အားကစားနှင့်ပြည်တွင်းသတင်း

# သုံးမှတ်ဆိုတာ အာဆင်နယ်အတွက်ပါ



ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ် ပွဲစဉ်(၃၂)ကို မေ ၁၁ ရက်မှာ ယှဉ်ပြိုင် ကစားဖို့ရှိနေပါတယ်။ အပြိုင်အဆိုင် နွှဲကြရမယ့် ဒီပွဲစဉ်မှာ အသင်းတိုင်း ဖိအားတွေရှိနေတဲ့ ထိပ်တန်းအသင်းတွေအတွက် လူစုံထုတ်ကစားရဖို့ ရှိနေပြီး ဥရောပ ဝင်ခွင့်သေချာဖို့ ခြေကုန်ဖွင့်မယ့်အသင်းတွေနဲ့ တန်းဆင်းဇုန် ဖိအားတွေရှိနေတဲ့ အသင်းတွေရဲ့ အားထုတ်မှုပြင်းထန်တာတွေကို မြင်တွေ့အားပေးရဦးမှာဖြစ်ပါတယ်။

**ဘန်လေနှင့် အာဆင်နယ်**

လက်ရှိအနေအထားအရတော့ တန်းဆင်းဇုန်က ဘန်လေတို့ရဲ့ စွမ်းဆောင်ရည်က ကျဆင်းနေပါတယ်။ ဘန်လေရဲ့ အခုတစ်လော ပွဲရလဒ်တွေကလည်း ကမောက်ကမဖြစ်နေပြီး အိမ်ကွင်းဆိုပေမယ့် အာဆင်နယ်ကို ခြေရည်တူကစားဖို့တော့ မလွယ်ပါဘူး။ ဒါပေမယ့် ဘန်လေရဲ့ရှုန်းထမှုအားကို အာဆင်နယ်တို့ အလေးထားကစားမှုရပါလိမ့်မယ်။ နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ အာဆင်နယ်အတွက် ဒီပွဲဟာ သုံးမှတ်ပြည့်ရယူပြီး တန်းစီဇယားရပ်တည်မှုကို ခိုင်မြဲအောင် ကြိုးစားမှာသေချာပါတယ်။

**ဆောက်သမ်တန်နှင့် ဟားလ်စီးတီး**

ခြေစွမ်းပိုင်းကျဆင်းလာတဲ့ ဆောက်သမ်တန်တို့အတွက် ဒီပွဲဟာ ခက်ခဲမယ့်ပွဲပါပဲ။ ဟားလ်စီးတီးတို့ကလည်း တန်းဆင်းဇုန်ဖိအားရှိနေတာမို့ ဒီပွဲမှာ ခြေကုန်ဖွင့်ဖို့ ချီတက်လာမှာဖြစ်ပါတယ်။ ဟားလ်စီးတီးတို့က နိုင်ပွဲပြန်ရှာမယ့် ပွဲစဉ်ဖြစ်နေသလို ဆောက်သမ်တန်တို့ကလည်း ရမှတ်ဖြည့်ဆည်းဖို့ လိုအပ်နေတာမို့ အခုပွဲဟာ နှစ်သင်းစလုံး အပြန်အလှန်ဖိအားတွေနဲ့ ယှဉ်ပြိုင်မှာဖြစ်ပေမယ့် အိမ်ရှင်တို့ပဲ အခြေအနေကောင်းသွားနိုင်ပါတယ်။

**ဆွမ်ဆီးနှင့် အဲဗာတန်**

နှစ်သင်းစလုံးရလဒ်ကောင်းအောင် ကစားနိုင်နေတဲ့ အသင်းတွေဖြစ်ပြီး ဒီပွဲမှာ အမှတ်ပြည့်ရယူရေး အပြိုင်ကြိုးစားကြပါလိမ့်မယ်။ ဆွမ်ဆီးရဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်တွေ ရှိနေပြီး အဲဗာတန်တို့ကလည်း သုံးပွဲ နိုင်၊ နှစ်ပွဲ ရှုံး ရလဒ်တွေ ပိုင်ဆိုင်ထားပါတယ်။ အဲဗာတန်ဟာ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ အမှတ်ရအောင် ကစားနိုင်တဲ့ ခြေစွမ်းရှိနေလို့ အိမ်ရှင်အတွက် တစ်မှတ်ဆိုရင် ကျေနပ်ရမှာပါ။

**စပါးနှင့် ဗီလာ**

ဗီလာထက် စပါးကိုပိုပြီး သဘောကျစရာပါပဲ။ စပါးတို့က အခက်အခဲတွေရှိနေပေမယ့် ကစားသမားတွေက စိတ်ဓာတ်ကောင်းကောင်းနဲ့ ကြိုးစားနေတာမို့ ဆိုးရွားတဲ့ ရလဒ်တွေတော့ ဆက်တိုက်မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ပွဲတိုင်းရုန်းကန်နေရတဲ့အတွက် ဗီလာကိုတော့ သတိပြု ကစားရမှာဖြစ်ပါတယ်။ ဗီလာရဲ့ အဝေးကွင်းရလဒ်ဆိုးရွားမှုက ဒီပွဲမှာလည်း ရုန်းထွက်နိုင်ဦးမှာမဟုတ်ပါဘူး။

**ဝက်စ်ဟမ်းနှင့် စတုတ်**

နှစ်သင်းစလုံးရဲ့ခြေစွမ်းက မတည်ငြိမ်တာမို့ ဘယ်အသင်းမှ ပိုကောင်းတဲ့ အနေအထားမရှိပါဘူး။ စတုတ်တို့အတွက် အမှတ်ပြည့်ရရေး အားထုတ်မှာဖြစ်သလို ဝက်စ်ဟမ်းအတွက်လည်း အမှတ်လိုအပ်နေတာမို့ အင်အားပြည့်ထုတ်သုံးပြီး ကြိုးစားပါလိမ့်မယ်။ နှစ်သင်းစလုံးရဲ့ နိုင်ပွဲရလိုမှုကြောင့် သရေရလဒ်ကို ဦးတည်သွားနိုင်ပါတယ်။

**မိုးမြင့်လင်းလက်**

# ဂျူဗင်တပ်စ်တို့ ကိုပါအီတာလီယာဖလား မျှော်မှန်းနိုင်ပြီ



စီးရီးအေ ချန်ပီယံ ဂျူဗင်တပ်စ်အသင်းဟာ ဖီအိုရင်တီးနားကို သုံးဂိုးပြတ်နဲ့ အနိုင်ရသွားပြီ ဖြစ်တဲ့အတွက် ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်ပါတယ်။ ဂျူဗင်တပ်စ်က ဖီအိုရင်တီးနားအသင်းကို ပထမအကျော့မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားပေမယ့် အခုအနိုင်ရလဒ်ကြောင့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဂျူဗင်တပ်စ်ဟာ ဗိုလ်လုပွဲမှာ နာပိုလီသို့မဟုတ် လာဇီယိုနဲ့ ကစားရမှာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်တို့ ဒီနှစ်ရာသီမှာ အနည်းဆုံးဖလား နှစ်လုံးရယူနိုင်မယ့် အနေအထားရှိပါတယ်။ လောလောဆယ် စီးရီးအေမှာလည်း ၁၄ မှတ်အသာ ရထားပါတယ်။ ချန်ပီယံလိဂ်မှာလည်း ကွာတားတက်လာပြီး မိုနာကိုနဲ့ ကစားရမှာဖြစ်လို့ ဖလား ဆွတ်ခူးဖို့ အလားအလာကောင်းတွေ ရရှိထားပါတယ်။ အင်္ဂါနေ့က အနိုင်ရတဲ့ပွဲမှာ ကားလို့တီဗက်ဇ်၊ ပါလို၊ ပေါ့ဘာနဲ့ လက်ချင်စတိန်းနားတို့ ဒဏ်ရာကြောင့် မပါဝင်ခဲ့ပေမယ့် အနိုင်ရအောင် ကစားနိုင်ခဲ့ပါတယ်။ ဂျူဗင်တပ်စ်တို့ ဒီပွဲ ဂိုးပြတ်အနိုင်ရလိုက်တဲ့အတွက် ၁၉၉၅ ခုနှစ်နောက်ပိုင်း ကိုပါအီတာလီယာဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားပါတယ်။

# ဂါရီကောဝဲလ်ကို ဝီဂန်နည်းပြခန့်



ဝီဂန်အသင်းက အသင်းခေါင်းဆောင်ဟောင်း ဂါရီကောဝဲလ်ကို ရာထူးမှဖြုတ်ချလိုက်တဲ့ မက်ကေးနေရာမှာ နည်းပြ ခန့်ထားလိုက်ပါတယ်။ စကော့တလန်လက်ရွေးစင်ဟောင်း အသက် ၃၂ နှစ်ရှိ ကောဝဲလ်ဟာ ဝီဂန်အသင်းမှာ ၁၁၁ ပွဲ ကစားပေးခဲ့သူဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ဝီဂန်အသင်းနဲ့ အတူ အက်ဖ်အေဖလား ဆွတ်ခူးပေး နိုင်ခဲ့ပါတယ်။ သူဟာ ယခုနှစ်ရာသီ အစောပိုင်းက ဒဏ် ရာ ကြောင့် အနား ယူခဲ့ရပါတယ်။ ကောဝဲလ်ဟာ ယခုနှစ် ရာသီဟာ ဝီဂန် အ သင်း ရဲ့ တတိယမြောက် နည်းပြ ဖြစ်လာခဲ့ပါတယ်။

# မေဝဲလ်သားရဲ့ တန်ဖိုးကြီးမားပါးစပ်အကာ

မေဝဲလ်သားဟာ မန်နီပက်ကွီယိုနဲ့ ထိုးသတ်မယ့် ဝယ်တာဝိတ်တန်းပြိုင်ပွဲမှာ အမေရိကန်ဒေါ်လာ ၂၅၀၀၀ တန်ဖိုးရှိတဲ့ ပါးစပ်အကာပစ္စည်းကို အသုံးပြုထိုးသတ်သွားမယ်လို့ ဆိုပါတယ်။ ဒီပါးစပ်ကာပစ္စည်းကို ရွှေနှင့် စိန်တွေ အသုံးပြု ပြုလုပ်ထားတယ်လို့ ဆိုပါတယ်။ မေဝဲလ်သားနဲ့ ပတ်ကွီယိုတို့ရဲ့ လက်ဝှေ့ပွဲကို မေ ၂ ရက်မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့လက်ဝှေ့သမိုင်းမှာတော့ ကြေးအကြီးဆုံး ပြိုင်ပွဲလို့ ဆိုပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်။**

# သုဝဏ္ဏဘူမိမြို့ဟောင်းကို ပြန်လည်တူးဖော်မည်

**မော်လမြိုင်　　မေ　　၉**

မွန်ပြည်နယ်တွင်ရှိသော သုဝဏ္ဏဘူမိမြို့ဟောင်းကို ပြန်လည်တူးဖော်နိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြတောင်းဆိုခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၈၀၀ ချပေးခဲ့ကြောင်း ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက ပြောသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနမှရရှိသည့် ရန်ပုံငွေနှင့် မိမိတို့စုဆောင်းရရှိထားသော ရန်ပုံငွေတို့ပူးပေါင်းပြီး လွှတ်တော်ကအတည်ပြုချက်ရယူပြီးလျှင် ဆက်လက်တူးဖော်မှုကို လာမည့် ပွင့်လင်းရာသီတွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

မွန်ပြည်နယ်အတွင်းရှိ သုဝဏ္ဏဘူမိမြို့ဟောင်းကို တူးဖော်သည့်အခါ အဓိက အချက်အချာကျသည့် မြို့အဝင်ပေါက်၊ မြို့ဝင်ဂိတ်၊ နန်းတော်နေရာဖြစ်သည့် နည်းနည်းကြီးကြီးမားမားနေရာကို ရွေးတူးမည်၊ တူးဖော်သည့်နေရာများကို တစ်ပြိုင်နက်တည်း ထိန်းသိမ်းရေးများကိုပါ လုပ်ဆောင်သွားရန်စီစဉ်နေကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းကလည်း သုဝဏ္ဏဘူမိမြို့ဟောင်းတူးဖော်မှုကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ငွေကျပ်သိန်း ၂၀၀ ဖြင့် တူးဖော်ခဲ့ရာ ဘာသာရေးအဆောက်အအုံ၊ မြို့ရိုးဟုယူဆရသည့် အဆောက်အအုံ၊ လက်ရေးစဉ်အုတ်ချပ်များ၊ ဂဝံရုပ်ကြွများ၊ အုတ်ခွက်ဘုရားအကျိုးအပဲ့များ၊ ဆီမီးခွက်များ၊ ဆားထည့်အိုး၊ သိုလှောင်အိုးခြမ်းကွဲများ၊ ဒင်္ဂါးပြားများအပါဝင် ပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော် တူးဖော်ရရှိခဲ့ပြီး မော်လမြိုင်မြို့ရှိ မွန်ယဉ်ကျေးမှုပြတိုက်၌ ပြသထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။

သုဝဏ္ဏဘူမိမြို့ဟောင်း တူးဖော်ရေးလုပ်ငန်းကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနတို့က ဦးဆောင်ပြီး တူးဖော်ရေးလုပ်ငန်းကို စိတ်ပါဝင်စားသူများ၊ အလှူရှင်များ စုပေါင်း၍တူးဖော်ကြမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၈)**

# ပလက်ဝ-မတူပီကားလမ်းဖွင့်

**ပလက်ဝ　　မေ　　၉**

ချင်းပြည်နယ်တွင် ပလက်ဝ-မတူပီကားလမ်းဖွင့်ပွဲကို မေ ၈ ရက်က ဖွင့်လှစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း ယခင်က ဖောက်လုပ်ပေးနိုင်ခြင်းမရှိသောလမ်းကို ဒေသခံပြည်သူများ အကျိုးစီးပွားကိုရှေးရှုပြီး ဖောက်လုပ်ပေးခဲ့ရာ ၎င်းကားလမ်းသည် ပလက်ဝမြို့နယ်လမ်းအပိုင်း အရှည်မိုင် ၉၉ မိုင် ငါးဖာလုံနှင့် မတူပီလမ်းအပိုင်း ၃၅ မိုင် သုံးဖာလုံရှိပြီး ပလက်ဝ-မတူပီလမ်း အရှည် ၁၃၅ မိုင်ရှိကြောင်း သိရသည်။

ချင်းပြည်နယ် တောင်ကုန်း၊ တောင်တန်း ၊ တောင်ကြားချောင်းများနှင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်နယ်ဖြစ်သည့်အတွက် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ ဌာနဆိုင်ရာများ၊ ဒေသခံများသည် မင်းတပ်ခရိုင်၊ ပြည်နယ်မြို့တော် ဟားခါးမြို့သို့ သွားရောက်ရာတွင်ရခိုင်ပြည်နယ် ကျောက်တော်မြို့မှတစ်ဆင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးများမှတစ်ဆင့် အဆင့်ဆင့်သွားလာနေရသော မြို့နယ်ဖြစ်ပေသည်။ ယခုဖွင့်လှစ်သောကားလမ်းသည် ပြည်နယ်တွင်း လွယ်ကူစွာ အချိန်တိုအတွင်းသွားလာနိုင်သော အဓိကလမ်းဖြစ်ပေသည်။ ပြည်နယ်အတွင်း တစ်မြို့နယ်နှင့် တစ်မြို့နယ် ကူးလူးသွားလာနိုင်ခြင်းမရှိခဲ့သော ချင်းလူမျိုးနွယ်စု ၅၀ ကျော်တို့မှာလည်း တစ်မြို့နယ်နှင့် တစ်မြို့နယ် ဘာသာစကားမပေါက်ကြဘဲ၊ ရေခြားမြေခြား သီးခြားသဖွယ် ရပ်တည်ခဲ့ရပေသည်။ ယခုမှတစ်မြို့တည်း၊ တစ်ရွာတည်း၊ တစ်မိသားစု ဖြစ်လာတော့မည် ဖြစ်သည်။

**ကျော်ဦး** (iprd)

# ၂၀၁၅ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဟားခါး၌ ကျင်းပ

**ဟားခါး　　မေ　　၉**

ထုတ်လုပ်မှုသည် စားသောက်သည်အထိ အဆင့်ဆင့် သန့်ရှင်းရောဂါကင်း၏ ဆောင်ပုဒ်နှင့်အညီ ချင်းပြည်နယ် ၂၀၁၅ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၅ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်ထံမှပေးပို့သော သဝဏ်လွှာကို ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနှင်းပပခိုင်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက် )**

# မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ရေးဆွဲခြင်း ပထမအကြိမ်အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဧပြီ ၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ ကုလသမဂ္ဂအခြေချနေထိုင်ရေးအစီအစဉ်တို့ ပူးပေါင်း၍ ဥရောပသမဂ္ဂ (European Union) ၏ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Myanmar Climate Change Alliance-MCCA) အရ မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့်လုပ်ငန်းစီမံချက်ရေးဆွဲခြင်း ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် သင်္ဂဟဟိုတယ်၌ ဧပြီ ၇ ရက်က ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥရောပသမဂ္ဂ၊ မြန်မာနိုင်ငံဆိုင်ရာ UN-Habitat ရုံး၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ ထိုင်းနိုင်ငံ Ministry of Natural Resources and Environment နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ MCCA စီမံကိန်းတို့မှကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်က အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၇ ရက်နှင့် ၈ ရက် ကကျင်းပရာ ပထမနေ့တွင် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲမည့် အကြောင်းအရာများ၊ ဆောင်ရွက်မည့် အစီအစဉ်များနှင့် ရည်မှန်းချက်များ၊ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှု အစီအစဉ်များ၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ အမျိုးသားအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ကိုက်ညီမှုရှိရေး၊ မဟာဗျူဟာ အချင်းချင်း အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရေးတို့ကိုလည်းကောင်း၊ ကနဦးသတ်မှတ်ချက်များ၊ ဦးစားပေးနယ်ပယ်များနှင့် မဟာဗျူဟာအကောင်အထည်ဖော်ရေးဆိုင်ရာစနစ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဧပြီလ ၈ ရက်တွင် ဆက်လက်ကျင်းပသည့် ဆွေးနွေးပွဲ၌ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ရေးအတွက် ပြည်တွင်းလိုအပ်ချက်များဆန်းစစ်ရေးကာလသတ်မှတ်ခြင်း၊ စမ်းသပ်နယ်ပယ်သတ်မှတ်ခြင်း၊ လုပ်ငန်းအစီအစဉ် သတ်မှတ်ခြင်းတို့ကို ဆက်လက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှမ်းပါးသည့် အိမ်ထောင်စုများအား ဆန် ၁၀ ပြည်စီထောက်ပံ့

**မလှိုင် ဧပြီ ၉**

နိုင်ငံတော်အစိုးရက ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကို အလေးထားဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကအလှူရှင်၊ စေတနာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မလှိုင်မြို့မှ ဆင်းရဲနွမ်းပါးသည့် ပြည်သူများအား တစ်အိမ်ထောင်လျှင် ဆန် ၁၀ ပြည်ကို ရန်ကုန်မြို့မှ ငွေတိုက်စိုးကုမ္ပဏီက ဧပြီ ၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။



ရန်ကုန်မြို့နေ အလှူရှင်ဦးတင်ထွန်းမိသားစု (ငွေတိုက်စိုး ကုမ္ပဏီ)က မလှိုင်မြို့ပေါ်ရှိ ရပ်ကွက်လေးခုမှ ဆင်းရဲနွမ်းပါးသူ အိမ်ထောင်စု ၂၄၀ ကို တစ်အိမ်ထောင်လျှင် ဆန် ၁၀ ပြည်နှုန်းဖြင့် လာရောက် ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်သည်။ "အဖွားတို့အတွက်တော့ အဆင်ပြေတာပေါ့၊ မိသားစုနည်းတော့ ဒီဆန်က အထောက်အပံ့ အများကြီး ဖြစ်ပါတယ်၊ ကျေးဇူးလည်း အထူးတင်ပါတယ်၊ နောက်လည်းလှူနိုင်ပါစေ"ဟု ဆန်လာယူသူ ဒေသခံအဖွားတစ်ဦးက ပြောသည်။

ဆန်လှူဒါန်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ ရပ်ကွက်လေးခုမှအုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ တက်ရောက်ပြီး လိုအပ်သည်များကို ကူညီပေးခဲ့သည်။ ငွေတိုက်စိုးကုမ္ပဏီမိသားစု၏ ဆန်လှူဒါန်းမှုသည် ဒုတိယအကြိမ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ငွေး(မလှိုင်)**

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ပဲခူးတက္ကသိုလ် သတ္တဗေဒဌာနမှ ကျောင်းသားများ အင်းလေးကန်ဘေးမဲ့တောသို့ ကွင်းဆင်းလေ့လာ

**ညောင်ရွှေ ဧပြီ ၉**

အင်းလေးကန်ဘေးမဲ့တော သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနသည် အင်းလေးဒေသသို့ လာရောက်လေ့လာသော ပြည်တွင်းပြည်ပဧည့်သည်များနှင့် တက္ကသိုလ်များမှ လေ့လာရေးအဖွဲ့များအား ပညာပေးဟောပြောခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပဲခူးတက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၁၃၅ ဦးသည် ဧပြီ ၆ ရက်တွင် အင်းလေးကန်ဘေးမဲ့တောသို့ ကွင်းဆင်းလေ့လာရေးခရီး လာရောက်ခဲ့ကြောင်း သိရသည်။

လေ့လာရေးအဖွဲ့ကို အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးဦးစိန်ထွန်းက မြန်မာနိုင်ငံရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုအခြေအနေ၊ အင်းလေးကန်ဘေးမဲ့တောမှ လက်ရှိထိန်းသိမ်းရေး ဆောင်ရွက်နေမှု၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှု၊ ရေပျော်ငှက်များပျံ့နှံ့ ကျက်စားမှု၊ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်တည်ထောင်ထားရှိမှုနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ တည်ထောင်ရန်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး လေ့လာရေးအဖွဲ့က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ **နေမျိုးသူရိန်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကလေး ဧပြီ ၉**

ကလေးမြို့နယ် တစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာများဖြစ်သည့် ကင်မွန်းခြုံကျေးရွာ၊ အူဒူကျေးရွာနှင့် ပေါက်တောကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဧပြီ ၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့်အဖွဲ့သည် ကင်မွန်းခြုံကျေးရွာနှင့် ပေါက်တောကျေးရွာတွင် တည်ဆောက်နေသော ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံများနှင့် အူဒူကျေးရွာတွင် တည်ဆောက်နေသော အခြေခံပညာမူလတန်းကျောင်းအဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ကျေးလက်ပြည်သူများသောက်သုံးရန်အတွက် စက်ရေတွင်းများတူးဖော်ပြီးစီးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးလက်ဒေသများအတွက် ကျေးလက်ကျန်းမာရေးအဆောက်အအုံများနှင့် ပညာရေးအတွက်စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကြောင့် ကျေးလက်ဒေသနေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိပြီး ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍတွင်လည်း ပိုမိုတိုးတက်လာ မည်ဖြစ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူ ပြုမည်ဖြစ်သည်။ **ဂျူနိုင်း**



ကြော်ငြာ


## မြတ်ဆရာပူဇော်ပွဲ

ပြင်ဦးလွင်မြို့၊ အထက(၃)၊ (စိန်ဂျိုးဇက်ကွင်ဗင့်၊ မေမြို့) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၆-၄-၂၀၁၅ ရက်(တနင်္ဂနွေနေ့)တွင် အထက-၃၊ မြညီလာခန်းမ၌ ကျင်းပပါမည်။ ဤကျောင်းမှ ၂၀၁၄ ခုနှစ်အထိ အသက်(၆၀)ပြည့်အငြိမ်းစားယူသွားသော ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လျက် ပူဇော်ကန်တော့ခံတက်ရောက်ပေးကြပါရန်နှင့် ဂါရဝပြုအလှူငွေ ထည့်ဝင်လိုသူပုဂ္ဂိုလ်များလည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းစကားပါးအပ်ပါသည်။

မှတ်ချက်။ ။ အခြားကျောင်းသို့ပြောင်းသွားပြီးမှ အငြိမ်းစားယူသွားသော မြတ်ဆရာများသည် ပြင်ဦးလွင် အထက(၃) တွင် အနည်းဆုံး (၂)နှစ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရပါမည်။

၁။ ဗိုလ်ကြီးကိုကိုလတ် ဖုန်း-၀၉-၂၀၄၅၅၂၅
၂။ ဆရာ ဦးအေးသီခိုင် ဖုန်း-၀၉-၄၀၂၆၅၀၁၆၁
၃။ ဆရာမ ဒေါ်စူစီလာ ဖုန်း-၀၉-၄၂၈၃၂၃၀၄၃
၄။ ဒေါ်မာဂရက်ဘသောင်း ဖုန်း-၀၉-၂၅၆၂၇၈၄၆၆
၅။ ဒေါ်အုန်းလှိုင် ဖုန်း-၀၉-၂၀၃၈၉၅၂
၆။ ဒေါ်ဝင်းကြည် ဖုန်း-၀၉-၂၅၆၂၇၈၄၅၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် နိုင်လှဝင်း ၁၂/မရက(နိုင်) ၁၂၃၇၄၃ ၏ MTSH အစုရှယ်ယာလက်မှတ် (ID No.7733) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၆၇၅၉

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/8993, Suzuki Carry DA 63T, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၉/မရတ(နိုင်)၁၂၅၃၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## မွေးနေ့ဆုတောင်း

# ဦးစိုးအောင်ကျော်

### ဒါရိုက်တာ

**(KABAR SERVICES Co.,Ltd.)**

၁၀-၄-၂၀၁၅ရက်တွင် ကျရောက်သည့် မွေးနေ့မှသည် နှစ်ပေါင်းရာကျော် မိသားစုနှင့်အတူ သာယာချမ်းမြေ့သောဘဝကို ရယူပိုင်ဆိုင်နိုင်ပါစေ။

**ကုမ္ပဏီဝန်ထမ်းများနှင့်သင်္ဘောကျင်းလုပ်သားများ**

**ဒေါ်ပုံသင်္ဘောကျင်း**

**KABAR SERVICES Co.,Ltd.**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၄၃၁၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှေသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇င/၁၁၈၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းကာကွယ်


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နေပြည်တော်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

**(က) အထက်မြန်မာပြည်ရှိ အောက်ဖော်ပြပါ တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များအတွက်**

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ရုံးချုပ်(နေပြည်တော်) | နှစ်ခန်းတွဲ နှစ်ထပ် Duplex နှစ်လုံးဆောက်လုပ်ခြင်း၊ နှစ်ခန်းတွဲ သုံးထပ်အရာထမ်း နေအိမ် ခြောက်လုံးဆောက်လုပ်ခြင်း၊ ခြောက်ခန်းတွဲ လေးထပ်အရာထမ်းနေအိမ် ၁၀ လုံးဆောက်လုပ်ခြင်း |
| ၂ | တောင်ကြီးတက္ကသိုလ် | နှစ်ထပ်ဓာတ်ခွဲခန်းဆောင် တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ ဦးဆံ့ ကျောင်းသား ကျောင်းသူ အိပ်ဆောင် နှစ်ထပ်နှစ်လုံးဆောက်လုပ်ခြင်း၊ ကျောင်းသား ကျောင်းသူနားနေဆောင် နှစ်ထပ် တစ်လုံး ဆောက်လုပ်ခြင်း၊ ပင်မဆောင်(၁) အကြီးစားမွမ်းမံခြင်း |
| ၃ | စစ်ကိုင်းပညာရေးတက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ နှစ်ထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ရှစ်ခန်းတွဲ ဆရာ ဆရာမများအဆောင် တစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း၊ ၄၀ဦးဆံ့ ဆရာမဆောင် နှစ်ထပ်တစ်လုံး ဆောက်လုပ်ခြင်း |
| ၄ | မကွေးတက္ကသိုလ် | နှစ်ထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ် နှစ်လုံးဆောက်လုပ်ခြင်း၊ ကျောင်းသား ကျောင်းသူနားနေဆောင် နှစ်ထပ်တစ်လုံး ဆောက်လုပ်ခြင်း |
| ၅ | မုံရွာတက္ကသိုလ် | မြစ်သာဆောင်ထမင်းစားဆောင်နှင့် မီးဖိုတစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း |
| ၆ | မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ နိုင်ငံခြားသားကျောင်းသား ကျောင်းသူအိပ်ဆောင် သုံးထပ်တစ်လုံးဆောက်လုပ်ခြင်း၊ ကျောင်းသား ကျောင်းသူနားနေဆောင်နှစ်ထပ်တစ်လုံး ဆောက်လုပ်ခြင်း၊ ၃၂ဦးဆံ့ နှစ်ခန်းတွဲလေးထပ် ဆရာမများဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေး လုပ်ငန်း၊ |
| ၇ | မြစ်ကြီးနားတက္ကသိုလ် | ၁၆၀ ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင်နှစ်ထပ်နှစ်လုံးဆောက်လုပ်ခြင်း |
| ၈ | မုံရွာစီးပွားရေးတက္ကသိုလ် | နှစ်ထပ်စာကြည့်တိုက်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ် နှစ်လုံးဆောက်လုပ်ခြင်း |
| ၉ | မိတ္ထီလာတက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ် တစ်လုံးဆောက်လုပ်ခြင်း |
| ၁၀ | ပခုက္ကူတက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း၊ ကျောင်းသား ကျောင်းသူနားနေဆောင် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း |
| ၁၁ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၁၆၀ ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ်နှစ်လုံးဆောက်လုပ်ခြင်း |
| ၁၂ | ကျောက်ဆည်တက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း |
| ၁၃ | ပင်လုံတက္ကသိုလ် | ၁၆၀ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း၊ ကျောင်းသား ကျောင်းသူ နားနေဆောင် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း |
| ၁၄ | ကလေးတက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၄၀ဦးဆံ့ ဆရာများဆောင် နှစ်ထပ်တစ်လုံး ဆောက်လုပ်ခြင်း |
| ၁၅ | လွိုင်ကော်တက္ကသိုလ် | နှစ်ထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ်နှစ်လုံး ဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း၊ ပင်မဆောင်နောက်မှ ဆရာ ဆရာမများ ဆောင်ထိ ကွန်ကရစ်လမ်းခင်းခြင်း |
| ၁၆ | လားရှိုးတက္ကသိုလ် | ၂၄၀ ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် သုံးထပ်နှစ်လုံးဆောက်လုပ်ခြင်း၊ ကျောင်းသား ကျောင်းသူ နားနေဆောင် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း |
| ၁၇ | ဗန်းမော်တက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ သုံးထပ်ဓာတ်ခွဲခန်းဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း |
| ၁၈ | ရွှေဘိုတက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ သုံးထပ်ဓာတ်ခွဲခန်းဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင်နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း၊ ၂၄ ဦးဆံ့ ဆရာများဆောင် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း |
| ၁၉ | စစ်ကိုင်းတက္ကသိုလ် | နှစ်ထပ်လက်တွေ့ဆောင်နှစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ် တစ်လုံးဆောက်လုပ်ခြင်း၊ ၂၀ ဦးဆံ့ ဆရာ ဆရာမများဆောင် နှစ်ထပ်နှစ်လုံးဆောက်လုပ်ခြင်း၊ ပြင်ပလျှပ်စစ်လုပ်ငန်း၊ ပြင်ပရေရရှိရေးလုပ်ငန်း |
| ၂၀ | ရေနံချောင်းဒီဂရီကောလိပ် | ပြင်ပရေရရှိရေးလုပ်ငန်း၊ ပင်မဆောင်အကြီးစားမွမ်းမံခြင်း |
| ၂၁ | မြင်းခြံဒီဂရီကောလိပ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ဦးဆံ့ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ်နှစ်လုံးဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း |
| ၂၂ | မိုးညှင်းဒီဂရီကောလိပ် | နှစ်ထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း |
| ၂၃ | မန္တလာကောလိပ် | သုံးထပ်လက်တွေ့ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၆၀ ဦးဆံ့ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း |
| ၂၄ | ဟားခါးကောလိပ် | နှစ်ထပ်စာသင်ဆောင်သုံးလုံးဆောက်လုပ်ခြင်း၊ ၂၀ဦးဆံ့ ဆရာ ဆရာမဆောင် နှစ်ထပ်နှစ်လုံး ဆောက်လုပ်ခြင်း၊ ကျောင်းအုပ်ကြီးနေအိမ်နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း၊ လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာနှစ်လုံးဆောက်လုပ်ခြင်း၊ ခြောက်ခန်းတွဲတစ်ထပ် ဝန်ထမ်းနေအိမ်နှစ်လုံးဆောက်လုပ်ခြင်း၊ ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ်နှစ်လုံးဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း၊ ပြင်ပမီးရရှိရေးလုပ်ငန်း |

**(ခ) အောက်မြန်မာပြည်ရှိ အောက်ဖော်ပြပါ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအတွက်**

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ဘားအံတက္ကသိုလ် | လေးထပ်ကျောင်းသားအိပ်ဆောင် တစ်လုံးဆောက်လုပ်ခြင်း၊ လေးထပ်ကျောင်းသူအိပ်ဆောင်တစ်လုံး ဆောက်လုပ်ခြင်း၊ သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ နှစ်ထပ်ဆရာမများ အိပ်ဆောင် နှစ်လုံးဆောက်လုပ်ခြင်း |
| ၂ | မြိတ်တက္ကသိုလ် | နှစ်ထပ်ကျောင်းသား ကျောင်းသူ ၁၃၀ ဦးဆံ့ အိပ်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ သုံးထပ် ဆရာမ များဆောင် တစ်လုံးဆောက်လုပ်ခြင်း |
| ၃ | ထားဝယ်တက္ကသိုလ် | နှစ်ထပ်ကျောင်းသား ကျောင်းသူ ၁၃၀ဦးဆံ့ အိပ်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ သုံးထပ်စာသင် ဆောင်တစ်လုံးဆောက်လုပ်ခြင်း |
| ၄ | ပဲခူးတက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၁၀၀ ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင် တစ်လုံး ဆောက်လုပ်ခြင်း |
| ၅ | ပြည်တက္ကသိုလ် | လေးထပ် ၉၆ ဦးဆံ့ ဆရာဆရာမအိပ်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ လေးထပ် ၁၉၂ ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင်တစ်လုံးဆောက်လုပ်ခြင်း |
| ၆ | တောင်ငူတက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ သုံးထပ် ကျောင်းသား ကျောင်းသူအိပ်ဆောင်နှစ်လုံး ဆောက်လုပ်ခြင်း |
| ၇ | မော်လမြိုင်တက္ကသိုလ် | နှစ်ထပ်ကျောင်းသားအိပ်ဆောင်နှစ်လုံးဆောက်လုပ်ခြင်း၊ နှစ်ထပ်ဆရာ ဆရာမများဆောင် နှစ်လုံး ဆောက်လုပ်ခြင်း |
| ၈ | စစ်တွေတက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ နှစ်ထပ် ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်လုံး ဆောက်လုပ်ခြင်း |
| ၉ | တောင်ကုတ်ကောလိပ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း |
| ၁၀ | ရန်ကုန်တက္ကသိုလ် | ငါးထပ်သင်ကြားရေးအဆောက်အအုံတစ်လုံးဆောက်လုပ်ခြင်း |
| ၁၁ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | နှစ်ထပ်ကျောင်းသားအိပ်ဆောင်တစ်လုံးဆောက်လုပ်ခြင်း |
| ၁၂ | ဒဂုံတက္ကသိုလ် | နှစ်ထပ် ၁၄၄ ဦးဆံ့ ကျောင်းသူအိပ်ဆောင် နှစ်လုံးဆောက်လုပ်ခြင်း၊ နှစ်ထပ် ၂၀ ဦးဆံ့ ဆရာမများ ဆောင် သုံးလုံးဆောက်လုပ်ခြင်း |
| ၁၃ | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် | လေးထပ်နိုင်ငံခြားသားစာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ကျောင်းသူဆောင်(ဇေရီ)အတွက် စာဖတ်ခန်း၊ စုဝေးခန်းမနှင့် ထမင်းစားခန်းမ (မီးဖိုချောင်အပါအဝင် လေးထပ်ဆောင်တစ်လုံး ဆောက်လုပ်ခြင်း) လေးထပ် ၁၂၀ ဦးဆံ့ ကျောင်းသား ကျောင်းသူဆောင်တစ်လုံးဆောက်လုပ်ခြင်း |
| ၁၄ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | နှစ်ထပ် ၁၀၀ ဦးဆံ့ ကျောင်းသားအိပ်ဆောင်တစ်လုံးဆောက်လုပ်ခြင်း |
| ၁၅ | အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် | ခြောက်ထပ်ကျောင်းသူအိပ်ဆောင်တစ်လုံးဆောက်လုပ်ခြင်း |
| ၁၆ | ပုသိမ်တက္ကသိုလ် | သုံးထပ် ၁၀၀ ဦးဆံ့ ကျောင်းသား ကျောင်းသူအိပ်ဆောင်နှစ်လုံးဆောက်လုပ်ခြင်း၊ သုံးထပ်စာသင် ဆောင် တစ်လုံးဆောက်လုပ်ခြင်း၊ နှစ်ထပ်ဆရာ ဆရာမများဆောင် တစ်လုံးဆောက်လုပ်ခြင်း |
| ၁၇ | ဟင်္သာတတက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၄-၂၀၁၅ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၁-၅-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရုံးခွဲများရှိ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကိုပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်ဖြစ်ပါသည်။

၄။ (က) **အထက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအတွက်** အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန၊ လမ်း ၈၀၊ ၃၄×၃၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။
(ခ) အောက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအတွက် အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။

၅။ (က) အထက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအတွက် အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၆၀၃၇၁၊ ၀၂-၆၀၃၇၇၊ ၀၂-၆၀၃၇၈ (လိုင်းခွဲ ၁၁၇၊ ၁၁၉၊ ၁၂၀၊ ၁၂၁)နှင့် ၀၂-၃၉၅၁၁ (လိုင်းခွဲ- ၁၁၇၊ ၁၁၉၊ ၁၂၀၊ ၁၂၁)များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
(ခ) အောက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအတွက် အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက ဖုန်း-၀၁-၅၀၂၂၅၇၊ ၀၁-၅၃၉၄၃၇၊ ၀၁-၅၀၄၇၅၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၆။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါ အာမခံကြေးတို့ကို www.myanmar-education.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

ကြော်ငြာ


APEX Airlines
The Smart Way to Fly
SPECIAL SMART PACKAGE
Nay Pyi Taw
APEX Airlines ၏ နေပြည်တော် - ရန်ကုန် - ထားဝယ် - မြိတ် - ကော့သောင်း လေကြောင်း ခရီးစဉ်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့မှ စတင်ပြေးဆွဲမည်ဖြစ်ပြီး လေယာဉ်လက်မှတ်များကို Online မှတစ်ဆင့်သော်လည်းကောင်း အောက်ပါ တယ်လီဖုန်းနံပါတ်များမှ တစ်ဆင့် မှာယူပြီး မိမိတို့နှင့် နီးစပ်ရာ APEX Airlines လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ပါသည်။
from 100,000 Ks USD 100
Starting From 7th April 2015
Inclusive:
- Return Airfare
- Hotel with Breakfast
- Airport Transfer
APEX Airline Public Company Limited
Ground Floor, Seasons of Yangon International Airport Hotel,
Mingalardon Township (11021), Yangon, Myanmar.
Tel 95 - 1 - 53 3300-311 Fax 95 - 1 - 53 3312
Email tro@apexairline.com, smkto@apexairline.com
Website www.apexairline.com
Book Online: www.apexairline.com


Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး
ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အခါသမယ၌
မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းသာစွာ နွှဲပျော်နိုင်ကြပါစေကြောင်း
အော်ရာမင် - ဂျီ မှ ဆုမွန်ကောင်း ပို့သအပ်ပါသည်။
Oramin-G
Soft Cap.
(with Ginseng)
30 Soft Caps.
Manufactured by DAEWON PHARM. CO., LTD.
ခန္ဓာထန်စွမ်း စိတ်ရွှင်လန်းဖို့ 'အော်ရာမင် - ဂျီ' ကိုသောက်ကြပါစို့ ...
MARKETED BY
AA MEDICAL PRODUCTS LTD.

*ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် ကောင်းမွန်သောလူ့အဖွဲ့အစည်းတစ်ရပ်တို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသလို တစ်ခုနှင့်တစ်ခု အမှီသဟဲပြုလျက်ရှိသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရန် နိုင်ငံသားအားလုံးအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားလာအောင် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ဆရာမ ဒေါက်တာဝါဝါမောင်၏ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်စာအုပ်ကို စာဖတ်သူများအတွက် အပတ်စဉ် သောကြာနေ့တိုင်း ဖော်ပြပေးသွားမည် ဖြစ်ပါသည်။*

# ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်
# (Ensuring Good Governance)



ဒေါက်တာဝါဝါမောင်

*ယခင်အပတ်မှအဆက်*

**(ခ)စွမ်းရည်ထူထောင်ခြင်း (Capacity Building)**

ဒုတိယအဆင့်အနေဖြင့် စွမ်းရည်ထူထောင်ခြင်း (Capacity Building) ကို **ဝန်ထမ်းတစ်ဦးချင်းမှသည် အဖွဲ့အစည်းတစ်ရပ်လုံးအထိ စွမ်းရည်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ ဝန်ထမ်းတစ်ဦးချင်းစိတ်ဓာတ်နှင့် စိတ်နေစိတ်ထားကောင်းမွန်မှုမှသည် ဝန်ထမ်းအချင်းချင်း၊ ဝန်ကြီးဌာနများ အချင်းချင်းချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေခြင်း (Corporate Governance) ကို ဖြစ်ပေါ်စေမည်** ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်ချက်များအနေနှင့် အလုပ်အကိုင်အပြည့်အဝရရှိမှုသည်လည်း အကျိုးဝင်ပေသည်။ အလုပ်အကိုင်အခွင့်အလမ်း၊ ဝန်ထမ်းဘဝတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် လူငယ်ဝန်ထမ်းတို့၏ စိတ်ဓာတ်ပိုင်းဆိုင်ရာတို့သည် ဆက်စပ်လျက်ရှိပေသည်။ လူငယ်တို့သည် အခွင့်အလမ်းပေါ်မူတည်ပြီး ယှဉ်ပြိုင်လိုစိတ်၊ ကြိုးစားလိုစိတ်များဖြင့် တီထွင်ဆန်းသစ်မှုများကို ဖြစ်ပေါ်လာစေသည်။ ထိုမှတစ်ဆင့် မျိုးဆက်သစ်များ၏ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုကိုလည်း အားပေးရာရောက်သည်။ **ယနေ့အချိန်အခါတွင် နိုင်ငံတော်အနေဖြင့် မိမိတို့နိုင်ငံ၏ မျိုးဆက်သစ်လူငယ်ဝန်ထမ်းထု တစ်နည်းအားဖြင့် ဉာဏ်ရည်ဉာဏ်သွေးအစုအဝေးကြီးကို ထိရောက်ကောင်းမွန်သော စနစ်များနှင့် လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် နိုင်ငံ၏ဖွံ့ဖြိုးမှုကို တည်ဆောက်ရမည်ဖြစ်သည်။**

**(၂၁)ရာစု၏ စိန်ခေါ်မှုများနှင့်အညီ အရည်အချင်းမြင့်မားစွာ လုပ်ငန်းယန္တရားလည်ပတ်နိုင်စေရေးအတွက် အစိုးရဌာနများတွင်ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းခွင်များတွင်ဖြစ်စေ လုပ်ငန်းဆောင်ရွက်နေကြသော ဝန်ထမ်းလူငယ်များ၏ အရည်အသွေးမြင့်မားလာစေရန် လိုအပ်ပါသည်။** သက်ဆိုင်ရာအလုပ်ခွင်နှင့်သက်ဆိုင်သော ဘာသာရပ်ကျွမ်းကျင်မှုရရှိစေခြင်းနှင့်အတူ မျက်မှောက်ခေတ်၏ လိုအပ်ချက်အရ နိုင်ငံတကာသုံးအင်္ဂလိပ်စာကျွမ်းကျင်မှု၊ အိုင်စီတီအခြေခံကျွမ်းကျင်မှုနှင့် အထွေထွေစီမံခန့်ခွဲမှုပညာကျွမ်းကျင်မှုများသည် မဖြစ်မနေ လေ့ကျင့်ဖြည့်ဆည်းရမည်ဖြစ်သည်။ ထိုကျွမ်းကျင်မှုများကို လက်တွေ့ကျင့်သုံးနိုင်သော အဆင့်ရောက်ရှိစေရန်၊ ဆောင်ရွက်ရသော အဆင့်တိုင်းတွင်လိုအပ်သော နောက်လိုက်ကောင်းနှင့် ခေါင်းဆောင်မှုအတတ်ပညာတို့အား လေ့ကျင့်သားပြည့်ဝစေရန်၊ ကျွမ်းကျင်မှုကိုရရှိသွားစေရန် ဆောင်ရွက်ရပါမည်။ ဘက်စုံဖွံ့ဖြိုးသည့် နိုင်ငံ့သားကောင်း၊ ဝန်ထမ်းကောင်းများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ မျိုးဆက်သစ်လူငယ်ဝန်ထမ်းများ၏ ပင်ကိုယ်ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးစေရန် စီမံပေးရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်စေရန် ခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သော၊ ခေတ်ကိုရင်ပေါင်တန်းနိုင်သော၊ ခေတ်နောက်မကျသော အတွေးအခေါ်၊ အယူအဆနှင့်အတူ ဆန်းသစ်တီထွင်နိုင်သည့် ဉာဏ်ပညာတို့ဖြင့်ယှဉ်သော၊ ဖျတ်လတ်တက်ကြွသည့် လူ့အရင်းအမြစ်များစွာကို နည်းလမ်းပေါင်းစုံဖြင့် မွေးထုတ်ပေးနိုင်ရန် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် သဘာဝသယံဇာတများကို အခြေခံသည့် စီးပွားရေးအဆောက်အအုံ (Natural Resource Based Economy) မှ လူသားအရင်းအမြစ်ကို အခြေခံသည့် စီးပွားရေးအဆောက်အအုံ (Human Resource Based Economy) (သို့မဟုတ်) (Knowledge Based Economy) သို့ ကူးပြောင်းလာကြပြီဖြစ်သည်။ သဘာဝသယံဇာတများကိုအခြေခံသည့် စီးပွားရေးအဆောက်အအုံသည် ပြုန်းတီးမှုများ (Depreciation) နှင့် ကုန်ခန်းမှု (Exhaustion) တို့ကို ဖြစ်ပေါ်စေနိုင်သော်လည်း လူသားရင်းမြစ်ကို အခြေခံသည့် စီးပွားရေးအဆောက်အအုံမှာ အဆိုပါပြုန်းတီးစေမှု၊ ကုန်ခန်းမှုတို့ကို မဖြစ်ပေါ်စေနိုင်ပါ။ ဆထက်ပိုမို၍ တိုးတက်ပြန့်ပွားစေနိုင်ပါသည်။ ထို့အပြင် တီထွင်ကြံဆမှု (Innovation)နှင့် ဖန်တီးနိုင်စွမ်းရှိသော လုပ်သားထု (Creative Work Force) ကို အမြဲဖန်တီးနေရန် လိုအပ်ပေသည်။ သို့မှသာ နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) ကို တိုးတက်စေနိုင်မည်ဖြစ်သည်။

တီထွင်ကြံဆမှု (Innovation) နှင့် ဖန်တီးနိုင်စွမ်း (Creativity) ရှိသော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရန်မှာ ပညာရေးသည် အလွန်အရေးပါပေသည်။ ထို့ကြောင့် လူတို့၏ တိုးတက်မှုအတွက် ပညာရေးကဏ္ဍသည် Heart of Human Progress ပင်ဖြစ်သည်။ ၂၁ ရာစုတွင် နိုင်ငံများ၏ စီးပွားရေးနှင့် လူမှုရေးသာယာဝပြောမှုများရရှိနိုင်ရန် ယနေ့မြန်ဆန်စွာပြောင်းလဲနေသော ကမ္ဘာကြီးတွင် မိမိနိုင်ငံသားအားလုံး၏ အရည်အသွေးနှင့် စွမ်းရည်ကို မြှင့်တင်နိုင်ရန်အတွက် ပညာရေးဖန်တီးပေးနိုင်မှုအပေါ် များစွာမူတည်နေပေသည်။ တီထွင်ဆန်းသစ်မှုရှိသော လူ့အဖွဲ့အစည်း (Innovative society) ဖြစ်ပေါ်စေရန်မှာ မိမိလူ့အဖွဲ့အစည်းရှိ လူတိုင်းသည် ပြုပြင်ပြောင်းလဲမှု (Change) အား လက်ခံကျင့်သုံးရင်ဆိုင်နိုင်ရန် အမြဲပြင်ဆင်ကြိုးပမ်းနေရပေသည်။

ထို့အပြင် ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ စီမံခန့်ခွဲမှု (Talent management) လိုအပ်ပေသည်။ Talent management ဆိုသည်မှာ ဝန်ထမ်း(လုပ်သား)အသစ်များကို စွမ်းဆောင်ရည်တိုးတက်ရန်ကြိုးပမ်းခြင်း၊ ဝန်ထမ်း(လုပ်သား)အသီးသီးတွင် တည်ရှိနေသော စွမ်းဆောင်ရည်များကို ပေါင်းစပ်အသုံးပြုခြင်းနှင့် မိမိတို့အလုပ်ခွင်တွင် စွမ်းဆောင်ရည်ဖွံ့ဖြိုးပြီးဖြစ်သော ဝန်ထမ်း(လုပ်သား)ကောင်းများကို ထိန်းထားခြင်းပင်ဖြစ်သည်။ Talent ရှိသူများကို ထိန်းသိမ်းရန်လည်း အလွန်ခက်ခဲပေသည်။ နိုင်ငံတစ်ခုအတွက်သော်လည်းကောင်း၊ ကုမ္ပဏီတစ်ခုအတွက်သော်လည်းကောင်း၊ ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ စီမံခန့်ခွဲမှု လက်တွေ့ဆောင်ရွက်မှု (Talent management practices) မှာ လွန်စွာအရေးပါပေသည်။ Talent ရှိသူများကို မိမိတို့အုပ်ချုပ်ရေးယန္တရားလည်ပတ်မှုတွင် ထိန်းသိမ်းထားနိုင်ရေးတို့သည် လွန်စွာအရေးပါပေသည်။ Talent ရှိသူများကို မည်သို့ထိန်းသိမ်းမည်နည်း၊ အုပ်ချုပ်မှုယန္တရားတွင်မည်သို့သော Talent ရှိသူမျိုးကို ခန့်ထားမည်နည်း။ (သို့မဟုတ်) မည်သို့စီမံခန့်ခွဲမည်နည်း (How to manage?)တို့မှာ နိုင်ငံများ၊ကုမ္ပဏီများ၊ အဖွဲ့အစည်းများအတွက် မျက်မှောက်ဖြစ်ပေါ်နေသည့် လက်တွေ့ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း ယနေ့ခေတ်ကို " the war for talent" ဟု တင်စားခေါ်ဝေါ်ကြသည်။

အစိုးရဌာနများမှ Talent ရှိသူများ နိုင်ငံခြားသို့သွားရောက်အလုပ်လုပ်ကိုင်ခြင်းဖြင့် ပြင်ပသို့ဦးနှောက်ယိုစီးမှု (External Brain Drain) ကိုဖြစ်ပေါ်စေနိုင်သကဲ့သို့ ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)နှင့် ကုမ္ပဏီများသို့ ပြောင်းရွှေ့သွားခြင်းဖြင့်လည်း (Internal Brain Drain) ဖြစ်ပေါ်စေနိုင်ပါသည်။ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူများမှ မိမိတို့မိဘနှင့် မိသားစုများ ဆွေမျိုးများထံ ငွေကြေး၊ အရင်းအနှီးများ ပြန်လည်ပို့ပေးခြင်း၊ နိုင်ငံရပ်ခြားမှ ရရှိသော အတွေ့အကြုံ ဗဟုသုတများအား မိမိတို့နိုင်ငံအတွက် ပြန်လည်မျှဝေပေးခြင်း၊ အကျိုးရှိစေခြင်း၊ မိမိနိုင်ငံထံပြန်လာ၍ အလုပ်လုပ်ခြင်းစသည်တို့သည် Brain Gain ပင်ဖြစ်သည်။သို့သော် Brain Drain နှင့် Brain Gain တို့အကြား အချိန်ကွာဟမှု (Time Gap) ရှိနိုင်ပါသည်။ မည်သို့ပင်ဆိုစေ ခါးဆက်မပြတ်စေရေးအတွက် (ကျန်ရှိသော) ဝန်ထမ်းအားလုံး၏ Talent ကိုဖွံ့ဖြိုးအောင်စွမ်းဆောင်နိုင်ရန်လိုအပ်ပါသည်။

**ခါးဆက်မပြတ်စေရေးအတွက် လူကြီး၊ လူငယ်အတွေ့အကြုံရှိသူနှင့် မျိုးဆက်သစ်လူငယ်တို့ တွဲဖက်လုပ်ဆောင်စေရေးသည်လည်း Talent management တွင်အလွန်အရေးပါပြီး အုပ်ချုပ်ရေးယန္တရားအောင်မြင်စွာလည်ပတ်စေနိုင်ရေးအတွက် များစွာအထောက်အကူပြုပေသည်။** ထို့ပြင် သင့်တော်သည့်အရည်အသွေး၊ အရည်အချင်းနှင့်သင့်တော်သည့် အလုပ်အကိုင်၊ နေရာများချထားရေး (Right man in the right place.)သည်လည်း ကောင်းမွန်သော ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ စီမံခန့်ခွဲမှု (Good Talent management) တွင် ပါဝင်နေပါသည်။ သို့မှသာ ရှိပြီးသော Talent များ ငုပ်လျှိုးမနေစေရန်၊ တတ်မြောက်ထားသည့်ပညာနှင့် စွမ်းရည်များ

**လူပုဂ္ဂိုလ်တစ်ဦးသည် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်ရန် လိုအပ်သကဲ့သို့ နောက်လိုက်ကောင်းတစ်ဦး ဖြစ်နေရန်လည်း လိုအပ်**

အပြည့်အဝနှင့်အသုံးတည့်စေရန်၊ အသုံးချနိုင်စေရန် စီမံခန့်ခွဲနိုင်ရမည်ဖြစ်ပါသည်။ အထူးသဖြင့် Talent ရှိသောသူများသည် အလုပ်လုပ်ကိုင်ရာတွင် ပြုပြင်ပြောင်းလဲလွယ်သော အလုပ်ဇယား (Flexible schedule) ရရှိရန်လိုအပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးမှု (Career development) တို့ကို ရရှိလိုကြသည်။ ထို့ပြင်ဆွဲဆောင်မှု (မက်လုံး) အားဖြင့် (Incentives) ဥပမာ-လစာငွေ၊ ထောက်ပံ့ကြေး၊ ရာထူးတိုးတက်ခန့်ထားခြင်း၊ အလုပ်ခွင်သာယာစေခြင်းစသည်တို့သည်လည်း Talent managment တွင် ပါဝင်ပေသည်။

ဌာနဆိုင်ရာအကြီးအကဲများ၊ အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အနာဂတ်ကာလ၏ ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာစီမံခန့်ခွဲမှု (Talent management practices) အပေါ် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များချမှတ်ရန်နှင့် Performance Management ကို သုံးသပ်ရန်လိုအပ်ပါသည်။

နိုင်ငံတစ်ခုအတွက် အရည်အသွေးရှိသောတိုးတက်မှု (Quality Growth of a Nation) ဖြစ်ပေါ်စေရန် လူသားရင်းမြစ်များ (Human Resource) ပြန့်ပွားသထက်ပြန့်ပွားစေနိုင်ရန် ပညာဖြန့်ဝေရန်လိုအပ်ပါသည်။ ပညာဖြန့်ဝေသူ (Resource person) များသည် ပညာဖြန့်ဝေရာတွင် မျှဝေလိုသည့် စိတ်ဓာတ် (Sharing Minded ) ရှိစေရန် လိုအပ်ပါသည်။ " မိမိလောက်တော်သောတတ်သောသူ မရှိစေရ၊ မိမိလိုလူရှာမှရှားစေရမည်၊ မိမိသည် မရှိမဖြစ် (necessary) ဖြစ်နေစေရမည်ဟူသော တစ်ကိုယ်ကောင်းဆန်သည့်အတွေးမျိုး" လူများစု (အထူးသဖြင့် Seniors) များတွင် ရှိမနေကြရန် လိုအပ်ပါသည်။ လူများစုတွင် ဤကဲ့သို့သော စိတ်ဓာတ်များ များစွာတည်ရှိနေသော နိုင်ငံတစ်ခုအတွက် မျိုးဆက်သစ်များ အစားထိုးဝင်ရောက်ရာတွင် အတွေ့အကြုံမရှိစေခြင်း၊ ခါးပြတ်ခြင်း၊ ဦးနှောက်ယိုစီးမှု(Brain Drain )တို့ကို အားပေးရာရောက်ခြင်း စသည့်ဖြစ်ရပ်များ ကြုံတွေ့ပေါ်ပေါက်စေနိုင်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိခိုက်နစ်နာစေနိုင်ပါသည်။ ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အသွေးများထဲတွင် မိမိကဲ့သို့လည်းကောင်း၊ မိမိထက်ကျော်လွန်ပြီးလည်းကောင်း လုပ်ရည်ကိုင်ရည်ရှိပြီး ထက်မြက်သူများ မည်မျှမွေးမြူပြုစုပျိုးထောင်ပေးနိုင်ခဲ့သနည်းဟူသည့် အချက်လည်းပါဝင်သည်ကို မမေ့အပ်ပေ။ **လူပုဂ္ဂိုလ်တစ်ဦးသည် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ရန် လိုအပ်သကဲ့သို့ နောက်လိုက်ကောင်းတစ်ဦးဖြစ်နေရန်လည်း လိုအပ်ကြောင်း ဝန်ထမ်းများအားလုံးကို အသိပေးကျင့်သုံးနိုင်ရန် လိုအပ်ပါသည်။**

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးမှုကို တစ်ဦးကောင်း တစ်ယောက်ကောင်း စွမ်းဆောင်မှုဖြင့် မရရှိနိုင်ပေ။ **ဖွံ့ဖြိုးမှုကို လုပ်ကိုင်ဆောင်ရွက်နေသောဌာန၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအကြား မိမိကိုယ်ကျိုးစီးပွားကို ရှေ့တန်းမထားဘဲ မိမိနိုင်ငံအတွက်ဟု မြင့်မားစွာမျှော်မှန်းပြီး မိမိဝန်းကျင်မှ လုပ်ဖော်ကိုင်ဖက်များဖြင့် လိုက်လျောညီထွေစွာ ပူးပေါင်းဆောင်ရွက်မှု၊ မိမိဝန်းကျင်အား မိမိနှင့်အတူလိုက်ပါလာအောင် စည်းရုံးစွမ်းဆောင်မှု၊ စိတ်ဓာတ်မြှင့်တင်ပေးမှု၊ လက်တွဲခေါ်ယူမှုတို့အပေါ် များစွာမူတည်နေပါသည်။** စင်ကာပူနိုင်ငံ၏ အတွေ့အကြုံအရ နိုင်ငံသားများအားလုံး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာတတ်အောင်၊ လေးစားတတ်အောင် (Respect of law) လေ့ကျင့်ပေးနိုင်ခြင်းဖြင့် အဆင့်မြင့်ဖွံ့ဖြိုးသည့် နိုင်ငံဖြစ်လာကြောင်းလည်း တွေ့ရှိရပါသည်။

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးမှုကို စွမ်းဆောင်ကြရာဝယ် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းနှင့်တကွ NGO၊ INGO များ အားလုံးတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။ နိုင်ငံတစ်ခုသည် ကမ္ဘာ့နိုင်ငံများအကြား ဖြစ်ရပ်များ၊ အခြေအနေများနှင့် ကျင့်သုံးနေကြသည့် မဟာဗျူဟာများ၊ ပြောင်းလဲသွားသော မူဝါဒများက လေ့လာသုံးသပ်ကာ မိမိနိုင်ငံအနေဖြင့် မိမိတို့ဇောက်ချလုပ်ကိုင်ရာ ကဏ္ဍတွင်သာမက မေခရိုအဆင့်အနေဖြင့် မည်သည့်အနေအထားသို့ ပြုပြင်ပြောင်းလဲရန်လိုအပ်သည်။ မည်သို့တုံ့ပြန်မည်။ ပြဿနာများကို မည်သို့ကြိုတင်ကာကွယ်နိုင်မည် စသည်တို့ကို တွေးခေါ်သုံးသပ်နိုင်စွမ်းရှိအောင် ပြုစုပျိုးထောင်ကြရပါမည်။ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု (Peace and Stability) သည် အဓိကအခြေခံဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုမရှိပါက ရေရှည်ဖွံ့ဖြိုးမှု လုံးဝမရှိနိုင်ပေ။ အခြားနိုင်ငံများ၏ ပြဿနာဖြေရှင်းမှုအတွေ့အကြုံ၊ နိုင်ငံများ၏အတွေးအခေါ်နှင့်အယူအဆများ ပြောင်းလဲလာမှု စသည့်အခြေအနေများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်နိုင်မှသာလျှင် မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှု ရှိနိုင်ပါသည်။ ထို့အပြင် ဒေသဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကောင်းမွန်မှု၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာဖြစ်ပေါ်နိုင်မှသာလျှင် နိုင်ငံတစ်ခုအတွက် အရည်အသွေးရှိသော တိုးတက်မှု (Quality Growth of a Nation) ဖြစ်လာနိုင်ပေသည်။ သို့ပါ၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိဇောက်ချလုပ်ကိုင်ရာ နယ်ပယ်ကျဉ်းကျဉ်းတွင်သာမက ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဗဟုသုတအပါအဝင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အသိအမြင်များ ယေဘုယျခြုံငုံသိရှိနိုင်ရန် ဖြစ်ပါသည်။

***(ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်စာအုပ်ကို အပတ်စဉ် သောကြာနေ့တိုင်း ဖော်ပြသွားပါမည်)***

ပြည်တွင်းသတင်း

# ကြည့်မြင်တိုင် အေးရွာမှ လှိုင်မြစ်ကူးတံတားတည်ဆောက်တော့မည်

**ရန်ကုန် ဧပြီ ၉**

မတ် ၂၅ ရက်က ကျင်းပသော ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၃ရက်မြောက် နေ့တွင် ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်က"ကြည့်မြင်တိုင်မြို့နယ် မြို့ဘက်ကမ်းမှ တစ်ဖက်ကမ်းရှိ ကျေးရွာများသို့ ပြည်ထောင်စုအစိုးရဘတ်ဂျက်ငွေဖြင့် တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် "ရှိ/မရှိ" မေးမြန်းခဲ့သည်။

အဆိုပါ မေးခွန်းနှင့်ပတ်သက်၍ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က "ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်ကူးတံတား ကြည့်မြင်တိုင် အေးရွာတံတားစီမံကိန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်JICAအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မဟာရန်ကုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ အကြိုဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း" ဖြေကြားပေးခဲ့သည်။

မြန်မာ့အလင်းသတင်းအဖွဲ့မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိန်နှင့်တွေ့ဆုံ၍ မေးမြန်းခဲ့ရာ "ဟုတ်ပါတယ် အေးရွာတံတားကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်မှာ ကြယ်ပွင့်ပြ မေးခွန်းတစ်ခုအဖြစ် မေးမြန်းခဲ့ပါတယ်။ တည်ဆောက်ရေး ဖြစ်နိုင်စွမ်းအခြေအနေတွေလည်းရှိခဲ့ပါတယ်။ အေးရွာကို အခြေပြုပြီး မြို့ဘက်ကမ်းမှာ အလုံလမ်း သို့မဟုတ် ကြည့်မြင်တိုင်ဗားကရာလမ်း သို့မဟုတ် ဟံသာဝတီလမ်း (အရိုးကုဆေးရုံအနီး)တစ်နေရာရာကနေ တံတားထိုးဖို့ အစီအစဉ်ရှိနေပါပြီ" ဟု ဖြေကြားပေးခဲ့သည်။

အေးရွာတံတားတည်ဆောက်နိုင်ရေးအတွက် Ministry of Land, Infrastructure, Transport and Tourism (M.L.I.T) ၏ ကူညီထောက်ပံ့မှုဖြင့် JFE Engineerings Corporation, Japan မှ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တံတားအရှည် ၂၆၅၇ မီတာခန့် ရှိမည်ဖြစ်ကြောင်းသိရသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း ပါဝင်သော လှိုင်မြစ်တစ်ဖက်ကမ်းတွင် ကျေးရွာပေါင်း ၁၁ ရွာရှိသည်။ ၎င်း ၁၁ ရွာအား သုံးရွာတစ်ရပ်ကွက်၊ လေးရွာတစ်ရပ်ကွက်ဖြင့် ရပ်ကွက်ပေါင်း လေးရပ်ကွက်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ဆောက်ပေးခဲ့သည်။ အိမ်ခြေပေါင်း ၇၀၀၀ ခန့်၊အိမ်ထောင်စုပေါင်း ၈၀၀၀ ခန့်၊ လူဦးရေ ၄၅၀၀၀ ကျော် နေထိုင်လျက်ရှိသည်ဟု သိရသည်။

အဆိုပါ အေးရွာတံတား အမြန်ဆုံး ဖြစ်ပေါ်ရေးအတွက် အေးရွာဒေသခံပြည်သူများသာမက လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဒေသခံပြည်သူများအားလုံးက မျှော်လင့်စောင့်စားနေကြပြီဖြစ်သည်။ တံတားကြီးတည်ဆောက်ပြီးစီးပါကဒေသခံပြည်သူများ၏ လူမှုဘဝများတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်က "အေးရွာတံတားတည်ဆောက်ပြီးရင်တော့ ဒေသခံပြည်သူတွေရဲ့ဘဝ အများကြီးတိုးတက်ပြောင်းလဲသွားမယ်၊ မြို့နယ်အတွင်း ရှုပ်ထွေးနေတဲ့ ယာဉ်ကြောကျပ်တည်းမှု ပြဿနာကိုလဲ တစ်ဖက် တစ်လမ်းက ဖြေရှင်းပေးသွားနိုင်မှာ ဖြစ်တဲ့အပြင်တံတားကြီးသာရှိခဲ့ရင် ဘလုတ်ညွှန့်မီးဘေးက ဒီလောက်အထိ အလောင်ခံရမှာမဟုတ်ဘူး၊ မီးသတ်ကားတွေ အမြန်ဆုံး ရောက်သွားနိုင်ပြီး အချိန်တိုအတွင်းမှာ ငြိမ်းသတ်ပေးနိုင်ခဲ့မှာပါ" ဟု သုံးသပ်ပြောကြားခဲ့သည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါလေး





သကြင်္န်ကာလတွင် သကြင်္န်ချစ်သူများအတွက် ဖျော်ဖြေမည့် နေပြည်တော်ဟိုတယ်ဇုန်၌ ရွှေညော့သည်ဟိုတယ်၏ ရွှေသံလွင်မဏ္ဍပ်ဆောက်လုပ်နေမှုကို ဧပြီ ၇ ရက်က တွေ့ရစဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

## ဟိုပင်၌ ပဉ္စမအကြိမ်မြောက် ဓမ္မစကူးလ်သင်တန်းဆင်း

**ဟိုပင် ဧပြီ ၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ပိဋကတ်စာကြည့်တိုက်ခန်းမ၌ ဆရာတော် ဦးအာသဖ ဦးစီးဖွင့်လှစ်သော ပဉ္စမအကြိမ်မြောက် ယဉ်ကျေးလိမ္မာဗုဒ္ဓဓမ္မစကူးလ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၆ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းကို ကျောင်းသားကျောင်းသူ လူငယ်မောင်မယ်များ လိမ္မာယဉ်ကျေးပြီး အမျိုးဘာသာသာသနာဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည်။ ၎င်းသင်တန်းကို မတ် ၇ ရက်မှ တစ်လကြာ ဖွင့်လှစ်ခဲ့ပြီး အခြေခံအဆင့်၊ မူလတန်းအဆင့်နှင့်အလယ်တန်းအဆင့် သုံးဆင့်ခွဲ၍ ဆရာတော်သံဃာတော်များကသင်ကြားပို့ချခဲ့၍ ကျောင်းသား ကျောင်း သူ ၃၂၀ တက်ရောက်ခဲ့သည်။

**တိုးတိုးမေ-ဟိုပင်**



# ကြော်ငြာ

## Open Tender ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် တွင်းငယ်-မိုးမိတ်လမ်း (မိုင် ၀/၀ မှ ၄၆/၀ အတွင်း)လုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၁) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်
**ကျောက်ရှယ်စုံ** - ၁၈၀၅ ကျင်း
**သဲ** - ၁၁၀ ကျင်း
**ကျောက်ရောမြေ** - ၁၅၃၈ ကျင်း

(၁) **တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၁၀-၄-၂၀၁၅ ရက်
(၂) **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၃-၄-၂၀၁၅ ရက် ၉း၀၀ နာရီ
(၃) **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၃-၄-၂၀၁၅ ရက် ၁၁း၀၀ နာရီ
(၄) **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
ဖုန်း-၀၆၄-၂၃၁၁၈

## တနင်္သာရီတိုင်းဒေသကြီးသမဝါယမဦးစီးဌာန
## ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
(က) တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ RC နှစ်ထပ်
(ခ) တိုင်းဒေသကြီးသမဝါယမဦးစီးဌာနပိုင်ရုံးအဆောက်အအုံအား အကြီးစားပြင်ဆင်မှုလုပ်ငန်း RC နှစ်ထပ်
(ဂ) တနင်္သာရီမြို့နယ်၊ သမဝါယမဦးစီးဌာနရုံးအဆောက်အအုံနှင့် ခြံစည်းရိုးကာရန်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတွင် ၂၂-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုသည့်ကိစ္စရပ်များအား ဖုန်း-၀၅၉-၂၃၅၃၀၊ ၀၅၉-၂၁၃၁၆၊ ၀၅၉-၂၁၀၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်
## တောင်ကြီးမြို့
## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ရှမ်းပြည်နယ်အတွင်း အခြေခံပညာ ထက်/လယ်/မူကျောင်းများရှိ မူလတန်းအဆင့်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ ကျောင်းသုံးဗလာစာအုပ်များ ဖြန့်ဝေနိုင်ရန်အတွက် ဗလာစာအုပ်နမူနာပုံစံများ မြို့နယ်များ အရောက်ပို့ပေးနိုင်သည့် ဈေးနှုန်းတွက်ချက်မှုများနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးရုံးသို့ လာရောက်တင်သွင်းနိုင်ကြောင်း အဆိုပြုလွှာများ ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၃၀-၄-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီဖြစ်ပြီး အချိန်မီ တင်သွင်းရန်ဖြစ်ပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**တောင်ကြီးမြို့**
**ဖုန်း-၀၈၁-၂၀၁၈၇၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး
## ကျောင်းအဆောက်အအုံများဆောက်လုပ်ခြင်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးကြပ်မှုအစီအစဉ်ဖြင့်ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း၊ မူကြိုကျောင်းဆောင်၊ ဘော်ဒါဆောင်၊ ဝန်ထမ်းနေအိမ်များ အသစ်ဆောက်လုပ်ခြင်းအတွက် ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) အခြေခံပညာကျောင်း၊ ကျောင်းအဆောက်အအုံ (၄၄) ခု
(ခ) မူကြိုကျောင်းဆောင် (၁၁) ခု
(ဂ) ဘော်ဒါဆောင် (၃) ခု
(ဃ) ဝန်ထမ်းနေအိမ် (၁၈) ခု

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်/အချိန်** - ၁၀-၄-၂၀၁၅ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၅-၂၀၁၅ ရက်၊ ညနေ ၄း၃၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၃၅၅၁၊ ၂၃၉၆၀၊ ၂၃၉၆၄၊ ၂၃၉၆၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုဖြင့် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အင်းရှည်ရွာအနီးတွင် အကောင်အထည်ဖော်တည်ဆောက်မည့် ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်း(သထုံ)၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည် ဖြစ်ပါသည်-
(က) အရာထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း
(၁) အရေးကြီးစီမံကိန်းပညာရှင်များအဆောက်အအုံ(၃)လုံး
(၂) အရေးကြီးပညာသည်များအဆောက်အအုံ(၃)လုံး
(ခ) အမှုထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း
(၁) အရေးကြီးအင်ဂျင်နီယာကျွမ်းကျင်သူများနေအိမ်(၃)လုံး
(၂) အရေးကြီးအင်ဂျင်နီယာငယ်ကျွမ်းကျင်သူများနေအိမ်(၃)လုံး

၂။ လုပ်ငန်းတစ်ခုချင်းစီအလိုက် တင်ဒါပုံစံများကို ၂၂-၄-၂၀၁၅ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၂၂-၅-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်ရုံးအမှတ် ၃၇၊ ဒုတိယဝန်ကြီး(ရုံးခန်း)သို့ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၃၇၊ နေပြည်တော် ဖုန်း-၀၉-၅၁၃၅၉၁၀၊ ၀၉-၈၃၀၃၈၄၁၊ ၀၉-၄၄၀၂၂၅၈၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## လေလံကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ ကြာနီကန်ရပ်ကွက်၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ကြာနီကန်)၏ "သဇင်ဆောင်"အုတ်ကြွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်ကျောင်းဆောင်အား ဖျက်သိမ်း၍ မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လေလံတင်ရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၅ ရက်
**လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၉း၀၀ နာရီ
**လေလံတင်ရောင်းချမည့်နေရာ** - အထက(ခွဲ) ကြာနီကန် ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့

**ဥက္ကဋ္ဌ**
**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း၌ အောက်ဖော်ပြပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကျေးလက်လမ်း/တံတား
ကွန်ကရစ်လမ်း
ကတ္တရာလမ်း
ကျောက်လမ်း
မြေသားလမ်း
အုတ်ခုံခံသစ်သားတံတား
Box Culvert
ရေပြွန်တံတား
ရေကျော်

(ခ) ကျေးလက်ရေပေးရေးနှင့် ကျန်းမာသန့်ရှင်းရေး
တွမ်းတိမ် (၂"Ø)
တွင်းနက် (၄"Ø)
လက်တူးတွင်း
မြေသားမိုးရေလှောင်ကန်
(ဂ) ယင်လုံအိမ်သာ
(ဃ) ကျေးလက်မီးလင်းရေး
လျှပ်စစ်ဓာတ်အားမီးလင်းရေး
နေရောင်ခြည်စွမ်းအင် မီးလင်းရေး
(င) တန်ဖိုးနည်းအိမ်ရာ

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင် မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၃-၄-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၇-၅-၂၀၁၅ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အမှတ် ၆၄/က၊ ရန်ကုန်-မန္တလေးလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ ဖြစ်ပါသည်။
၅။ အသေးစိတ်သိရှိလိုသောအချက်များကို တိုင်းဒေသကြီးဦးစီးဌာန ဖုန်း-၀၅၂-၂၂၃၀၆၅၉ နှင့် ၀၅၂-၂၂၃၀၅၉၂ တို့သို့လည်းကောင်း ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## ထားဝယ်မြို့

**ဖက်စ်အမှတ်-၀၅၉-၂၃၆၀၀၊ ၀၅၉-၂၃၅၆၁**

## ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ရုံးအမည် | လုပ်ငန်းအမည် |
|---|---|---|
| (က) | တိုင်းဒေသကြီးရုံး | မြို့နယ်စုပေါင်းရုံးဆောက်လုပ်ခြင်း |
| (ခ) | လောင်းလုံးမြို့နယ် | မြို့နယ်စုပေါင်းရုံးတိုးချဲ့အဆောင်ဆောက်လုပ်ခြင်း |
| (ဂ) | ရေဖြူမြို့နယ် | မြို့နယ်စုပေါင်းရုံးတိုးချဲ့အဆောင်ဆောက်လုပ်ခြင်း |
| (ဃ) | သရက်ချောင်းမြို့နယ် | မြို့နယ်စုပေါင်းရုံးတိုးချဲ့အဆောင်ဆောက်လုပ်ခြင်း |
| (င) | တနင်္သာရီမြို့နယ် | မြို့နယ်စုပေါင်းရုံးတိုးချဲ့အဆောင်ဆောက်လုပ်ခြင်း |
| (စ) | ဘုတ်ပြင်းမြို့နယ် | မြို့နယ်စုပေါင်းရုံးတိုးချဲ့အဆောင်ဆောက်လုပ်ခြင်း |

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ကုမ္ပဏီ/ဒေသခံလုပ်ငန်းရှင်ကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။
၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင်ကျပ်(၁၀၀၀၀ိ/-)ဖြင့် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ၁၀-၄-၂၀၁၅ ရက်မှ ၂၄-၄-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။
၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပြီး ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံဖြစ်ရပါမည်။
၅။ ဈေးပြိုင်အဆိုပြုလွှာများကို တိုင်းအုပ်ချုပ်ရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထားဝယ်မြို့ထံလိပ်မူ၍ ၂၈-၄-၂၀၁၅ရက် ၁၆း၀၀ နာရီထက်နောက်မကျစေဘဲ တင်သွင်းရမည်။
၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၄-၅-၂၀၁၅ရက် ၁၀း၀၀နာရီတွင် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၆၀၊ ၀၅၉-၂၃၆၀၀၊ ၀၅၉-၂၃၅၆၂၊ ၀၅၉-၂၃၅၆၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**တင်သိန်း ပ/၄၄၅၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ မိုင်းလမ်အုပ်စု၊ ပန်ဆန်ကျကျေးရွာနေ ဦးမြင့်ရွှေ ၉/ပမန(နိုင်)၁၇၉၉၄၈-ဒေါ်နော်မေဘယ်လ် ၉/ပမန(နိုင်)၁၇၉၉၅၈တို့၏သား မောင်တင်မောင်ဆွေ ၁၃/ကတန(နိုင်)၁၅၉၈၃၅သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးမြင့်ရွှေ-ဒေါ်နော်မေဘယ်လ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများအတွက် ဝတ်စုံပစ္စည်းများ၊ အကျဉ်းသား/သူများ သုံးစွဲရန်အတွက် အသုံးအဆောင်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ရုံးအသုံးအဆောင်ပစ္စည်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဗဟိုပစ္စည်းသိုလှောင်ရေးရုံး၊ အင်းစိန်မြို့နယ်သို့အရောက် ဝယ်ယူလိုပါသည်။
၂။ တင်ဒါအား ၁၀-၄-၂၀၁၅ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၃၀-၄-၂၀၁၅ရက် (၁၅း၃၀)နာရီဖြစ်ပါသည်။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗဟိုပစ္စည်းသိုလှောင်ရေးရုံး၊ အကျဉ်းဦးစီးဌာန အင်းစိန်မြို့နယ်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ ဝယ်ယူနိုင်ပါသည်။ (အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၄၂၄၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

## မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးကျင်းပသော တောင်ကြီးမြို့၊ မဟာသင်္ကြန်(ဗဟို)မဏ္ဍပ်တွင် ကိုမျိုးမင်းသန့်ဦးဆောင်သော (High City)တီးဝိုင်းဖြင့် သင်္ကြန်အကြိုရက် ၁၃-၄-၂၀၁၅ ရက်မှ သင်္ကြန်အတက်နေ့ ၁၆-၄-၂၀၁၅ရက်အထိ အဆိုတော်များဖြစ်ကြသည့်

(၁) ဟန်ထွန်း၊ (၂) မိုးယံဇွန်၊ (၃) နေဒွေး၊ (၄) အောင်မင်းခန့်၊ (၅) ကောင်းမြတ်စံ၊ (၆) စိုင်းဆိုင်စွမ်ဖ၊ (၇) စိုင်းဆိုင်စွမ်မောင်၊ (၈) ညီကျော်၊ (၉) လင်းအောင်ခေတ်၊ (၁၀) ကျော်သက်ဝေ၊ (၁၁) ပိုင်ဒဂုံ၊ (၁၂) သုတ၊ (၁၃) ကြည်ဇော်ထက်၊ (၁၄) နေဝင်း၊ (၁၅) မြတ်သူကျော်၊ (၁၆) ထူးမင်း၊ (၁၇) စည်သူဝင်း၊ (၁၈) မင်းသိန်းခန့်နှင့် တောင်ကြီးမြို့မှ (High City)တီးဝိုင်းတေးသံရှင် ကျား(၄)ဦး၊ မ(၇)ဦးတို့ဖြင့် စည်ကားသိုက်မြိုက်စွာ နေ့စဉ်/ညစဉ် ကျင်းပဖျော်ဖြေသွားမည်ဖြစ်ကြောင်း ရပ်ဝေး/ရပ်နီးပြည်သူများ လာရောက်ကြည့်ရှုအားပေးကြရန် ဖိတ်ခေါ်အပ်ပါသည်။

**ပွဲတော်ကျင်းပရေးကော်မတီ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## သာသနာရေးဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ၁၁၆'×၃၆'၊ ၇၂'×၃၆' နှစ်ထပ် (သံကူကွန်ကရစ်) အခန်း ၈၀ ပါ သင်တန်းသား အိပ်ဆောင်တစ်လုံးဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) **တင်ဒါရောင်းချမည့်ရက်နှင့်နေရာ** - ၂၂-၄-၂၀၁၅ရက်မှ ၈-၅-၂၀၁၅ရက်အထိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
(ခ) **တင်ဒါတင်သွင်းမည့်နေရာနှင့် နေ့ရက်နှင့်အချိန်** - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၁၊ နေပြည်တော်၊ ၁၂-၅-၂၀၁၅ရက် နံနက်၉နာရီမှ၁၂နာရီအထိ
(ဂ) **တင်ဒါဖွင့်မည့်နေရာနှင့်အချိန်** - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၁၊ နေပြည်တော် ၁၂-၅-၂၀၁၅ ရက် မွန်းလွဲ ၁ နာရီ

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဖုန်း-၀၁-၆၅၀၇၀၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ဆိုင်ခန်းအမှတ် ပ-၄၄ အား ရန်ကုန်၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်ကွက်၊ မမဦးလမ်း၊ အမှတ် ဃ/၅၄၁ နေ ဒေါ်ခင်နှင်းယု ၈/ဆမန(နိုင်)၀၀၈၄၁၅ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ် ၁၄၀/၁၄၂ နေ ဦးတင်ဌေး ၈/ရစက(နိုင်)၁၂၁၇၄၁သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မော်လမြိုင်မြို့နယ်တရားရုံးတော်၌
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဒေါ်မရီ (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးကြည်လွင်) နှင့် ဒေါ်သန်းဝင်း(ခ)ဒေါ်မိပု
**တရားလို** **တရားပြိုင်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ လှိုင်ဖာရစီလမ်း၊ အိမ်အမှတ်(၈)နေ ဒေါ်သန်းဝင်း(ခ)ဒေါ်မိပု (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်မရီ (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးကြည်လွင်)က "တရားပြိုင်က ကျူးကျော်၍ ဝင်းခြံကာရံထားသောမြေ (၄၅×၂၄)ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ဆောက်လုပ်ထားသည့် နေအိမ်နှင့် ကာရံထားသည့်ခြံစည်းရိုးအား ဖျက်သိမ်းဖယ်ရှားထွက်ခွာပေးရန်နှင့် တရားလိုပိုင် (၄၅×၂၄)ပေ မြေအား တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သက်ထားဖြူ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မော်လမြိုင်မြို့နယ်တရားရုံး**

# ကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

| | | |
|---|---|---|
| ၁။ ဦးအေးကို | နှင့် | ၁။ ဦးမောင်မောင်သန်း |
| ၂။ ဒေါ်မိမိလေး | | ၂။ ဦးမောင်မောင်ထွေး |
| ၃။ ဒေါ်မိမိထွေး | | ၃။ ဦးမျိုးမင်းထွန်း |
| | | ၄။ မအေးအေးထွန်း(ခ)မချောစု |
| | | ၅။ မဇင်မာထွန်း |
| | | ၆။ မကေခိုင်ထွန်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

၁။ ကိုမျိုးမင်းထွန်း၊ ၂။မအေးအေးထွန်း၊ (ခ)မချောစု၊ ၃။မဇင်မာထွန်း၊ ၄။ မကေခိုင်ထွန်း (အတူနေမောင်နှမများ)၁၈×၁၉လမ်းကြား၊ ၈၁×၈၂လမ်းကြား အကွက်(၁၄၅)၊ မေဃဂီရိရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ယခင်နေရပ်လိပ်စာ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအေးကို ပါ-၃က၊ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၂၄ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နုနုခင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ဝါးခယ်မမြို့နယ်တရားရုံးတော်**
**၂၀၁၄ ခုနှစ် ဇာရီမှုအမှတ်-၇၆**

| | | |
|---|---|---|
| ဒေါ်ငွေးဝင်း | နှင့် | ၁။ ဦးတင်ဝင်း |
| | | ၂။ ဒေါ်ဆွေဆွေမြင့် |
| **တရားနိုင်** | | **တရားရှုံးများ** |

ဝါးခယ်မမြို့နယ် တရားရုံးတော်၊ တရားမကြီးအမှုအမှတ် ၃၅/၂၀၁၂ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၁၅ ခုနှစ် မေ ၅ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့၊ မြသိန်းတန်ရပ်ကွက်၊ မြသိန်းတန် ဘုရားလမ်း၊ ကွင်းအမှတ် ၁၈-က၊ မြသိန်းတန်ကွင်း၊ ဦးပိုင်အမှတ် ၂၁၁+၂၁၂၊ ဧရိယာ ၀ ဒသမ ၀၅၈ဧက၊ မြို့မြေအမျိုးအစား အိမ်ရာမြေတစ်ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သုံးပင်၊ ၂ ခန်း၊ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ တစ်ထပ်တိုက်နေအိမ် တစ်လုံး၊ သုံးပင်နှစ်ခန်း၊ သွပ်မိုး၊ ပျဉ်ကာပျဉ်ခင်း၊ နှစ်ထပ်နေအိမ်တစ်လုံး။

**ကြမ်းခင်းဈေး ကျပ် ၉၅ သိန်းတိတိ**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသောဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန်ပျက်ကွက်ပါ က ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၅ခုနှစ် မတ် ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(မျိုးဝင်း)**
**မြို့နယ်တရားသူကြီး**
**ဝါးခယ်မမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်၊ (H-၂၁၉)၊ ဦးပိုင်အမှတ်၉၊ ၅၆×၅၇လမ်းကြား၊ ဧဝရတ်×ကနောင်မင်းသားကြီးလမ်းကြားရှိ ဦးကျော်စန်းအမည်ဖြင့်ချထားပေးသောမြေကွက်အား ဒေါ်မိုးမိုးခိုင် ၉/မနမ(နိုင်) ၀၄၆၈၇၇ မှ မြေချထားမိန့်၊ မြေကွက်ဖိုးပေးသွင်းပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၅၀**

ကွယ်လွန်သူများဖြစ်ကြသော (၁) ဒေါ်မွန်တာဘောဂမ်၊ (၂) ဆိုဟေလာဘောဂမ်၊ (၃) ဂဇာလားဘောဂမ်၊ (၄)ဒေါ်ကနစ်ဖာတမာဘီဘီ၊ (၅) ဒေါ်ရီလမ်ဖာတမာဘီဘီ၊ (၆) ဒေါ်ဝဇီဖာတမာဘီဘီ၊ (၇) ဒေါ်နဇီးဖာတမာဘီဘီ တို့၏ကျန်ရှိရစ်သောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းအမှတ် ၁၀၊အိုင်၂၊မြေကွက်အမှတ် ၄၃-ဒ၊ အမှတ် ၈၈/၉၀ ၌ နေထိုင်ခဲ့ဖူးသော အထက်အမည်ပါ ကွယ်လွန်သူ ဒေါ်မွန်တာဘောဂမ်ပါ (၇)၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်စာထုတ်ပေးပါမည့် အကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် ၁၉၉၊ (ငါးလွှာ)နေ ဒေါ်လှလှဝင်း (ဘ) ဦးဘသန်း ၁၂/ကကက(နိုင်)၀၀၆၆၀၆ က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ် မေ ၂၀ ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၁၃ ရက်)နံနက် ၁၀ နာရီတွင် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူများ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည့် အဆိုရှိသူခပ်သိမ်းသူတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင် ဆိုခဲ့သော ၂၀၁၅ ခုနှစ် မေ ၂၀ ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၃ရက်)နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ မိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆင့်ဆိုခဲ့သော လျှောက်ထားသူ ဒေါ်လှလှဝင်း၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း အကြောင်းကြားလိုက်သည်။

၂၀၁၅ ခုနှစ် မေ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မေမီဝင်းရွှေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ကော့ကရိတ်မြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁**

| | | |
|---|---|---|
| ဦးပြောက်ကျား | နှင့် | ဦးဝင်းစိုး ပါ(၂) |
| **တရားလို** | | **တရားပြိုင်များ** |

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ နောင်တပွဲကျေးရွာ၊ ရွာသစ်ကုန်းစုနေဦးဝင်းစိုးနှင့် နော်မူးမူး (ယခုနေရပ်လိပ်စာမသိသူ)တို့မှ သိစေရမည်။

သင့်အပေါ်၌ တရားလိုမှ ရော်ဘာခြံဖိုးငွေ သိန်း(၆၀)ကျပ် နှင့်ခြံပြုပြင်ကုန်ကျစရိတ် နစ်နာကြေးငွေ သိန်း(၄၀)ကျပ် စုစုပေါင်း ငွေကျပ်သိန်း(၁၀၀) တိတိရလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၅ ရက် (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားနိုင်အား ဖြေရှင်းရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်အောင်)**
**မြို့နယ်တရားသူကြီး**
**ကော့ကရိတ်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အကွက်အမှတ် ၄၊ ရေအေးကွင်းမြောက်ရပ်၊ ဦးပိုင်အမှတ် ၄၃-ဃ၊ ဧရိယာ၀ဒသမ ၁၅၈၊ ၆၈၈၂ စတုရန်းပေ ဦးတင် အမည်ပေါက်မြေကွက်အား ၁၉၈၉ ခုနှစ် ဇွန် ၂၇ရက်တွင် ဦးတင်မှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၄၄၆)၊ သီတာအေးလမ်းတွင် နေထိုင်သူ ဦးအိုက်လင်း (ဘ)ဦးလုံးဝီ ၁၃/တကန(နိုင်)၀၂၄၉၈၈၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၂၄၂၊ ဗိုလ်မြတ်ထွန်းလမ်းသွယ်နေ ဒေါ်ခင်အေး (ဘ) ဦးနစ် ၁၀/ပလန(နိုင်)၀၀၄၉၅၄ အား ရောင်းချခဲ့ပြီး ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်တွင် အရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။ ဦးတင်သည် ယခုအခါ ဂရန်အမည်ပြောင်းကိစ္စကိုလည်းကောင်း၊ ရုံးကိစ္စအဝဝကို လည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် လာရောက်ဖြေရှင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်ခင်ဇာလှိုင်**
**အထက်တန်းရှေ့နေ(စဉ်-၂၉၃၅၆)**
**အမှတ် ၁၂၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊**
**မြို့မရပ်၊ တောင်ကြီးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ အကွက်အမှတ် (၅၀၇)၊ ဦးပိုင်အမှတ်(၅၁)၊ဘုရားကြီးတောင်ဘက်မုခ် အာနန္ဒာဘုရားအနီးရှိ ဒေါ်မလေးခင် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဖြစ်သူ ဦးတင်၊ မိခင် ဒေါ်မလေးခင်၊ သမီးဖြစ်သူ ဒေါ်တင်ညွန့်၊ သမက်ဖြစ်သူ ဦးကျော်၊ မြေးဖြစ်သူ ဦးခင်မောင်လင်း(လူပျိုကြီးဘဝ)နှင့် သားဖြစ်သူ ဦးတင်ဝင်းတို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၁၇၆/၂၀၁၀)ဖြင့် အမွေဆက်ခံခဲ့သော ချွေးမဖြစ်သူ ဒေါ်တင်အေးနှင့် မြေးများဖြစ်သည့် ဦးခင်မောင်ဝင်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်အေးအေးတင်၊ ဒေါ်အေးအေးဝင်း၊ ဦးခင်မောင်သင်းနှင့် ဦးထွန်းထွန်းဝင်းတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၅၉/၂၀၁၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝမ်ရှီလွင်(ခ)စိန်ချယ်အောင် ၁/မကန(ဧည့်)၀၀၁၅၂၇ နှင့် ဒေါ်ဝမ်ရှီဖုန်း(ခ)ရွှေချယ်အောင် ၁/မကန(ဧည့်)၀၀၁၅၂၈ တို့မှ အမှုတွဲအမှတ်၀၀၀၈/ဘ(ပြောင်း)/၂၀၁၅-၂၀၁၆ ဖြင့် ဘ/ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်အတွင်းရှိ ဟိုပန်မြို့နယ်၊ ပန်လုံမြို့၊ မန်ကန်မြို့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော ဘိလပ်မြေ၊ သံ၊ သံချောင်း(ရှယ်စုံ)၊ သစ်(အခြား)၊ လမ်းခင်းကျောက်မျိုးစုံ စသည့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (၂) | **အိတ်ဖွင့်တင်ဒါအမှတ်** | - အမှတ်(၁) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် |
| (၃) | **တင်ဒါပိတ်မည့် ရက်/အချိန်** | - ၂၉-၄-၂၀၁၅၊ ညနေ ၄း၃၀နာရီ |
| (၄) | **တင်ဒါဖွင့်မည့် ရက်/အချိန်** | - ၃၀-၄-၂၀၁၅ရက်၊ နံနက် ၁၀နာရီ |
| (၅) | **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** | - ခရိုင်အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုပန်မြို့။ ဖုန်း-၀၈၂-၇၄၁၄၇ |

(၆) အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(၇) တင်ဒါလျှောက်လွှာပုံစံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုပန်ခရိုင်/ဟိုပန်မြို့နယ်/ပန်လုံမြို့/မန်ကန်မြို့ရုံးများတွင် လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ကြောင်းကြေညာခြင်း

Masda Chemical International Co.,Ltd. သည် အမှတ် ၇၂၄၊ ကုန်သည်လမ်းမကြီး၊ ၂၆လမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန် သို့ ၁-၄-၂၀၁၅ ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၁-၂၄၃၉၂၂၊ ၃၈၉၆၀၁၊ ၀၉-၇၃၀၃၆၉၂၂**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ကော့ကရိတ်မြို့နယ်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-(၁၆)နှင့်ဆက်နွယ်သည့်**
**၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-(၄)**

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်ဦး | နှင့် | ဒေါ်အေး |
| **တရားနိုင်** | | **တရားရှုံး** |

ဒေါ်အေး၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့ အမှတ်(၃)ရပ်ကွက်၊ ၃လမ်း၊ အိမ်အမှတ်(၁၇၄)နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်(၁၆)တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်မြင့်မြင့်ဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် မေလ ၅ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် မတ် ၃၁ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်အောင်)**
**မြို့နယ်တရားသူကြီး**
**ကော့ကရိတ်မြို့နယ်တရားရုံး**

## အများသိစေရန်

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ နယ်မြေ(၁၁) အတွင်းရှိ အရှေ့လားသော် ဦးကျင်သန်း၊ အနောက်လားသော် ဦးဆန်နီ၊ တောင်လားသော် ဦးချစ်မောင်လှိုင်၊ မြောက်လားသော်-လမ်း၊ အလားလေးရပ်အတွင်းရှိ ဝိုင်းခြံမြေနှင့် ယင်းမြေပေါ်ရှိ (၄×၅)ပင် တစ်ထပ်တိုက်နေအိမ်၊ တပ်ကုန်းမြို့နယ်၊ ခြံကြီးကျေးရွာအတွင်းရှိ အရှေ့လားသော်- ဦးအောင်မြင့်၊ ဒေါ်သန်းမြင့်၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-ဦးတင်အောင်ကိုတို့ အလားလေးရပ်အတွင်းရှိ ဝိုင်းခြံမြေနှင့်ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်တစ်လုံးနှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ယာမြေ(၄၀)ဧကတို့မှာ ဒေါ်ကျင်မြ (ဘ)ဦးမောင်တင့် ၉/တကန(နိုင်)၁၉၃၅၅၅ တစ်ဦးတည်းပိုင်ဆိုင်ပြီး အခြားမည်သူ တစ်စုံတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းမရှိပါကြောင်း အထက်ဖော်ပြပါ ဒေါ်ကျင်မြပိုင်ပစ္စည်းများအား ဒေါ်ကျင်မြသိရှိခြင်းမရှိဘဲ မည်သူမျှလွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ရန် ကြေညာလိုက်သည်။

**ဒေါ်ကျင်မြ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးညွှန့်တင် LL.B** | **ဒေါ်ထက်ထက်စိုး LL.B** | **ဒေါ်ကြူကြူအေး LL.B** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(၁၇၅၃၅)** | **(စဉ်-၉၃၁၂)** | **(စဉ်-၁၀၁၃၆)** |
| **အောင်ဇေယျရပ်ကွက်၊ အောင်စိုးမိုးလမ်း** | **မ/၃၉၊အနော်ရထာရပ်ကွက်၊** | **ရွှေဝါဖူးလမ်း၊ ဆရာစံရပ်ကွက်** |
| **နေပြည်တော်၊တပ်ကုန်းမြို့၊** | **နေပြည်တော်၊တပ်ကုန်းမြို့** | **နေပြည်တော်တပ်ကုန်းမြို့** |
| **ဖုန်း-၀၆၇-၇၁၀၁၆** | **ဖုန်း-၀၉-၄၃၁၃၉၇၇၆** | **ဖုန်း-၀၉-၂၅၀၈၆၇၁၀၂** |

## ဦးတင်လင်းမောင် ၁၂/ဗဟန(နိုင်)၀၉၁၃၇၁၊ ချမ်းမြေ့ဆောက်လုပ်ရေးနှင့် သုခဓနဆောက်လုပ်ရေးတို့၏ မန်နေဂျင်းဒါရိုက်တာနှင့် သက်ဆိုင်သူများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောသိန်း ၁၂/သဃက(နိုင်)၁၁၁၁၂၃ ကိုင်ဆောင်သူ အမှတ် ၄၉၊ ဇေယျာသုခလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေထိုင်သူ၏ လွှဲအပ်ချက်အရ ကန်ထရိုက်တာ ဦးတင်လင်းမောင် သိစေရန် အကြောင်းကြားအပ်ပါသည်။

လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေပိုင်သည့် အထက်ပါလိပ်စာတွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုခဲ့ပြီး အဆောက်အအုံကို ဆောက်လုပ်ခဲ့သော်လည်း ပြီးစီးအောင် ဆောက်လုပ်ခြင်းမရှိဘဲ ပျက်ကွက်သဖြင့် အကြိမ်ကြိမ် ဆက်သွယ်သော်လည်းဆက်သွယ်မှုမရရှိပါ။ ၎င်းအပြင် နှစ်ဦးသဘောတူစာချုပ်ပါ စည်းကမ်းချက်များဖောက်ဖျက်သည့်အတွက် အဆိုပါစာချုပ်ပါအတိုင်း စာချုပ်မှာပျက်ပြယ်ပြီးဖြစ်ပါ၍ လူကြီးမင်း အားလုပ်ငန်းနှင့်ပတ်သက်၍ ရပ်စဲပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။ ကန်ထရိုက်တာထံမှ ကြိုတင်ငွေဝယ်ယူထားသူများသည်လည်း မြေရှင်မှ တာဝန်ယူမည်မဟုတ်ပါကြောင်းနှင့် ကန်ထရိုက်တာ ဦးတင်လင်းမောင်နှင့်သာ ဆက်လက်ဆောင်ရွက်ကြပါရန် သိစေအပ်ပါသည်။

**ဦးစောသိန်း၏ လွှဲအပ်ချက်အရ**

**ဦးတင်မျိုးညွှန့်(LL.B)(စဉ်-၂၂၀၀၆)**
**အထက်တန်းရှေ့နေ**
**အမှတ် ၃၅၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

ကြော်ငြာ

### ဝမ်းနည်းကြေကွဲခြင်း
## ဦးငွေစိုးလှိုင်
**အသက်(၇၀)**

ဒေါ်ဂျိုးစီစီစိန်(UNDP/FAO-Rtd. ICRC-Rtd.)၏ ခင်ပွန်းဖြစ်သူ ဦးငွေစိုးလှိုင် (သမဝါယမဝန်ကြီးဌာန၊ CEIE မန်နေဂျာ၊ ငြိမ်း)သည် ၈-၄-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြသိန်းနှင့် ဇနီး ဒေါ်ရီရီဝင်း**
**အဖွဲ့ဝင်**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းကြွေ(သုံးခွမြို့)
**အထက်တန်းသူနာပြု(ငြိမ်း)**
**B.A(Hist;)H.G.P,**
**Diploma of Nursing**
**အသက် (၆၉)နှစ်**

ဦးအောင်သန်းစိုး(ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး(ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ)၏ချစ်လှစွာသော ဇနီးသည်(၇-၄-၂၀၁၅)အင်္ဂါနေ့ နံနက် ၃း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးတင့်လွင်
**ဦးစီးအရာရှိ (စုံစမ်းရေး)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဦးတင့်လွင် (ဦးစီးအရာရှိ၊ စုံစမ်းရေး) သည် ၅-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယရဲအုပ်လောင်းသင်တန်း**
**အမှတ်စဉ်(၁၇/၈၆)ကျောင်းဆင်းသူငယ်ချင်းများ**
**(ရဲ၊ မီးသတ်၊ အကျဉ်း၊ စစစ)**

## မဟာသင်္ကြန်ပွဲတော်ကာလ နေပြည်တော်တွင် ကား/ဆိုင်ကယ် မောင်းနှင်သူများ လိုက်နာရန်

၂၀၁၄ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း နေပြည်တော်တွင် ယာဉ်မတော်တဆမှု(၁၃) မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၅၇ ဦး၊ သေဆုံးသူ ၁၁ ဦးရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း နေပြည်တော်မှ မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ကား/ဆိုင်ကယ် မောင်းနှင်သူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
၅။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၆။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့်ပြုပြင်ဆဲယာဉ်များ မောင်းနှင်ခြင်းမပြုရ။
၇။ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗီးတက်) မပါဘဲ မမောင်းရ။
၈။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။
၉။ ထော်လာဂျီကဲ့သို့ အနေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်း မပြုရ။
၁၀။ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်ပြားတွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းနှင့် ရင်ပေါင်တန်းစုဖွဲ့စီးခြင်းများ မပြုရ။
၁၁။ နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
၁၂။ သံစုံဟွန်းများတပ်ဆင်ကာ အသုံးမပြုရ။
၁၃။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင် (ပေါင်းတည်)
**အသက်(၉၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ(၂)လမ်း၊ အေးရိပ်သာကွန်ဒို၊ အခန်းအမှတ်(၇-ဘီ)နေ (ဦးမြဒင်-ဒေါ်စိန်ပု)တို့၏ သမီး၊ (ဦးခင်ထွန်း)၏ဇနီး၊ ဦးတိုး-(ဒေါ်သန်းကြည်)၊ (ဦးပေါ်လှ)-ဒေါ်ထွားကြည်တို့၏အစ်မ၊ (ဦးစိုးဦး)-ဒေါ်သင်းသင်းစိန်၊ ဦးတင်ထွဋ်-ဒေါ်ငြိမ်းငြိမ်းမြင့်၊ ဒေါ်စိုးစိုးမြင့်၊ ဦးအောင်မြင့်-ဒေါ်ခင်ဖုန်းမြင့်(A & K ရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွား၊ တူ/တူမ ၁၀ယောက်တို့၏ကြီးကြီးသည် ၆-၄-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၇-၄-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ မြဝတီဓာတ်ဆီဆိုင်အနီးရှိ အင်းလျားကန်ဖျားကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## သုဓမ္မသီဂီ ဒေါ်ချစ်ချစ်
**အသက်(၈၃)နှစ်**

မန္တလေးမြို့နေ ကိုရာဇအောင်-မအေးအေးသန်း (မြင့်မြင့်ခင် ထိုးမုန့်)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ချစ်ချစ်သည် ၆-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှမျိုး-ဒေါ်သန်းသန်းမြင့်**
**ရှမ်းရိုးမပုံနှိပ်တိုက်**

## ဦးငွေစိုးလှိုင်
**သမဝါယမဝန်ကြီးဌာန၊ CEIE မန်နေဂျာ(ငြိမ်း)**
**အသက်(၇၀)**

ရန်ကုန်မြို့နေ(ဦးဘဦး-ဒေါ်လှလှခင်)တို့၏သား၊ [ဦးပဂျိုင်(ခ)တိုးတက်ရေးဦးစိန်]-ဒေါ်မြညွန့်တို့၏သားသမက်၊ ဒေါက်တာချိုနွယ်ဦး-(ပါမောက္ခ ဒေါက်တာခင်လှိုင်)၊ [ဒုတိယဗိုလ်မှူးကြီးညွန့်ဝင်း(ငြိမ်း)]-ဒေါ်ခင်မော်ဦး၊ ဒေါ်မြင့်ပြုံးဦး-ဒေါက်တာဝင်းအောင်တို့၏ညီ/မောင်၊ (ဒေါ်ခိုင်စန်းဦး-ဒေါက်တာတင်ထွန်း)တို့၏အစ်ကို၊ အမှတ် ၉၁၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေးအနောက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ဂျိုးစီစီစိန်(UNDP/FAO-Rtd, ICRC-Rtd)၏ခင်ပွန်း၊ ဦးလှိုင်ဦး၊ ဒေါ်သစ်သစ်စိုးတို့၏ဖခင်၊ မောင်ဖြိုးသုလှိုင် (အထက-၄၊ မင်္ဂလာတောင်ညွန့်)၊ မထူးထူးလှိုင်(အထက-၃၊ မင်္ဂလာတောင်ညွန့်မြို့နယ်)တို့၏အဘိုးသည် ၈-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

သံတွဲခရိုင်၊ တရားသူကြီး ဒေါ်ခင်စန်းဝင်း၏ခင်ပွန်း ဦးစိန်လွင် အသက်(၅၄)နှစ်သည် ၉-၄-၂၀၁၅ရက် နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ရခိုင်ပြည်နယ်တရားလွှတ်တော်ရုံးမိသားစုများ**
**သံတွဲခရိုင်နှင့် မြို့နယ်တရားရုံးမိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးလှမိုး (ငြိမ်း)
**လက်ထောက်ညွှန်ကြားရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**
**အသက်(၄၂)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ကံ့ကော်အိမ်ရာ၊ တိုက် ၁၄၊ အခန်း ၁၃ နေ ဒေါ်သီရိအောင်၏ချစ်လှစွာသောခင်ပွန်း၊ မသန့်ကြည်ဖြူစင်၊ မောင်မင်းထက်ကောင်းတို့၏ချစ်လှစွာသောဖခင် ဗိုလ်ကြီးလှမိုး(ငြိမ်း) (လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)သည် ၇-၄-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၂၀၁၃ခုနှစ်၊ KOICA Group သူငယ်ချင်းများ**

## ဦးစိန်လွင်
**[AGTI, Bsc (Physics)]**
**အသက်(၅၄)နှစ်**

ဟသ်ာတမြို့နယ်၊ နတ်မော်ကျေးရွာနေ (ဦးထွန်းကြည်-ဒေါ်တင်လှ)တို့၏သား၊ဗဟန်းမြို့နယ်၊ရွှေနံ့သာရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ် (၆၀ A)နေ (ဦးမောင်ခင်-ဒေါ်လှကြည်)တို့၏သားသမက်၊ (ဦးမြင့်ခင်)-ဒေါ်ခင်လှိုင်၊ ဦးသန်းဝင်း-ဒေါ်မြင့်မြင့်ဌေး၊ (ဦးလှိုင်ဝင်း - ဒေါ်စိန်မြင့်)၊ အရာခံဗိုလ်ကျော်လွင်-ဒေါ်မြင့်မြင့်စိန်၊ ဦးမြင့်စိုး၊ ဦးချစ်စိုး-ဒေါ်ခင်ဌေးရီ၊ ဦးအောင်ငြိမ်း - ဒေါ်တင်တင်ဝင်းတို့၏ ညီ/မောင်၊ ဦးခင်ဝင်း-ဒေါ်သန်းတင်အေး၊ ဗိုလ်ကြီးရဲထွန်းလွင် - ဒေါ်သက်သက်လွင်၊ (ဦးနိုင်ထွန်းလွင်)-ဒေါ်ဒေစီ၊ (ဒေါ်ယဉ်မင်းထွေး)၊ဦးစောဝင်း၊ ဦးနေမင်းအောင်-ဒေါ်ရီမွန်ကိုတို့၏အစ်ကို၊ မနိုနိုဝင်းလွင်၊ မောင်နိုင်ဝင်းလွင်တို့၏ဖခင်၊ ဒေါ်ခင်စန်းဝင်း(ခရိုင်တရားသူကြီး၊ သံတွဲခရိုင်တရားရုံး)၏ချစ်လှစွာသောခင်ပွန်းသည် ၉-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၉း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဗဟန်းမြို့နယ်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမ
## ဒေါ်ခင်ခင်ဌေး (မော်လမြိုင်)
**နတ်သြဇာမော်လမြိုင်**
**ကျွဲကောသီးဆိုင်**
**အသက်(၅၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ် ၆/၈ A-1 နေ (ဦးဟုတ်စွမ်-ဒေါ်ကျင်တီ)တို့၏သမီး၊ (ဦးအေးမောင် - ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဦးခင်မောင်ညွန့်၏ဇနီး၊ ဦးကျင်ဗုက်-ဒေါ်ခင်ထွေးရီ၊ ဦးကျင်ဟိုး-ဒေါ်တင်ဆန်း၊ဦးကျင်ဟိန်-ဒေါ်လွမ်တီ၊ ဦးကျင်ဝိန်-ဒေါ်သီတာထွန်း၊ ဦးသန်းဌေး-ဒေါ်ခင်ထွေးယဉ် (ခ) ဒေါ်ဘေဘီတို့၏ညီမ၊ ဦးအောင်ဌေး-ဒေါ်နီနီလှိုင်တို့၏ အစ်မသည် ၆-၄-၂၀၁၅ရက်(တနင်္လာနေ့) ည ၈း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်ခင် (ရာ/၁၁၀)
**အသက်(၉၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ ၂ လမ်း၊အေးရိပ်သာကွန်ဒို၊အမှတ် ၇(ဘီ)နေ ဒေါ်ခင်ဖုန်းမြင့်(ရာ/၁၄၀၂)၏မိခင် ရာသက်ပန်အသင်းဝင် ဒေါ်ခင်ခင်သည် ၆-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၅ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးတိုး
**သံပန်း၊ သံတံခါး ဆရာကြီး**
**(တောင်တွင်းကြီးမြို့နယ်အသင်းဝင်)**
**အသက်(၈၉)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်၊ အကွက် ၄၁နေ (ဒေါ်ငွေတင်)၏ခင်ပွန်း၊ ဦးထွန်းထွန်း-ဒေါ်လှလှဝင်း၊ ဦးမောင်မောင်မြင့်-ဒေါ်မြင့်မြင့်ရီတို့၏ဖခင်၊ မယုရတနာမြင့်၊ မောင်ကျော်ဇင်ဟိန်းထွန်း၊ မဇင်ဇင်ဝင်း၊ မမြင့်မြတ်သီဂီကျော်၊ မောင်မြင့်မြတ်ကိုတို့၏ အဘိုးသည် ၉-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၅ရက် (သောကြာနေ့)ညနေ ၃နာရီတွင် နေအိမ်မှအေးရိပ်ငြိမ် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု

## ဒေါ်တင်ရှိန် (သန်လျင်)
**ဖလန်းပေတရာရွာ(ကျောက်တန်း)**
**အသက်(၈၆)နှစ်**

သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ မြို့သစ်လမ်း၊ အမှတ် ၁၁နေ (ဦးလှဘော်-ဒေါ်ဘွားရှင်)တို့၏ သမီး၊ (ဦးမောင်ကျော် - ဒေါ်သန်းရင်)တို့၏ သမီးချွေးမ၊ (ဦးအုန်းမောင်)၏ ဇနီး၊ (ဦးမြင့်ကြည်) - ဒေါ်အေးအေးသန်း၊ ဦးတင်မောင်ဖုန်း (သ/မဦးစီးဌာန၊ ငြိမ်း)-ဒေါ်စန်းခင်(မြို့နယ်သ/မဦးစီးဌာန၊ သန်လျင်)၊ ဦးလှမင်း (မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ-၁)-(ဒေါ်ကေသီဆွေ)တို့၏မိခင်၊ မြေး ငါးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၈-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စိုးစိုးရင် (အတိုး)
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ [ဦးရင်မောင် (ရဲဝန်ထောက်၊ အငြိမ်းစား၊ အင်းစိန်၊ ID)-ဒေါ်သီသီ (မင်းတုန်း)]တို့၏ သမီး၊ ဦးအောင်သန်း၏ဇနီး၊ [ဒေါ်တင်တင်မာ(အမာ)]၏ညီမ၊ [ဦးခင်မောင်ဝင်း(အပါ)]၏အစ်မ၊ ဦးဇော်မျိုးအောင်-ဒေါ်ခင်သုဇာဝင်း၊ ဦးမျိုးဆန်းမြင့်-ဒေါ်ခင်ခင်ဖြူအောင်(မဟာသရဖူ ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဦးဇော်တိုးအောင် (ဆရာတိုး၊ ရှုပဗေဒ)-ဒေါ်မျိုးမျိုးခိုင်တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၉-၄-၂၀၁၅ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၅ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မောင်ညီထွဋ်
**(တတိယနှစ်၊ မြန်မာစာ)**
**အထက(၁၇)မန္တလေး**
**ကျောင်းသားဟောင်း**
**အသက်(၂၁)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရတနာတိုးချဲ့လမ်း၊ အမှတ်(၂၉/က)နေ ဦးခင်မောင်အေး-ဒေါ်ခက်ခက်တို့၏သား၊ ဦးမင်းသီဟကျော် (Chief Technical Officer-Air Mandalay)-ဒေါ်နီနီရှမ်း၊ မဝေနင်းအေးတို့၏ညီ/မောင်သည် ၂-၄-၂၀၁၅ရက် နံနက် ၆နာရီတွင် Dalniy Vostok သင်္ဘောပေါ်၌ ကွယ်လွန်သွားပါ၍ ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဥတ္တမ (ခရမ်း)
**ခရမ်းမြို့နယ်၊ သံဃနာယကအဖွဲ့(ရွှေကျင်အကျိုးတော်ဆောင်)**
**သက်တော်(၆၇)နှစ်၊ သိက္ခာတော်(၄၇)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ (၅)ရပ်ကွက်၊ ဓမ္မိကာရာမ ရွှေကျင်ကျောင်းတိုက်နှင့် ပျဉ်းမပင်ရွာ၊ ပျဉ်းမကုန်းကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမသည် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်) ၈-၄-၂၀၁၅ရက် နံနက် ၉း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၉ရက်) ၁၂-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင်ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

## ဦးနေဂါဖိုးဟန် (JEHOVAH'S WITNESS) (လယ်ဝေး)
**ဒုတိယဥက္ကဋ္ဌ [ယေဟောဝါသက်သေ(ကင်းမျှော်စင်)အသင်း]**
**အယ်ဒီတာ(ကင်းမျှော်စင်စာပေတိုက်)**
**ဌာနစုမှူး(ငြိမ်း)၊ မြန်မာ့ရေနံ၊ ခနိတော**
**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၂၉ (ပထမထပ်)နေ (ဦးကျော်-ဒေါ်ယာ)တို့၏သားထွေး၊(ဒေါ်နွဲ့)၏ခင်ပွန်း၊ ဒေါ်မိုင်နှင်းဆီ (အလက-၂၊ ပုဇွန်တောင်)၊ ဒေါ်စီစီအောင်တို့၏အဘိုးသည် ၉-၄-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၄း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံအအေးတိုက်ငြိမ်းအေးဇရပ်မှ ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်တီ
**အသက်(၈၅)နှစ်**

(ဦးချိန်-ဒေါ်ရင်သူ)တို့၏သမီး၊ (ဦးကျင်ဗုက်)၏ဇနီး၊ ဒေါက်တာနေဝင်းရှိန်(အထူးကုဆရာဝန်ကြီး၊ ဓာတ်မှန်၊ အထွေထွေရောဂါကုဆေးရုံကြီး၊ ပဲခူးမြို့)-ဒေါက်တာမြင့်မြင့်ကြူ(အထူးကုဆရာဝန်ကြီး၊ မျက်စိအထွေထွေရောဂါကုဆေးရုံကြီး၊ တောင်ငူမြို့)၊ (ဒေါ်အေးအေးကြူ)၊ ဒေါက်တာချိုချိုသန်း(အထူးကုဆရာဝန်ကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၊ မန္တလေးမြို့)၊ ဦးစိုင်းသက်ထွေး-ဒေါ်တင်မာချို၊ ဦးဝင်းနိုင်-ဒေါ်အေးအေးမြင့်၊ (ဦးအောင်နိုင်)၊ ဦးနေစိုးနိုင်-ဒေါ်ယုယုခိုင်၊ ဦးကျော်စိုးနိုင်-ဒေါ်ခိုင်ဇာထွန်းတို့၏မိခင်၊ မမေသူမြတ်နိုး(Y.T.U.Ec Master တန်း)၊ မအိအိမျက်ချယ်(အလုပ်သင်ဆရာဝန်၊ အင်းစိန်ဆေးရုံကြီး)၊ မောင်သန့်ထူးနိုင်၊ မမေမြင့်မိုရ်၊ မောင်ဘုန်းထင်ကောင်း၊ မောင်မင်းမြတ်မောင်တို့၏အဘွားသည် ၉-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ဝဝး၃၀နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၆၄၈ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၅ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ခန်းမ(၁)ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ကျေးဇူးတင်လွှာ
## ဦးကိုကိုလေး(မြင်းမူ) အသက်(၈၂)နှစ်
**B.A, B.L (မန္တလေးဥပစာကောလိပ်ကျောင်းသားဟောင်း)**
**Managing Director, Asia Yangon Bank Ltd.**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့အသေးစားချေးငွေလုပ်ငန်း(မြန်မာ့စီးပွားရေးဘဏ်)**
**အထက(၁)သဃ်န်းကျွန်း (ကန်တော့ခံဆရာကြီး)**

၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ကူးပြောင်း ကွယ်လွန်သွားပါသောဖခင်ကြီး ဦးကိုကိုလေး နာမကျန်းစဉ်က ပြုစုကုသပေးခဲ့ပါသော အာရှတော်ဝင်ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ကျောက်ကပ်ဌာနမှ ဆရာဆရာမ၊ ဝန်ထမ်းများ၊ နာရေးနှင့် စျာပနအခမ်းအနားအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဇနီးဒေါ်စိန်ဝင်းနှင့်**
**ကျန်ရစ်သူ(မြသန္တာ)မိသားစု**

## ဦးဝင်းဇော်
**မန်နေဂျာ(ငြိမ်း)၊ ပရိဘောဂစက်ရုံ(၄)**
**အသက်(၇၆)နှစ်**

ဦးသူတော်-ဒေါ်လှရှိန်တို့၏သား၊ ဦးကြည်လှိုင်-ဒေါ်ခင်အိတို့၏သားသမက်၊ ဒေါ်စောမြ၊ ဒေါ်သန်းမြ၊ ဒေါ်သန်းသန်းတို့၏မောင်၊ ဒေါ်အေးအေးလှိုင်၏အစ်ကို၊ ဒေါ်မြမြလှိုင်(စာရေးဆရာမ)၏ချစ်လှစွာသောခင်ပွန်း၊ ကိုနေလင်းဇော်-မယဉ်ယဉ်သိန်း၊ ကိုကျော်မျိုးမောင်(Reffel Ship Mnagement)၊ မသီရိအောင်တို့၏ချစ်လှစွာသောဖခင်၊ ဝေလင်းဇော်၊ ဖွဲ့သူရကျော်၊ မြတ်ဦးခင်တို့၏အဘိုးသည် ၈-၄-၂၀၁၅ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၄-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## စောင်းဦးသိန်းဖေ အသက်(၇၄)နှစ်
**နိုင်ငံတော် ဆို၊ က၊ ရေး၊ တီး(ဗဟိုဒိုင်)၊ ဂီတအစည်းအရုံးဝင်**

ဖျာပုံမြို့နယ်၊ အပြောင်ကျေးရွာနေ(ဦးထွန်းရှိန်-ဒေါ်စံပယ်)တို့၏သားကြီး၊ (ဒေါ်သန်းရွှေ)၏မောင်၊ ဦးမောင်အုန်း-ဒေါ်ဝင်းတို့၏အစ်ကို၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ကဿပသယ(၁)လမ်း၊ အမှတ် ၇၂နေ ဒေါ်တင်အေး၏ခင်ပွန်း၊ ဒေါ်သိန်းသိန်းအေး(စာပေစိစစ်)-ဦးအေးကို(YESC)၊ ဦးမြင့်စိုး(ဒုတိယခရိုင်တရားသူကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်)-ဒေါ်ကြေးမုံစိုးရင်၊ ဒေါ်သန်းသန်းအေး-ဦးမြရွှေ၊ ဒေါ်သိန်းသိန်းမော်-တပ်ကြပ်ကြီးမင်းနိုင်(တပ်မတော်-လေ)၊ ဒေါ်မြမြသိန်း(Tour-Guide)၊ ဦးဘုန်းကျော်၊ ဒေါ်စုစုဝေ-ဦးဟန်ဇာထွန်း၊ ဒေါ်ဝင်းဝင်းသိန်း၊ ဦးအေးပိုင်(အထက်တန်းရှေ့နေ)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၉-၄-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၅ရက် (စနေနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကိုဝင်းအောင်-မမြင့်မြင့်ခင်(မြင့်မြင့်ခင် ထိုးမုန့်)တို့၏မိခင် အဘွားချစ် အသက်(၈၃)နှစ်သည် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲအုပ်မိုးဆွေ C.I.D**
**(ခေတ္တ)လွှတ်တော်**
**နေပြည်တော်**



# နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းကောင်းများစွာရှိနေသည့် မြန်မာ့အိမ်ခြံမြေဈေးကွက်

၂၀၁၅ ခုနှစ်ကို ထွန်းသစ်စအာရှနိုင်ငံအများအပြားက ၎င်းတို့၏ အိမ်ခြံမြေဈေးကွက်များတွင် နိုင်ငံခြားသားများ ပါဝင်လာစေရန် လမ်းဖွင့်ပေးသည့်နှစ်အဖြစ် ခန့်မှန်းထားသည်။ တိုင်းပြည်အများစုတွင် နိုင်ငံသားမဟုတ်သူများကို အိမ်ခြံမြေများ ဝယ်ယူခြင်းမှ ပိတ်ပင်ထားသည်။ ဥပမာ ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေက ဖိလစ်ပိုင်လူမျိုး မဟုတ်သူများအား မြေယာပိုင်ဆိုင်ခွင့် မရှိစေရန် ပိတ်ပင်တားမြစ်ထားသည်။ သို့သော် ထိုပိတ်ပင်တားမြစ်မှုများနှင့် ပတ်သက်၍ ပြောင်းလဲမည့်လက္ခဏာများ ရှိလာပြီဖြစ်သည်။ ယခုနှစ်တွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် အိမ်ခြံမြေကဏ္ဍများတွင် လမ်းဖွင့်လုနီးပါးဖြစ်သည့် *စာမျက်နှာ ၁၀ ကော်လံ ၁* ❁

## မှတ်သားဖွယ်ရာမိုးရေချိန်များ

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၉-၅-၂၀၁၅

မြစ်ကြီးနားမြို့

၀ ဒသမ ၇၁ လက်မ

မိုင်းဆတ်မြို့

၀ ဒသမ ၁၆ လက်မ

ပူတာအိုမြို့

၀ ဒသမ ၀၂ လက်မ

မြဝတီမြို့

၀ ဒသမ ၀၂ လက်မ

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော်(တပ်ကုန်း)

၄၃ ဒီဂရီစင်တီဂရိတ်

ချောက်မြို့

၄၃ ဒီဂရီစင်တီဂရိတ်

မင်းဘူးမြို့

၄၃ ဒီဂရီစင်တီဂရိတ်

မကွေးမြို့

၄၃ ဒီဂရီစင်တီဂရိတ်

အောင်လံမြို့

၄၃ ဒီဂရီစင်တီဂရိတ်

# မကျေပွဲပြန်နွှဲမည့် မြန်မာ-အမေရိကန် လက်ဝှေ့စိန်ခေါ်ပွဲကြီး ယှဉ်ပြိုင်ထိုးသတ်မည်

သတင်းနှင့်-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန်  မေ  ၉**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Chang Soda Water က ပံ့ပိုးကူညီကာ မြန်မာမီဒီယာဂရုမှစီစဉ်သော မကျေပွဲပြန်နွှဲမည့် မြန်မာ-အမေရိကန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို မေ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ *စာမျက်နှာ ၁၀ ကော်လံ ၅* ✻

**ယနေ့ မာတိကာ**

မြင်တတ်အောင်ကြည့်ပါ *ဆောင်းပါး* *စာမျက်နှာ - ၆*

ဖမ်းဆီးထိန်းသိမ်းထားသောသင်္ဘောကို ပြန်လွှတ်ပေးရန် မက္ကဆီကိုသို့ မြောက်ကိုရီးယား တောင်းဆို *စာမျက်နှာ - ၁၁*

မဟာသင်္ကြန်ကာလအတွင်း လျှော်ကားသဘာဝဥယျာဉ် ပုံမှန်ဖွင့်လှစ်ထားမည် *စာမျက်နှာ - ၁၂*



# မြန်မာယူ -၂၀ အသင်းနှင့် ဘယ်လ်ဂျီယံကလပ်တို့ ခြေစမ်း

ဖိုးသော်ဇင်

**ရန်ကုန်  မေ  ၉**

ယူ-၂၀ ကမ္ဘာ့ဖလား ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၀ အသင်းနှင့် ဘယ်လ်ဂျီယံပရီလိဂ်ကလပ် westerlo အသင်းတို့သည် မေ ၇ ရက်က ဂျာမနီနိုင်ငံတွင် ခြေစမ်းကစားခဲ့ရာ မြန်မာယူ-၂၀ အသင်းသည် သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၂၀ အသင်းသည် ဂျာမနီနိုင်ငံသို့ ရောက်ရှိသည့်နေ့မှာပင် ခြေစမ်းပွဲကစားခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် ကျော်မင်းဦးမှလွဲ၍ အောင်သူ၊ သန်းပိုင်၊ နန္ဒကျော်၊ ငြိမ်းချမ်းအောင်တို့ဖြင့် လူစုံပါဝင်ခဲ့သည်။ မြန်မာအသင်းနှင့် ခြေစမ်းခဲ့သည့် westerlo အသင်းသည် ၂၀၁၄-၂၀၁၅ ရာသီမှ ပရီလိဂ်သို့ တန်းတက်လာသည့်အသင်းဖြစ်ပြီး လေ့ကျင့်ရေးပွဲပုံစံဖြင့်သာ ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည် ဥရောပခြေစမ်းခရီးစဉ်အဖြစ် ဆားဘီးယားနိုင်ငံနှင့် မက်ဆီဒိုးနီးယားနိုင်ငံများအပြီးတွင် တတိယမြောက်အဖြစ် ဂျာမနီနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် ဥရောပခရီးစဉ်တွင် မေ ၇ ရက် အထိ ခြေစမ်းပွဲငါးပွဲကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားသည်။




နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း

R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ ဧပြီ ၁၀ ရက်၊ သောကြာနေ့။




လူမှုစီးပွား

## ပြန်လည်တူးဖော်မွမ်းမံထားသော ပြင်ဦးလွင်၏ သမိုင်းဝင် ထောက်ပို့ရေထွက်ကန်

စာ - ၃



ခရီးသွား

## တောင်တန်းများဖြင့် လှပနေသည့် သွေးချင်းတို့ဌာနေ နာဂတောင်တန်းဒေသ

စာ - ၅



# မန်ချက်စတာ ဒါဘီမှာ မန်ယူအသင်းအတွက် ကံကောင်းခြင်းတွေ ရယူ ပေးနိုင်မလားလို့ စောင့်ကြည့်ရမယ့် ဟာရီယာ

စာ - ၂




UEFA CHAMPIONS LEAGUE

### ချန်ပီယံလိဂ်ကွာတားဖိုင်နယ်(ပ-ကျော့)

| | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၁၄-၄-၁၅)** | | | |
| နံနက် ၁း၁၅ | အက်သလက် | - | ရီးရဲ |
| နံနက် ၁း၁၅ | ဂျူဗင်တပ် | - | မိုနာကို |
| **ဗုဒ္ဓဟူးနေ့ (၁၅-၄-၁၅)** | | | |
| နံနက် ၁း၁၅ | ပီအက်စ်ဂျီ | - | ဘာစီလိုနာ |
| နံနက် ၁း၁၅ | ပေါ်တို | - | ဘိုင်ယန် |

### စပိန်လာလီဂါပွဲစဉ်(၃၁)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၁-၄-၁၅)** | | | |
| ည ၈း၃၀ | ရီးရဲ | - | အီဘား |
| ည ၁၀း၃၀ | မာလာဂါ | - | အက်သလက် |
| နံနက် ၀၀း၃၀ | ဆီဗီလာ | - | ဘာစီလိုနာ |
| နံနက် ၂း၃၀ | အယ်မာရီးယား | - | ဂရန်နာဒါ |
| နံနက် ၂း၃၀ | ဆယ်တာဗီဂို | - | ဗယ်လက်ကာနို |
| **တနင်္ဂနွေနေ့ (၁၂-၄-၁၅)** | | | |
| ညနေ ၄း၃၀ | ဂီတာဖေး | - | ဗီလာရီးရဲ |
| ည ၉း၃၀ | အက်စ်ပန်ညို | - | ဘီဘာအို |
| ည ၁၁း၃၀ | ဆိုစီဒက် | - | ဒီပိုတီဗို |
| နံနက် ၁း၃၀ | ကော်ဒိုဘာ | - | အဲလ်ချီ |
| **တနင်္လာနေ့ (၁၃-၄-၁၅)** | | | |
| နံနက် ၁း၀၀ | ဗလင်စီယာ | - | လီဗန်တေး |

### စီးရီးအေပွဲစဉ်(၃၀)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၁-၄-၁၅)** | | | |
| ည ၁၀း၃၀ | ဂျီနိုအာ | - | ကက်ဂလီယာရီ |
| ည ၁၀း၃၀ | ပါးမား | - | ဂျူဗင်တပ် |
| နံနက် ၁း၁၅ | ဗီရိုနာ | - | အင်တာ |
| **တနင်္ဂနွေနေ့ (၁၂-၄-၁၅)** | | | |
| ညနေ ၅း၀၀ | ဆီစီနာ | - | ချီယေဗို |
| ည ၇း၃၀ | လာဇီယို | - | အမ်ပိုလီ |
| ည ၇း၃၀ | နာပိုလီ | - | ဖီအိုရင်တီးနား |
| ည ၇း၃၀ | အူဒီးနီးစ် | - | ပါလာမို |
| ည ၇း၃၀ | တိုရီနို | - | ရိုးမား |
| ည ၇း၃၀ | အတ္တလန္တာ | - | ဆက်ဆူအိုလို |
| နံနက် ၁း၁၅ | အေစီမီလန် | - | ဆမ်ဒိုးရီးယား |

### ဘွန်ဒက်လီဂါပွဲစဉ်(၂၈)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၀-၄-၁၅)** | | | |
| နံနက် ၁း၀၀ | ဟန်နိုဗာ | - | ဟာသာဘာလင် |
| **စနေနေ့ (၁၁-၄-၁၅)** | | | |
| ည ၈း၀၀ | ဘိုင်ယန် | - | ဖရန့်ဖတ် |
| ည ၈း၀၀ | ရှော်လ်ကေး | - | ဖရိုင်းဘတ် |
| ည ၈း၀၀ | ဂလာဘတ် | - | ဒေါ့မွန် |
| ည ၈း၀၀ | မိန့်ဇ် | - | လေဗာကူဆင် |
| ည ၈း၀၀ | ပါဒါဘွန် | - | အော့ဘတ် |
| ည ၁၁း၀၀ | ဟမ်းဘတ် | - | ဝုဖ်ဘတ် |
| **တနင်္ဂနွေနေ့ (၁၂-၄-၁၅)** | | | |
| ည ၈း၀၀ | ကိုလုံး | - | ဟော့ဖန်ဟိမ်း |
| ည ၁၀း၀၀ | စတုဂတ် | - | ဝါဒါဘရီမင် |

မြန်မာ့အလင်း
၁၀-၄-၂၀၁၅ (သောကြာနေ့)

# မန်ချက်စတာ ဒါဘီမှာ မန်ယူအသင်းအတွက် ကံကောင်းခြင်းတွေ ရယူပေးနိုင်မလားလို့ စောင့်ကြည့်ရမယ့် ဟာရီယာ



လူမှန်အချိန်မှန်။

ဒီစကားဟာ ဒီတစ်ပတ် ကမ္ဘာ့မဂ္ဂဇင်း စာမျက်နှာကြီးတွေပေါ်မှာ မန်ယူအသင်းနဲ့ပတ်သက်ပြီး အောင်မြင်မှုတွေကို ချီးကျူးကြရာမှာ ဟာရီယာရဲ့အခန်းကဏ္ဍကို မြှင့်မြောက်ချီးကျူးကြတဲ့ စကားလည်းဖြစ်ပါတယ်။ ကစားသမားတစ်ယောက် ဘယ်လောက်ပဲ ကောင်းနေစေကာမူ သူ့အတွက် မှန်ကန်တဲ့နေရာမှာ ကစားခွင့်ရရှိမှသာ ခြေစွမ်းပြနိုင်မှာဖြစ်သလို သူ့အနေနဲ့ အစွမ်းပြကစားရမယ့်အချိန်ကလည်း အသင်းအတွက် အဓိကလိုအပ်နေတဲ့အချိန်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။

လက်ရှိအချိန်မှာတော့ မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား ဟာရီယာဟာ နေရာမှန်မှာကစားရသလို အောင်ပွဲတွေ ဆာလောင်နေတဲ့ မန်ယူအသင်းအတွက် အနိုင်ရရှိအောင် ကြိုးစားပေးနိုင်ခဲ့တာကြောင့် အချိန်ကောင်းလို့လည်း ဆိုရမှာလည်းဖြစ်ပါတယ်။ တကယ်တော့ ဟာရီယာဟာ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့စဉ်ကတည်းက အခုလို ကမ္ဘာ့စာမျက်နှာကြီးတွေပေါ်မှာ ချီးကျူးရေးသားမှုမျိုးကို တစ်ကြိမ်တစ်ခါမှ ကြုံတွေ့ရခြင်းလည်းမရှိသေးတဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။

ဒါပေမယ့် မန်ယူအသင်းဟာ ဟာရီယာကို ခေါ်ယူခဲ့စဉ်ကတည်းက အသင်းမှာ အနားယူသွားပြီးဖြစ်တဲ့ ကွင်းလယ်ကစားသမား ပေါလ်စခိုးလ်ရဲ့နေရာကို အစားထိုးနိုင်ဖို့အတွက် ခေါ်ယူခဲ့တာလည်းဖြစ်ပါတယ်။ ဟာရီယာရဲ့ ကွင်းလယ်ဖန်တီးနိုင်မှုနဲ့ ဘောလုံးဖြန့်ဝေမှုပိုင်းတွေမှာ တိကျမှုတွေကြောင့်လည်း မန်ယူအသင်းဟာ ဟာရီယာကို ပေါင်၂၈ ဒသမ ၈၅ သန်းနဲ့ အရခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းရဲ့ မန်နေဂျာဟောင်း ဒေးဗစ်မိုယက်စ်ဟာ ဟာရီယာရဲ့ အရည်အချင်းတွေကိုသတိပြုမိခဲ့တာကြောင့်လည်း ၂၀၁၃ ခုနှစ် ဩဂုတ်လက အသင်းကို အရခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာတော့ ဟာရီယာဟာ အသင်းမှာ ပုံမှန်ပွဲထွက်ခွင့်မရရှိခဲ့ပါဘူး။ အောက်တိုဘာလ ၂၀ ရက်နဲ့ ဖေဖော်ဝါရီ ၁၇ရက်ကြား မန်ယူအသင်းဟာ ၂၁ ပွဲကစားခဲ့ရပေမယ့် ဟာရီယာဟာ ပွဲထွက်ကစားသမားအဖြစ် သုံးပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ပါတယ်။ ဒါကြောင့် ဟာရီယာရဲ့ ခြေစွမ်းကို မန်နေဂျာဗန်ဟားလ်အနေနဲ့ ယုံကြည်မှုမရှိခဲ့ဘူးဆိုတာကို ပြသနေတာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ဟာရီယာကတော့ တွေ့ဆုံမေးမြန်းမှုတွေတိုင်းမှာ သူဟာအသင်းမှာ ပုံမှန်ကစားခွင့်ရရှိနိုင်မယ့် အခွင့်အရေးကိုသာ စောင့်မျှော်နေကြောင်းနဲ့ အသင်းမှာ ပုံမှန်ကစားခွင့်ရရှိရေးကို လုံးဝ စွန့်လွှတ်မှာမဟုတ်ဘူးလို့လည်း ပြောဆိုခဲ့ပါတယ်။ ဒါတွေဟာ ဟာရီယာအနေနဲ့ သူ့ရဲ့အရည်အချင်းကို ယုံကြည်မှုရှိပြီး အခွင့်အရေးရတာနဲ့တစ်ပြိုင်နက် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ဖို့အတွက် အမြဲတမ်း အဆင်သင့်ရှိနေတာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့အပတ်က အက်စ်တွန်ဗီလာအသင်းကို ၃-၁ နဲ့ နိုင်ခဲ့တဲ့ပွဲကိုကြည့်မယ်ဆိုရင်တော့ ဟာရီယာရဲ့ ခြေစွမ်းဟာ မန်ယူအသင်း ကစားသမားတွေထဲမှာတော့ ထူးခြားစွာပေါ်လွင်မှုရှိနေပြီး ကစားနိုင်မှုနဲ့ အသင်းအတွက် စွမ်းဆောင်ပေးနိုင်မှုတွေမှာလည်း အမြင့်ဆုံးမှာရှိနေခဲ့တာကို တွေ့ရပါတယ်။ ဟာရီယာဟာ အဲဒီပွဲမှာ မန်ယူအသင်းအတွက် အဖွင့်ဂိုးနဲ့ တတိယမြောက်ဂိုးကို သွင်းယူ ပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ မန်ယူအသင်းရဲ့ နောက်ဆုံးနိုင်ပွဲဆက်နေခဲ့တဲ့ ငါးပွဲလုံးမှာလည်း ဟာရီယာဟာ ပွဲချိန်ပြည့်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့တာကြောင့်လည်းဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိမန်ယူအသင်းရဲ့အောင်မြင်မှုတွေမှာ ဟာရီယာရဲ့ အခန်းကဏ္ဍဟာ အရေးတကြီးနဲ့ ပါဝင်နေတယ်ဆိုတာကတော့ ဘယ်သူကမှ ငြင်းဆိုလို့ရမှာမဟုတ်ပါဘူး။

မန်ယူအသင်းဟာလာမယ့် တနင်္ဂနွေနေ့မှာအသင်းရဲ့ အဓိကပြိုင်ဘက် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ မန်ယူအသင်းဟာ ပထမအကျော့ပွဲစဉ်တုန်းက မန်စီးတီးအသင်းကို ၁-၀ နဲ့ ရှုံးနိမ့်ခဲ့ပြီဖြစ်ပေမယ့် လာမယ့်ပွဲမှာတော့ အိမ်ကွင်းမှာ အကောင်းဆုံးအနိုင်ကစားသွားဖို့ကိုလည်း မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ မန်ယူအသင်းမန်နေဂျာ ဗန်ဟားလ်အနေနဲ့လည်း ရာသီအစကတည်းက အသင်းကို အကောင်းဆုံး အထိုင်ကျနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် အခုမှသာ အသင်းဟာ အနည်းငယ်အထိုင်ကျပြီလို့ ဆိုရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ဗန်ဟားလ်ဟာ လတ်တလောအချိန်မှာတော့ အသင်းရဲ့ ကွင်းလယ်ပိုင်းတွေမှာ ဟာရီယာကို ပုံမှန်ပွဲထုတ်ကစားစေခဲ့တာလည်း ဖြစ်ပါတယ်။

ဒါကြောင့် လာမယ့် မန်ချက်စတာဒါဘီမှာတော့ မန်ယူအသင်းရဲ့ စပိန်ကွင်းလယ်ကစားသမား ဟာရီယာဟာ အသင်းအတွက် အနိုင်ရလဒ်တွေကို ရယူပေးနိုင်မလား ဆိုတာကတော့ မြက်ခင်းစိမ်းပေါ်က ပွဲကိုပဲ ရင်ခုန်စွာစောင့်ကြည့်ရင်း..

**ဟာရီယာရဲ့ ကွင်းလယ်ဖန်တီးနိုင်မှုနဲ့ ဘောလုံးဖြန့်ဝေမှုပိုင်းတွေမှာ တိကျမှုတွေကြောင့်လည်း မန်ယူအသင်းဟာ ဟာရီယာကို ပေါင် ၂၈ ဒသမ ၈၅ သန်းနဲ့ အရခေါ်ယူခဲ့တာလည်းဖြစ်**

အောင်က

# ပြင်သစ်ကစားသမားနှစ်ဦးကို ထပ်မံအားဖြည့်ရန် အာဆင်နယ်အသင်းအား တိုက်စစ်မှူးဟောင်း နီချိုလာစ်တိုက်တွန်း




*ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းအနေဖြင့် ရီးရဲမက်ဒရစ်အသင်းမှ ပြင်သစ်ဗဟိုခံစစ်မှူး ဗာရာနီ၊ ဆောက်သမ်တန်အသင်းမှ ပြင်သစ်ကွင်းလယ်ခံစစ်ကစားသမား ရှနိုက်ဒါလင်တို့အား လာမည့်နွေရာသီအတွင်းတွင် ခေါ်ယူအားဖြည့်သင့်ကြောင်း အာဆင်နယ်တိုက်စစ်မှူးဟောင်း ချာလီနီချိုလာစ်က တိုက်တွန်းပြောဆိုလိုက်သည်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့ကာ အမှတ်ပေးပွဲပေါင်း ၁၈၄ ပွဲတွင် ၅၄ ဂိုး သွင်းယူနိုင်ခဲ့သူ စကော့တလန် တိုက်စစ်မှူးဟောင်း နီချိုလာစ်က အာဆင်နယ်အသင်းအနေဖြင့် အဆိုပါ ကစားသမားနှစ်ဦးအား ခေါ်ယူနိုင်ခဲ့ပါက လာမည့် ၂၀၁၅-၁၆ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိနိုင်ကြောင်း ပြောဆိုခဲ့သည်။*

လက်ရှိအချိန်၌ Sky Sports ရုပ်သံတွင် ဘောလုံးရေးရာကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နေသူ နီချိုလာစ် (၅၃ နှစ်)က “အာဆင်နယ်အသင်းမှာ အားဖြည့်ဖို့ အဓိကနေရာ နှစ်နေရာရှိနေတယ်လို့ ကျွန်တော်ယူဆထားပါတယ်။ အဲဒီနေရာတွေကတော့ ခံစစ်နဲ့ ခံစစ်ကို အကာအကွယ်ပေးမယ့်နေရာတွေ ဖြစ်ပါတယ်။ ဒီအချက်ကို အာဆင်နယ် မန်နေဂျာ အာစင်ဝင်းဂါးလည်း သိရှိထားတယ်။ လက်ရှိအချိန်မှာ အာဆင်နယ်အသင်းကွင်းလယ်အဖျက်ကစားသမား ကိုကွီလင်က ခြေစွမ်းပြကစားနိုင်နေပါတယ်။ ဒါပေမယ့် အာဆင်နယ်မှာ နောက်ထပ် ကွင်းလယ်အဖျက်ကစား




သမားတစ်ဦး ထပ်ရှိစေချင်တယ်။ ကျွန်တော်ကတော့ အဲဒီနေရာအတွက် ရှနိုက်ဒါလင်လို ကစားသမားမျိုး ရှိစေချင်တယ်။ ကွင်းလယ်အဖျက်နေရာအတွက် အားဖြည့်နိုင်ခဲ့ပြီးရင် အာဆင်နယ်အသင်းဆီ ရီးရဲမက်ဒရစ်အသင်း ခံစစ်မှူး ဗာရာနီကိုလည်း ရောက်စေချင်တယ်” ဟု ပြောသွားသည်။

ဆောက်သမ်တန်အသင်းသည် ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်အတွက် သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးပမာဏ ရရှိပါက ရောင်းချဖွယ်ရှိနေပြီး အာဆင်နယ်အသင်းသည် အစောပိုင်းကလည်း ရှနိုက်ဒါလင်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးသည်။



ရီးရဲမက်ဒရစ်အသင်း နည်းပြအန်ဆယ်လော့တီအနေဖြင့်လည်း ရီးရဲအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ဆုံးရှုံးနေသူ ခံစစ်မှူး ဗာရာနီအတွက် သင့်တော်သည့် ပြောင်းရွှေ့ကြေးပမာဏရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်ဟု ဆိုသည်။

အဆိုပါ ကစားသမားတစ်ဦးစီ၏ ပြောင်းရွှေ့ကြေးမှာ ပေါင်သန်း ၂၀ ကျော်စီ ဖြစ်လာနိုင်သောကြောင့် အာဆင်နယ်အသင်းအနေဖြင့် ဗာရာနီနှင့် ရှနိုက်ဒါလင်တို့ နှစ်ဦးကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၅၀ နီးပါး သုံးစွဲရမည်ဖြစ်သည်။

အောင်က

မန္တလေးတိုင်းဒေသကြီး

# ပြန်လည်တူးဖော်မွမ်းမံထားသော ပြင်ဦးလွင်၏ သမိုင်းဝင်ထောက်ပို့ရေထွက်ကန်

ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၃၅၀၀ ကျော် မြင့်မားသော်လည်း သဘာဝတောတောင်များမှ ထွက်ရှိလာသော စိမ့်၊ စမ်း၊ ရေတံခွန်များစွာရှိသည့်မြို့တစ်မြို့ဖြစ်သည်။ မြို့၏ ပထဝီဝင်အနေအထားအရ သက်ကန်ရေထွက်၊ သစ်တစ်ပင်တောင်ရေထွက် စသည့်တောင်ကုန်းတောင်တန်းများပေါ်မှ ထွက်ရှိလာသော ရေများရှိသကဲ့သို့ ကန်တော်ကြီး ကဒတ်တောအတွင်းနှင့် ပိတ်ချင်းမြောင်မှထွက်ရှိလာသော စိမ့်ရေများအပြင် ကန်တော်လေးနှင့် ထောက်ပို့ရေထွက်ကန်တို့မှ ထွက်ရှိလာသော သဘာဝစိမ့်ရေကန်ကြီး အများအပြား တည်ရှိနေသော မြို့တစ်မြို့လည်းဖြစ်နေသည်။

ပြင်ဦးလွင်၌ သဘာဝစိမ့်ရေကန်ကြီးအများအပြားရှိနေကြသော်လည်း အများစုမှာ တောတောင်များနှင့် ကဒတ်တော၊ ဆပ်သွားဖူးတော၊ မိုးမခ(ခေါ်)ရေမည်းပင်တော၊ ရေသဖန်းတော စသည့်တောတောင်အသီးသီးမှ စိမ့်ထွက်စီးဆင်းလာသော ကန်ကြီးများဖြစ်ကြပြီး ထူးထူးခြားခြား မည်သည့်တောတောင်မျှ မရှိသည့် အများအခေါ်ထောက်ပို့ပြည်သူ့ပန်းခြံအနီးမှ ထွက်ရှိသော ရေထွက်ကန်ကြီးလည်း တစ်ခုအပါအဝင်ဖြစ်သည်။



ထောက်ပို့ရေထွက်ကန်သည် ပြင်ဦးလွင်(မေမြို့) မြို့တည်ခါစကပင် တည်ရှိနေသော ကန်တော်ကြီး၊ ကန်တော်လေးများနည်းတူ ရှေးဟောင်းသမိုင်းဝင် ရေထွက်ကန်ကြီးတစ်ကန်လည်း ဖြစ်သည်။ ထောက်ပို့တပ်အနီး၌ တည်ရှိနေသောကြောင့် ထောက်ပို့ကန်ဟု အလွယ်တကူခေါ်ဆိုနေကြပြီး ရေထွက်ကန်မှ ပိုလျှံ၍ ထွက်ရှိစီးဆင်းလာသော ချောင်းအတွင်း ဒိုဘီအဝတ်များကို လျှော်ဖွပ်ကြသဖြင့်လည်း အဆိုပါ ရေပိုချောင်းကို ဒိုဘီချောင်းဟုပင်ခေါ်ဆိုကြပြန်သည်။ ဒိုဘီချောင်းသည် ထောက်ပို့ကန်မှ စတင်စီးဆင်းလာပြီး မြို့လယ်၌ ဂဲလောင်းချောင်းအတွင်းသို့ စီးဝင်သွားခဲ့သည်။

ထောက်ပို့ရေထွက်ကန်နှင့် ဒိုဘီချောင်းတို့ကို ၁၉၀၂ ခုနှစ် ဧပြီ ၂၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော မေမြို့ မြို့ကော်မတီ (Town Committee) နှင့် ၁၉၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အသစ်ဖွဲ့စည်းခဲ့သည့် မေမြို့ မြူနီစီပယ်အဖွဲ့တို့က ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ခေတ်အဆက်ဆက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လက်ဆင့်ကမ်း စောင့်ရှောက်ပြုပြင်ခဲ့ကြကြောင်း သိရသည်။

ထောက်ပို့ရေထွက်ကန်၏ အခြားထူးခြားချက်တစ်ခုမှာ ကန်တော်ကြီး၊ ကန်တော်လေးစသောရေထွက်ကန်ကြီးများသည် ရံဖန်ရံခါ ရေနည်းခြင်း၊ ရေခန်းခြောက်ခြင်းများ ဖြစ်ပေါ်သော်လည်း ထောက်ပို့ကန်သည် ပြောပလောက်အောင် ရေခန်းခြောက်ခြင်းမရှိသည့်အပြင် နွေရာသီကဲ့သို့သောကာလများတွင် မြို့သူမြို့သားများသည် စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ကားကြီးများဖြင့် ရေရယူသုံးစွဲခြင်း၊ ကန်အနီးရေချိုး အဝတ်လျှော်ခြင်းများကို ပြုလုပ်နေကြသည်မှာ ယနေ့အထိပင်ဖြစ်လေသည်။

သို့သော်လည်း နောက်ပိုင်းခေတ်ကာလများတွင် ရေပိုလွှဲချောင်းဖြစ်သည့် ဒိုဘီချောင်းပေါ်နှင့် ထောက်ပို့ကန်အနီး၌ အဆောက်အအုံများစွာဆောက်လုပ်လာခြင်းနှင့် ရေထွက်ကန်ကြီးကို အနှစ် ၂၀ နီးပါးမျှ ပြုပြင်မွမ်းမံထိန်းသိမ်းမှုကင်းခဲ့ရသောကြောင့် ရေကန်ကြီးအတွင်း၌ ချုံနွယ်များနှင့် အမှိုက်သရိုက်ပေါင်းစုံတို့ ပြည့်နှက်ခဲ့ရသည်။

ထို့ကြောင့် ၂၀၁၃ခုနှစ် ဒီဇင်ဘာလကစတင်၍ တပ်မတော်အုပ်ချုပ်မှုကျောင်းမှ ကျောင်းအုပ်ကြီး၏ ညွှန်ကြားချက်ဖြင့် အရာရှိ၊ စစ်သည်တို့၏ စုပေါင်းလုပ်အားနှင့် ပြန်လည် တူးဖော်ဆယ်ယူမွမ်းမံခဲ့ရာ ယခုအခါတွင် သန့်ရှင်းသာယာလှပသည့် ရေထွက်ကန်ကြီးအဖြစ် မြင်တွေ့နေရပြီဖြစ်လေသည်။

ထို့အပြင် ရေထွက်ကန်အနီး ကျောက်တုံးပေါ်သို့ ၁၉၉၁ ခုနှစ် ဧပြီ ၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ဟသ်ာအဖိုအမနှစ်ကောင် လာရောက်နားခိုနေသည်ကို တွေ့ရှိရသဖြင့် အဆိုပါကျောက်တုံးကို ငုံ၍ စေတီတည်ထားခဲ့ပြီး စေတီကိုလည်း ဟသ်ာဖူးစေတီအမည် ဘွဲ့အမည်ဆက်ကပ်၍ တည်ထားကိုးကွယ်ခဲ့ကြသည်။ ယခင်က ထုံးသက်န်းဖြင့်သာရှိခဲ့သော စေတီတော်သည် ယခုအခါ ရွှေရောင်တဝင်းဝင်းဖြင့် လည်းကောင်း၊ ညချမ်းအချိန်တွင် မီးဆလိုက်များ မီးဆိုင်းများဖြင့် လည်းကောင်း ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပြီး ကန်ရေပြင်သည်လည်း ကျယ်ဝန်းလာကာ ကန်အတွင်း၌ ချုံနွယ်အမှိုက်တို့ ကင်းရှင်းလျက်ရှိနေပြီး ရေသတ္တဝါများဖြစ်သည့် ငါးအမျိုးမျိုး၊ ရေဘဲ၊ ငန်းဘဲ စသည်တို့ ဘာသာဘာဝအလျောက် မြူးထူးပျော်ပါးနေကြသည်ကို စိတ်ကြည်နူး ချမ်းမြေ့ဖွယ် တွေ့မြင်နေရပြီဖြစ်ပေသည်။

သက်နိုင်(ပြင်ဦးလွင်)

ပဲခူးတိုင်းဒေသကြီး

# မိုးယွန်းကြီးအင်းရေသွယ်၍ စိုက်ပျိုးသော နွေစပါးစံကွက်ရိတ်သိမ်းပွဲ သန်လျင်၌ကျင်းပ



ပဲခူး မိုးယွန်းကြီးအင်းမှ ရေကို ခရမ်းချောင်းသို့သွင်း၍ စိုက်ပျိုးထားသော နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ဧပြီ ၆ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ညောင်လေးပင် ကျေးရွာမှ တောင်သူ ဦးသောင်းစိန်၏ ကွင်းအမှတ် ၇၀၂/စီကွင်း၊ ဦးပိုင် ၁၃/က ၌ ကျင်းပသည်။

စံကွက်ရိတ်သိမ်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုကြီး၊ ခရိုင်ဦးစီးမှူး ဦးထွန်းမြင့်၊ ခရိုင်ဆည်မြောင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်၊ သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်နှင့် ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တံတား မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရေသွယ်စိုက်ပျိုးသော နွေစပါးရိတ်သိမ်းရာတွင် စံကွက်တစ်ဧက ၉၄ ဒသမ ၆၉ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

စိုးဝင်း(ကျောက်တန်း)

မကွေးတိုင်းဒေသကြီး

# စလင်းဝက်သည်းကန်ကြီး တူးဖော်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး စလင်းမြို့၏ ကျက်သရေဆောင် ဝက်သည်းကန်ကြီးကို ဧပြီ ၇ ရက်က ကန်ကြီးအတွင်း အပင်များနှင့် နုန်းများအား ဖယ်ရှားရှင်းလင်းတူးဖော်ခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ ဆောင်ရွက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးနေမန်း၊ ဦးအောင်အောင်နှင့် မြို့နယ်သစ်တောဒုဦးစီးမှူး ဦးမြင့်ဦးတို့က ဦးဆောင်ပြီး မြေတူးစက်အကူအညီဖြင့် တူးဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရှမ်းပြည်နယ်

# ဖွံ့ဖြိုးတိုးတက်လာသော ဗျာဒိတ်တော်မြို့ကလေး

■ ရွှေလေညင်း ■

ကျောက်တလုံးကြီးမြို့သည် ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်၌ တည်ရှိပြီး တောင်ကြီးမြို့၏ တောင်ဘက် ၃၃ မိုင်အကွာတွင် တည်ရှိသည်။ အရှေ့ဘက်တွင် ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်၊ အနောက်ဘက်နှင့်တောင်ဘက်တွင် ညောင်ရွှေမြို့နယ်၊ မြောက်ဘက်တွင် တောင်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပြီး ဧရိယာစတုရန်းမိုင် ၃၂၆ ဒသမ ၉၉ ဧကအားဖြင့် ၂၀၉၂၇၂ ဧက ကျယ်ဝန်းသည်။ ယင်းမြို့နယ်တွင် ထင်ရှားကျော်ကြားသည့် ရှေးဟောင်းသမိုင်းဝင်မွေတော်ကက္ကူဘုရားရှိပြီး ယင်းကက္ကူမွေတော် ဓာတ်မြတ်ကျော်စေတီတော်သို့ ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်များအပြင် ကမ္ဘာလှည့်ခရီးသည်များပါ လာရောက်မှုများပြားသော နေရာဒေသတစ်ခုဖြစ်သည်။

ကျောက်တလုံးကြီးဟူသည့် ဝေါဟာရသညာသည် ရှေးမင်းများလက်ထက် ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဘုရင့်နောင်မင်းတရားကြီးနှင့် မိုးနဲပအိုဝ်းစော်ဘွားကြီးနှစ်ဦးတို့သည် ကျောင်းနေဖက်သူငယ်ချင်းကဲ့သို့ အင်မတန်လက်ပွန်းတတီးခင်မင်ရင်းနှီးနေသည့်အတွက် တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ကြီးမားပြီး ကျေးဇူးတရားများစွာရှိခြင်းကြောင့် အရေးအကြောင်းရှိ၍ဖြစ်စေ၊ သတိရအောက်မေ့၍ဖြစ်စေ၊ ၎င်းအချိန်က မော်တော်ယာဉ်၊ မီးရထားများမရှိသေးသည့်အတွက် တစ်ဦးနှင့် တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ချစ်ကြည်ရေးခရီးသွားရောက်ရာတွင် ဆင်မြင်းစီးပြီးသွားလာရကြောင်း၊ တစ်ချိန်မှာ ဘုရင့်နောင်မင်းတရားကြီးက မိုးနဲစော်ဘွားကြီးထံသို့ ချစ်ကြည်ရေးခရီးသွားရာလမ်းခရီး၌ကျောက်တလုံးကြီးတွင် စခန်းချရပ်နားစဉ် ရှေးပဝေသဏီကတည်းက ရပ်သူရွာသားများ နှစ်ဦးနှစ်ဆန်း မင်္ဂလာအချိန်အခါတွင် တစ်နှစ်ပတ်လုံးမိုးကောင်းစွာ ရွာသွန်းစေရန်အတွက် သမာဓိနတ်နန်းတည်ရှိရာ ကျောက်တုံးကြီးရှိသည့်နေရာဌာနကို အိုးစည်ဗုံမောင်းများနှင့် သွားရောက်ပူဇော်ပသ မိုးခေါ်လေ့ရှိသည့်အချိန်နှင့် တိုက်ဆိုင်နေရာ ဘုရင့်နောင်မင်းတရားကြီး လူယုံတော်က သွားရောက်စုံစမ်းသိရှိလာခဲ့ကြောင်း၊ ဘုရင့်နောင်မင်းတရားကြီးတည်းနေသည့်စခန်းကို - ကျောက်တလုံးကြီးစခန်း- ဟူ၍ စာတန်းချိတ်ဆွဲထားသည့်အတွက်ကြောင့် ရပ်သူရွာသားများသည် ထိုနေရာကို ဘုရင့်နောင်မင်းတရားကြီးက စခန်းအမည် သမုတ်ပညတ်ရေးသားပေးခဲ့ထားသည်ဟုဆိုကာ လူကြီးလူငယ်များပါမကျန် အားလုံး ကျောက်တလုံးကြီး၊ ကျောက် တလုံးကြီးဟု ပါးစပ်ဖျားတွင် ပြောဆိုအသိအမှတ်ပြုလာပြီး တဖြည်းဖြည်း တစ်စတစ်စ ကာလရွေ့လျားလာ၍ ကျောက်တလုံးကြီးဟု အမည်တွင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘုရင့်နောင်မင်းတရားကြီး အုပ်စိုးနေသည့်ခေတ်ကာလအချိန်တွင် သူ၏နန်းတော်အရှေ့မြောက်ဘက်အဆောင်ကို မီးလောင်ခြင်း၊ မီးတောက်ခြင်း၊ မီးစွဲခြင်းဆိုသည့် အိပ်မက်မျိုးကို ခုနစ်ညတိုင်တိုင်မြင်မက်ရာ သူ၏ မျူးကြီးမတ်ရာ၊ သေနာပတိ၊ ကဝိဗေဒင်ကိန်းခန်းပညာရှင်များနှင့် တိုင်ပင်ပြီး မင်းကြီး တိုင်းခန်းလှည့်လည်လာခဲ့သည့် အရှေ့မြောက်ဘက်ရှိ တိုင်းနိုင်ငံစော်ဘွား၊ မြို့စား၊ နယ်စားကအစ ရွာသူကြီးပါမကျန် တောင်ငူကို ဖိတ်ခေါ်လာပြီး မိတ်ဆုံစားပွဲကျင်းပပြုလုပ်သည်။ အဆိုပါ မိတ်ဆုံစားပွဲတွင် ထူးထူးခြားခြား ဘုန်းကံကြီးမားသည့် ပုဂ္ဂိုလ်တစ်ဦး လွယ်ပွတ် သထုံ၊ ဆီဆိုင်နယ်ကို အုပ်စိုးသည့် ခွန်မောင်သာ ဆိုသည့် ပုဂ္ဂိုလ်ပါလာကြောင်း၊ သူ၏အပြန်လမ်းခရီးတွင် ကျောက်တလုံးကြီးရွာသားများ၊ နွားဝန်တင်များနှင့်မှီခိုပါလာသည့်အတွက် သူ၏အမြဲဝတ်ဆင်နေသည့် လက်စွပ်တစ်ကွင်းကို သမာဓိနတ်နန်းတည်ရှိရာ ကျောက်တုံးကြီးအခေါင်းပေါက်ထဲ၌ ဌာပနာပေးခဲ့ပြီး ကျောက်တလုံးကြီး ဧရိယာဒေသရှိ ရပ်သူရွာသားများကို အဓိဋ္ဌာန်ဆုမွန်ကောင်းတောင်းဆုပတ္ထနာဖြင့် "နောင်တစ်ချိန်ချိန်မှာ ကြီးပွားတိုးတက်ချမ်းသာလို့ မြို့ကြီးဖြစ်လာပါလိမ့်မည်"ဟု ဗျာဒိတ်ထားပေးတော်မူခဲ့ကြောင်း သိရသည်။



ကျောက်တလုံးကြီးမြို့လေးမှာ အေးချမ်းတည်ငြိမ်မှုရှိသော မြို့လေးတစ်မြို့ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားအများစုနေထိုင်ပြီး ရှမ်းတိုင်းရင်းသားအနည်းငယ်ရှိသည်။ မြို့ပေါ်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၇ အုပ်စုနှင့် ကျေးရွာပေါင်း ၁၄၂ ရွာရှိသည်။ အထက (၃)ကျောင်း၊ အထက-ခွဲ (၁)ကျောင်း၊ အလက(၁)ကျောင်း၊ အလက-ခွဲ(၄)ကျောင်း၊ မူလွန် ၁၃ ကျောင်း၊ အမက ၄၆ ကျောင်းနှင့် အမက-ခွဲ(၅) ကျောင်း စုစုပေါင်း ၇၃ ကျောင်းရှိသည်။ (၁၆) ခုတင်ဆံ့ ဆေးရုံတစ်ရုံ ရှိသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် ကြက်သွန်ဖြူ စပါး၊ ပဲ၊ ပြောင်းစသည်တို့စိုက်ပျိုးခြင်းနှင့် နှစ်ရှည်သီးနှံများဖြစ်သည့် သနပ်ဖက်၊ လက်ဖက်၊ တညင်း၊ သရက်တို့ကို စိုက်ပျိုးသည်။

ယခင်က မီးမရရှိသော်လည်း ယခုအခါ ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီ ဖြစ်သည်။ ကျေးရွာအုပ်စုခြောက်အုပ်စုကို ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ ၂၄ လုံးဖြင့် ကျေးရွာပေါင်း ၄၈ ရွာ၊ အိမ်ခြေပေါင်း ၃၀၀၀ ကို လက်ရှိမီးလင်းပေးထားပြီး နောင်ယာဆိုင်းကျေးရွာ၌ တည်ဆောက်ပြီးဖြစ်သော ၃၃/၁၁ ကေဗွီ(၁)အမ်ဗွီအေ နောင်ယာဆိုင်းဓာတ်အားခွဲရုံမှ ဓာတ်အားလက်ခံရရှိကာ ကျောက်တလုံးကြီးမြို့နှင့် အခြားကျေးရွာများသို့ မီးလင်းပေးနိုင်ပြီဖြစ်သည်။

လမ်းပန်း ဆက်သွယ်ရေးတွင်လည်း တောင်ကြီး-ဟမ်းဆီး-နောင်ယာဆိုင်းလမ်း၊ ကျောင်းထို-ကက္ကူလမ်း၊ ဘန်းယဉ်-ဟိုခို-လွယ်ဆောင်လမ်း၊ ဟမ်းဆီး-ပင်စုံလမ်းနှင့် ကျွန်းတောင်-ကျောက်တလုံးကြီး- နောင်ယာဆိုင်း-လွယ်ဆောင်-ဆိုက်ခေါင်-မောက်မယ်လမ်းတို့ကို လိုအပ်သည့်လမ်းအပိုင်းအလိုက် လမ်းအပေါက်ဖာခြင်း၊ လမ်းတာပေါင်ချဲ့ခြင်း၊ မူလကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်တိုးမြှင့်ခြင်း၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်း၊ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းစသည်တို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ကျောက်တလုံးကြီးမြို့တွင်းလမ်းအနေဖြင့် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် စည်ပင်သာယာရေးက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကောင်ဝိန်းရပ်ကွက်၊ ထီလုံရပ်ကွက်နှင့် လင်းနားရပ်ကွက်အတွင်းရှိ အကျယ် ၁၈ ပေ၊ အရှည် ပေ ၂၉၃၀ ရှိ အောင်ဓမ္မစေတီလမ်းကို ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုအနေဖြင့် ပညာရေးလုပ်ငန်းသို့ အထွေထွေထောက်ပံ့ငွေကျပ် ၂၇၅၀၀၀၀၊ နောင်ခဲ-ထီနဲ့လမ်းသဲဖြုန်းခင်းခြင်းအတွက်ငွေကျပ် ၇၅၀၀၀၀၊ လင်းနားနှင့် နောင်စန့် ရေစုကန် ဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၃၅၀၀၀၀ စီ၊ နောင်ကား-လွယ်စင်း-လိုင်ခဲလမ်းသဲဖြုန်းခင်းခြင်းအတွက်ငွေကျပ် ၅၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၄၁၂၀၀၀၀ထောက်ပံ့ပေးခဲ့သည်။

တစ်ဖန် ကျောက်တလုံးကြီးမြို့ရေရရှိရေးအတွက် မြောက်ဘက်မြို့အဝင်အနီးတွင် ကျောက်တလုံးကြီးမြို့ရေလှောင်တမံတည်ဆောက်နေသည်ကို တွေ့ရသည်။ အဆိုပါရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အမြင့် ပေ ၄၀၊ အလျား ၁၄၇၃ ပေ၊ အနံ ပေ ၂၀၀၊ တမံအတွင်း ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၂၈၆ ဒသမ ၅ ဧကပေဖြစ်ပြီး ခွင့်ပြုငွေကျပ် ၄၃၇ ဒသမ ၄ သန်းဖြင့် ၁၉-၁-၂၀၁၅ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ ၅၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ကျောက်တလုံးကြီးမြို့သည် ပအိုဝ်းတိုင်းရင်းသားတို့ ရိုသေလေးစားရသော ပအိုဝ်းအမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ခမ်းထီ နေထိုင်ရာ ဇာတိမြို့ဖြစ်ပါသည်။ ဧပြီ ၂၅ ရက်မှ ၂၈ရက်အထိ ကျောက်တလုံးကြီးမြို့၌ ဘုရားထီးတင်လှူပူဇော်ပွဲ၊ အဘ ဦးအောင်ခမ်းထီ၏ မွေးနေ့မင်္ဂလာပွဲနှင့် စုပေါင်းရဟန်းခံရှင်ပြုပွဲတို့ ကျင်းပမည်ဖြစ်ရာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော ဗျာဒိတ်တော်မြို့ကလေးသို့ တစ်ခါတစ်ခေါက် လာရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။



ကျောက်တလုံးကြီးမြို့ရေလှောင်တမံတည်ဆောက်နေသည်ကို ဤသို့တွေ့ရသည်။

## တောင်ကြီးမြို့နယ် အေးသာယာပြည်သူ့ဝန်ထမ်း အိမ်ရာများ ချမှတ်ပေး

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံဖော်ထုတ်သော တောင်ကြီးမြို့နယ် အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာချမှတ်ပေးသည့် အခမ်းအနားကို ဧပြီ ၈ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းခမ်းနော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကော်မတီသုံးရပ်မှ ပြည်သူ့ဝန်ထမ်းအိမ်ရာများကို ပြည်သူများကိုယ်စား တိုက် (၁)၊ တိုက် (၂)၊ မြေညီထပ် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထထပ်တို့ကို မဲနှိုက်ချမှတ်ပေးကြကြောင်း သိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံဖော်ထုတ်သော တောင်ကြီးမြို့နယ် အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က လမ်းတံတားဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် ကျပ်သန်း ၉၀၀၀၀၀၀၀၀ ကျော်၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၂၄၆၈၀၉၆၄၀၀ ကျော်နှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းအတွက် ကျပ်သန်း ၄၁၈၇၈၇၄၀၀၀ကျော် စုစုပေါင်း ကျပ်သန်းပေါင်း ၇၅၅၅၉၇၀၄၀၀ ကျော်ကို ကျခံသုံးစွဲ၍ စီမံဖော်ထုတ်ပေးလျက်ရှိပြီး တိုက်ခန်းဝယ်ယူရရှိမည့်သူများသည် အဆောက်အအုံ၏ အခန်းတန်ဖိုးကျသင့်ငွေကိုသာ ပေးချေရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အေးသာယာ ပြည်သူ့ဝန်ထမ်းအိမ်ရာသည် လေးခန်းတွဲ ငါးထပ်၊ ၁၃၅လုံး၊ အခန်းပေါင်း ၂၇၀၀ ကို အလုံး ၄၀ ဆောက်လုပ်ပြီးစီးပြီး အလုံး ၆၀ကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

# တောင်တန်းများဖြင့်လှပနေသည့် သွေးချင်းတို့ဌာနေ နာဂတောင်တန်းဒေသ



အရှေ့ဘက်တွင် ကချင်ပြည်နယ်၊ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်၊ မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် အိန္ဒိယနိုင်ငံ၊ တောင်ဘက်တွင် တမူးမြို့နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွင်း၌ ပါဝင်လျက်ရှိပြီး အရှေ့အနောက်ရှည်လျားပြီးဒေသတစ်ခုလုံး ဧရိယာ စတုရန်းမိုင် ၅၁၆၈ ဒသမ ၂၀၆၁ ရှိကာ မြန်မာနိုင်ငံ၏ အနောက်မြောက်ဒေသ၌ တည်ရှိသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တောင်ကုန်းတောင်တန်း ထူထပ်ပေါများကာ မြေပြန့်ဒေသနည်းပါးပြီး ချောင်းမြောင်းနှင့် လျှိုမြောင်များနှင့် အလွန်အေးသောအရပ်ဖြစ်သည်။ ဒေသတွင်း၌ အမြင့်ဆုံးအပူချိန် ၃၆ ဒီဂရီစင်တီဂရိတ်မှ အနိမ့်ဆုံးအပူချိန် ၈ ဒီဂရီစင်တီဂရိတ်အတွင်းရှိပြီး ရာသီဥတုအခြေအနေမှာ တစ်နှစ်တွင်နွေသုံးလ၊ မိုးခြောက်လ၊ ဆောင်းသုံးလခန့်ရှိသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပါဝင်သောလဟယ်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၃၁၃ပေတွင်လည်းကောင်း၊ လေရှီးမြို့နယ်သည် ၄၄၄၃ပေ နှင့် နန်းယွန်းမြို့နယ်သည် ပေ ၁၁၀၀ အထက်တွင် လည်းကောင်း၊ ထန်ပါခွေမြို့သည် ၅၁၁၆ ပေ၊ မိုပိုင်းလွတ်မြို့သည် ပေ ၇၀၀၊ ဆွမ္မရာမြို့သည် ၆၄၀၈ ပေ၊ ပန်ဆောင်မြို့သည် ပေ ၃၃၅၀ နှင့် ဒုံဟီးမြို့သည် ပေ ၃၂၀၀ အထက်တို့တွင် အသီးသီးတည်ရှိကြသည်။

နာဂဒေသ၏ ထင်ရှားသည့် အမှတ်အသားအဖြစ်တည်ရှိသော စာရာမေရီတောင်၊ ခရမ်းပွင့်တောင်၊ မှတ်တောင်၊ ပတ်ကွိုင်တောင်တို့သည်လည်း နာဂဒေသအတွင်း၌ ပါဝင်လျက်ရှိပြီး ပန်ဆောင်မြို့နယ်ရှိ နောင်ယန်းအင်းသည်လည်း ဘယ်ပန်းချီဆရာမှ လိုက်မမီအောင် သဘာဝအလှရှုခင်းတို့ဖြင့် ဝေဆာလျက်ရှိနေသကဲ့သို့ ကမ္ဘာ့သမိုင်းဝင် (စတီးဝဲလ်) (လီဒိုလမ်း) အိန္ဒိယလီဒိုမှ မြန်မာနိုင်ငံပန်ဆောင်၊ နန်းယွန်း-ရှင်ဗွေယန်-တနိုင်း-မြစ်ကြီးနားထိ ၂၆၃ မိုင်သည်လည်း နာဂဒေသအတွင်း ပါဝင်လျက်ရှိရာ ရှုမငြီးဖွယ် တောတောင်ရေမြေအလှနှင့် လေ့လာချင်စရာ နေရာအများအပြား ရှိပေသည်။

နာဂဒေသအတွင်း၌ ဒေသတွင်းစားသုံးရန် တောင်ယာစပါးများစိုက်ပျိုးသကဲ့သို့ စီးပွားဖြစ် နှစ်ရှည်သီးနှံများ၊ ဒေသထွက်ပစ္စည်းများဖြစ်သော သစ်ကြံပိုး၊ လှေကားသား၊ တောချယ်ရီ၊ စွယ်တော်၊ ထင်းရှူး၊ လောက်ယား၊ မင်းဘော၊ မကူ၊ စကပ်၊ ရေတမာ၊ သစ်နှံ၊ ကြက်ချေး၊ ဖက်ဝိုင်း၊ ညောင်၊ ဘားဝါး၊ ငုပင်၊ ကြိမ်အမျိုးမျိုး၊ ဝါးအမျိုးမျိုး ပေါက်ရောက်ပြီး နာဂဒေသနှင့်ကိုက်ညီသည့် လက်ဖက်၊ လိမ္မော်၊ကော်ဖီ၊ ရော်ဘာ၊ အာလာဂျီစသည့် နှစ်ရှည်သီးနှံပင်များလည်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိပေသည်။

ထို့အပြင် နာဂတောင်တန်းဒေသတွင် တောကြက်၊ ရစ်၊ ငုံး၊ ဖြူ၊ ချေ၊ ဆပ်၊ တောင်ဆိတ်၊ တောဝက်၊ ပြောင်၊ ကျား၊ ကြောင်အမျိုးမျိုး၊ ဝက်ဝံ၊ ဖျံ၊ နွားနောက်၊ မျောက်အမျိုးမျိုးစသည့် တောရိုင်းတိရစ္ဆာန်များလည်း သဘာဝအတိုင်း လွတ်လပ်စွာရှင်သန်ကျက်စားလျက်ရှိသည်ကို တွေ့ရသည်။

နာဂဒေသရှိ တိုင်းရင်းသားများမှာ ရိုးသားစွာနေထိုင်ကြပြီး ဘာသာတရားကိုင်းရှိုင်းကြသည်။ ဒေသအတွင်း၌ ဗမာစကား၊ နာဂစကား၊ ချင်းစကား၊ ကချင်စကားများ အဓိကပြောဆိုကြပြီး နာဂစကားသည်ပင် အမျိုးပေါင်းများစွာရှိကြောင်းသိရသည်။

နာဂတိုင်းရင်းသားတို့၏ နေအိမ်သည် များသောအားဖြင့် ခြေတံရှည်များဖြစ်ကြပြီး တဲတစ်ခုလုံး ဒေသထွက်သစ်ဝါးတို့ဖြင့် ရိုးရာမပျက် ဆောက်လုပ်ထားကြသည်။ နာဂဒေသသည် မြေပြန့်နှင့်စာလျှင် အတော့်ကို ချမ်းအေးလှသည်ဖြစ်ရာ နာဂတိုင်းရင်းသားတို့ နေထိုင်ရာတဲ၏ အလယ်တွင် မီးဖိုများပါရှိကြကြောင်း တွေ့ရသည်။ ချမ်းအေးလှသည့် နာဂဒေသ၏ ဆောင်းရာသီတွင် နာဂတိုင်းရင်းသားမိသားစုဝင်များက တဲအလယ်ရှိ မီးဖိုဘေးတွင် ပတ်ပတ်လည်မီးလှုံရင်းဝိုင်းပတ်ကာ အနားယူအိပ်စက်ကြကြောင်းသိရသည်။ ထူးခြားမှုအနေဖြင့် ထိုမီးဖို၏ အထက် ၂ ပေ ၃ ပေခန့်အကွာ တည့်တည့်တွင် ဝါးဖြင့် ပြုလုပ်ထားသည့် ကျပ်တင်စင်ကိုလည်း တစ်မူထူးခြားစွာ တွေ့ရပေသည်။

ထိုကျပ်တင်စင်တွင် အဆင့်သုံးဆင့်ပါဝင်သည့် ဝါးကိုခပ်ကျဲကျဲ အောက်မှ အပေါ်သို့ တဖြည်းဖြည်းချင်း စိတ်ကာ အပေါက်ကလေးများဖြင့် အပြားလိုက်ရက်လုပ်ထားပြီး အပေါ်မှ သံနန်းကြိုးဖြင့် တွဲလောင်းချိတ်ထားသည်။ နာဂတိုင်းရင်းသားတို့မှာ တောတောင် အင်းအိုင်ချောင်းမြောင်းမှ ရရှိလာသည့် အသားငါးနှင့် ငရုတ်သီးစသည့် အရာများကို ယင်းကျပ်တင်စင်ပေါ်တွင် တင်ကာ အောက်က မီးဖိုမှ အပူရှိန်ဖြင့် အခြောက်ကျပ်တင်ခြင်းကို လုပ်ဆောင်ကြသည်။ ထိုသို့ကျပ်တင်ကာရရှိလာသည့် အသားခြောက်နှင့် ငရုတ်သီးခြောက်တို့သည် ဘယ်အရာနှင့်မှမတူ အလွန်နှစ်ခြိုက်ဖွယ် အရသာနှင့်ပြည့်စုံလှပေသည်။ နာဂမိသားစုတို့၏ ထမင်းဝိုင်းတွင် တောင်ယာမှထွက်သည့် မြေဩဇာအသုံးပြုမှု ကင်းစင်သည့် သဘာဝဆန်ထမင်းနှင့် တောင်ယာထွက် မုန်ညင်း၊ ဖရုံသီးဟင်းနှင့် နာဂငရုတ်သီး ရွှေလုံ့ဘိုသည်လည်း မမေ့နိုင်ဖွယ်ရာ အလွန်လိုက်ဖက်ညီလှပေသည်။

ထို့အပြင် နာဂတိုင်းရင်းသားတို့သည် တောင်ယာမှထွက်သည့် စပါးများကို မိသားစုနေထိုင်ရာတဲနှင့် ခပ်လှမ်းလှမ်းတွင် တဲတစ်လုံး သီးသန့်ဖြင့် စပါးကျီအဖြစ် တစ်နှစ်ပတ်လုံးသိုလှောင်ထားရှိကာ စက်ဖြင့်မကြိတ်ခွဲဘဲ ကိုယ်တိုင်မောင်းဆုံဖြင့် ထောင်းကာ ကြိတ်ခွဲစားသောက်ကြသဖြင့် နာဂတို့၏ ဆန်ထမင်းမှာ ကျန်းမာရေးနှင့် အထူးညီညွတ်လှပေသည်။ ထူးခြားမှုအဖြစ် နာဂတိုင်းရင်းသားတို့၏ ချက်ပြုတ်ပုံမှာ ဆီသုံးစွဲမှု နည်းပါးကြောင်း လေ့လာသိရှိရသည်။

နာဂဒေသတွင် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်၊ ကောက်သစ်စားပွဲတော်၊ မုန့်ထောင်းပွဲတော်၊ ကောက်စိုက်ပွဲတော်၊ ကောက်ရိတ်ပွဲတော်များကို နှစ်စဉ် ရိုးရာမပျက် ပျော်ရွှင်စွာ ဆင်နွှဲကြသည်။ နှစ်သစ်ကူးပွဲတော်ကို နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပကြပြီး မိရိုးဖလာ တောင်ယာလုပ်ငန်းခွင်နှင့် လယ်ယာလုပ်ငန်းခွင်များမှ ကောက်ပဲသီးနှံများရိတ်သိမ်းပြီးနောက် နောင်နှစ်သစ်တောင်ယာ၊ လယ်ယာလုပ်ငန်းခွင် မဝင်မီမှာ ကျင်းပသည့်ပွဲကြီးဖြစ်ကာ ယခင်က တစ်ရွာနှင့်တစ်ရွာ ပွဲတော်ရက်မတိုက်အောင် ကျင်းပခဲ့ကြပြီး တစ်ရွာမှာ ကျင်းပတဲ့ပွဲတော်ကို အခြားတစ်ရွာက သွားရောက်ပျော်ရွှင်ကြသည့် ဓလေ့ရှိကြောင်းသိရသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်သည် နာဂတိုင်းရင်းသားများအတွက် အရေးကြီးသည့် အထွတ်အမြတ်ထားသည့် ပွဲတော်ဖြစ်ပြီး တစ်နှစ်ပတ်လုံးတွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို ဖလှယ်ဆွေးနွေးကြသည့်အပြင် လာမည့်နှစ်သစ်တွင် လုပ်ကိုင်ကြရမည့် လုပ်ငန်း ဆောင်တာများကို ထိုပွဲတော်ကြီး၌ တိုင်ပင် ဆွေးနွေးကြသည်။ ယင်းနောက် တစ်နှစ်တာအတွေ့အကြုံများမှ ရရှိခဲ့ကြသည့် အကျိုးရလဒ်များကို နှီးနှောဖလှယ်သည်။ အရောင်းအဝယ်များမှ ပေးရန်နှင့်ရရန် ကြွေးမြီများကို ရှင်းလင်းကြသည်။ လာမည့်နှစ်သစ်တွင် ကောက်ပဲသီးနှံ ပေါများပါစေကြောင်းနှင့် ရာသီဥတုကောင်းမွန်စေကြောင်း၊ အဖျားအနာကင်းဝေးပြီး ချမ်းသာသုခရှိပါစေကြောင်း ဆုတောင်းကြကြောင်းသိရသည်။

ရပ်ဝေးရပ်နီးမိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရင်းနှီးပျော်ရွှင်စွာ ဆုံစည်းကြပြီး သီချင်းအကများနှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ထိုနှစ်သစ်ကူးပွဲတော်တွင် ဖော်ညွှန်းသီဆိုကခုန်ကြကာ တစ်နှစ်လုံး၏ အခက်အခဲကို တင်ပြကြသည်။ တစ်နှစ်တာအောင်မြင်မှုကို ဂုဏ်ယူကြ၍ တစ်ဦးနဲ့တစ်ဦး နောက်ပြောင်ကျီစယ်၊ ကခုန် စားသောက်ကြပြီး မပြေလည်ခဲ့ကြသည့်ပြဿနာကြီးငယ်များကို ပယ်ဖျောက်ကြကာ တစ်ဦးနှင့်တစ်ဦး၊ တစ်စုနှင့်တစ်စု ချစ်ကြည်ရင်းနှီးမှုပေါင်းစည်းမှု ဖော်ဆောင်လျက် ပျော်ရွှင်စွာနှစ်စဉ် ဆင်နွှဲခဲ့ကြသည်။

ယခုအခါတွင် နာဂတိုင်းရင်းသားများ စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်နှင့် နယ်မြေဒေသများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး ရိုးရာနှစ်သစ်ကူးပွဲတော်ကို မြို့နယ်အလိုက် အလှည့်ကျလှည့်လည်ကျင်းပခဲ့ကြသည်။

ယခင်က လမ်းပန်းဆက်သွယ်ရေး မကောင်းသည့်အတွက် ဒေသတစ်ခုနှင့်တစ်ခု ခြေကျင်ဖြင့် ညအိပ်ညနေ သွားရောက်ခဲ့ကြရာမှ ယခုအခါ နိုင်ငံတော်၏ စေတနာဖြင့် ဆောင်ရွက်ပေးမှုများကြောင့် ဒေသတွင်း ဆက်သွယ်ရေးလမ်းကြောင်းများ ကောင်းမွန်လာပြီဖြစ်ရာ နာဂဒေသတစ်ခွင် နယ်စပ်ဒေသများပါမကျန် မော်တော်ကား၊ ဆိုင်ကယ်တို့ဖြင့် အချိန်တိုအတွင်း အလွယ်တကူ အိမ်ဦးနှင့် ကြမ်းပြင်ကဲ့သို့ သွားလာနိုင်ကြပြီဖြစ်ပြီး နာဂဒေသသည်လည်း မြေပြန့်ဒေသနည်းတူ ဖွံ့ဖြိုးတိုးတက်နေပြီကို မျက်ဝါးထင်ထင် တွေ့မြင်ရပေမည်။

ထို့အပြင် နာဂဒေသမှ တိုင်းရင်းသားများမှာ ကိုယ်ပိုင်လျှပ်စစ်မီးနှင့် နိုင်ငံပိုင်ရုပ်သံလိုင်းများအပြင် ပြင်ပပုဂ္ဂလိကဖျော်ဖြေရေးရုပ်သံလိုင်းတစ်ခုဖြစ်သည့် Sky Net မှ ထုတ်လွှင့်မှုများကိုပင် စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ကြည့်ရှုနေကြပြီဖြစ်သကဲ့သို့ သူငယ်ချင်း မိတ်ဆွေအပေါင်းအသင်းများဆီသို့ စက္ကန့်ပိုင်းအတွင်း လေလှိုင်းကြားမှ ဆက်သွယ်နိုင်သည့် တန်ဖိုးနည်းဖုန်းများလည်း နာဂဒေသတွင် အသုံးပြုနေကြပြီဖြစ်သည်။

နာဂဒေသသည် တောင်တန်းများပေါ်တွင် မြို့တည်ထားသဖြင့် ရာသီဥတုအနေအထားမှာ အလွန်နေချင့်စဖွယ်ကောင်းလှပြီး တောင်တန်းပေါ်မှ အဝေးသို့ ရှုမျှော်လိုက်လျှင် တွေ့မြင်ရသည့် တောင်ယာတဲလေးများနှင့် တောင်တန်းများကို ခါးပတ်ထားသည့် ဘော်ငွေရောင်အဆင်းရှိ မြူများဆိုင်းနေသည့် မြင်ကွင်းသည် စိတ်မခိုင်သူများအတွက် အလွန်တရာ လွမ်းဆွေးဖွယ်ကောင်းလှပြီး နာဂတောင်တန်းဒေသသို့ တစ်ခါတစ်ခေါက် ရောက်ခဲ့လျှင်လည်း ရောက်ဖူးသူများကို မပြန်ချင်အောင် အေးချမ်းသာယာလှပမှုများစွာနှင့် ဆွဲဆောင်နိုင်စွမ်းရှိသည့်ဒေသဖြစ်ကာ ယခင်ကာလများနှင့်မတူ တစ်မူထူးခြားစွာ ဖွံ့ဖြိုးသာယာလှပနေသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ အလည်တစ်ခေါက်လာရောက်လေ့လာဖို့ ဖိတ်ခေါ်လိုက်ရပါကြောင်း ရေးသားတင်ပြလိုက်ပါသည် ။ ။



ဖိုးချမ်း(မုံရွာ)

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE
WE DEFINE LIFESTYLE

# 68 RESIDENCE CONDOMINIUM

DEVELOPED BY:
UNITED GP
Development by GOLDEN PALACE

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးတွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း







5 % Discount
+
Interior Decoration Package with fully furnished facilities

( 5th February - 12th April, 2015)
*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ညီနွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်ခန်းတည်းတွင် အိပ်ခန်းနှင့်လူနေဧည့်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than
84 %
Sold Out

အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။

ငလျင်ဒဏ်ကိုရစ်ချ်တာစကေးအနည်းဆုံး(8)ခံနိုင်အောင် တည်ဆောက်ထားပါသည်။

CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း
အခန်းဝယ်ယူသူအားလုံး ရာသက်ပန် နှစ်ပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့်
အခွင့်ကိုင်မာသေချာခြင်းနှင့်ပြည့်စုံမှု

| ROOM TYPES | SQFT |
| --- | --- |
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

မြန်မာ့အလင်း
၁၀-၄-၂၀၁၅ (သောကြာနေ့)

# MAN UTD VS MAN CITY

ဧပြီ ၁၂ ရက်၊ တနင်္ဂနွေနေ့၊ ည ၉း၃၀



**လာမယ့်ဧပြီလ ၁၂ ရက်နေ့မှာ ပရီမီယာလိဂ်ပွဲစဉ် (၃၂)အဖြစ် မန်ယူနဲ့မန်စီးတီးတို့ အိုးလ်ထရက်ဖို့ဒ်မှာ ယှဉ်ပြိုင်ကစားသွားဖို့ရှိတယ်။ ဒါကြောင့် အဆိုပါ နှစ်သင်းရဲ့ အနေအထားကို လေ့လာနိုင်ဖို့အတွက် သုံးသပ်ဖော်ပြပေးလိုက်ရပါတယ်။**



## PREDICTED TEAM

လက်ရှိမန်ယူရဲ့ အနေအထားဟာ တည်ငြိမ်မှုအပြည့်အဝရှိတယ်လို့ဆိုနိုင်တယ်။ အသင်းနဲ့လိုက်ဖက်တဲ့ ကစားဟန်ကို ဗန်ဟားလ်ရှာတွေ့ခဲ့ပြီဖြစ်သလို အဲဒီကစားကွက်အောက်မှာ မာတာ၊ ဟာရီရာ၊ ကာရစ်၊ ရွှန်းနေတို့ခြေစွမ်းပြသနေတာကြောင့် တိုက်စစ်နဲ့ကွင်းလယ်ကစားပုံကောင်းနေတာကို သတိပြုရမှာ ဖြစ်တယ်။

## PREDICTED TEAM

လက်ရှိမန်စီးတီးရဲ့ခြေစွမ်းကတော့ မတည်ငြိမ်ဘူးလို့ဆိုရမယ်။ ပဲလေ့စ်၊ ဘန်လေတို့ကိုတောင်ရှုံးခဲ့တယ်။ ယာယာတိုရေး၊ ဖာနန်ဒို၊ ဖာနန်ဒင်ညိုတို့ရဲ့ ကွင်းလယ်ကစားပုံပျက်နေတာကြောင့် တိုက်စစ်ကပါ ဂိုးသွင်းအားကျပြီးခံစစ်ကလည်း ကွင်းလယ်အဖျက်အားနည်းမှုကြောင့် ပြိုင်ဘက်ထိုးစစ်ကို ဟန့်တားရာမှာ လုံခြုံမှုမရှိဖြစ်နေရတယ်။

## KEY PLAYER

လက်ရှိမန်ယူရဲ့ကွင်းလယ်မှာ ဟာရီယာ၊ မာတာတို့ခြေစွမ်းပြနေတယ်။ လီဗာပူးကိုနိုင်ခဲ့တဲ့ပွဲနဲ့ ဗီလာကိုနိုင်ခဲ့တဲ့ပွဲတွေမှာ ဒီနှစ်ဦးဟာ အရေးပါတဲ့ ဂိုးတွေကိုသွင်းနိုင်ခဲ့သလို အကောင်းဆုံး ခြေစွမ်းကိုလည်းထုတ်ပြနိုင်ခဲ့ကြတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမန်ယူရဲ့ကွင်းလယ်မှာ ကာရစ်က အဓိကကျနေပြီးသူ့ရဲ့ဘောလုံးဖြန့်ဝေမှုနဲ့ ကွင်းလယ်အဖျက်အားဟာမန်ယူရဲ့ကွင်းလယ်နဲ့ ခံစစ်ကိုအားကောင်းလာစေတယ်။

## KEY PLAYER

လက်ရှိမန်စီးတီးမှာ ခြေစွမ်းပြနိုင်တဲ့ကစားသမားကအတော်နည်းတယ်။ အဂူရိုက ဂိုးသွင်းခြေပျောက်နေသလို ဖာနန်ဒင်ညို၊ ဖာနန်ဒိုတို့ကလည်း ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိကြဘူး။ ကွန်ပနီလည်း ခံစစ်ကို ဦးဆောင်မှုပေးနိုင်တာတွေ့ရတယ်။ ဒါပေမယ့် ယာယာတိုရေးကတော့ မန်စီးတီးကွင်းလယ်မှာ အကောင်းဆုံးကစားနေနိုင်ပြီး အသင်းကိုလည်း ဦးဆောင်မှုပေးနိုင်ကာ ပဲလေ့စ်နဲ့ပွဲမှာ ချေပဂိုး တစ်ဂိုးကို သူပဲသွင်းယူပေးခဲ့တာဖြစ်တယ်။

## Other Matches

**ဆွမ်ဆီး-အဲဗာတန်** ။ ဆွမ်ဆီးခြေမဆိုးပေမယ့် အဲဗာတန်ရဲ့ တန်းမဆင်းရရေး ရုန်းကန်အားနဲ့ ကောင်းမွန်နေတဲ့ ခြေစွမ်းကိုတော့ ထိန်းချုပ်ဖို့ခက်မယ်။

**ဆောက်သမ်တန်- ဟားလ်** ။ ဥရောပဝင်ခွင့်အတွက် အမှားခံလို့ မရတော့တဲ့ ဆောက်သမ်တန်ရဲ့ အိမ်ကွင်းရှန်းအားကို ခြေညံ့တဲ့ ဟားလ်တို့ထိန်းလို့ မရနိုင်ဘူး။

**ဘန်လေ - အာဆင်နယ်** ။ ဘန်လေရဲ့ခြေမဆိုးပေမယ့် အခုနောက်ပိုင်း တည်ငြိမ်နေတဲ့ အာဆင်နယ်တော့ သရေခံကစားဖို့တောင် မလွယ်နိုင်ဘူး။

**ကျူပီအာ - ချယ်လ်ဆီး** ။ ကစားပုံထင်သလောက်မကောင်းပေမယ့် ချန်ပီယံဖြစ်ရေး အမှားမခံမယ့် ချယ်လ်ဆီးတို့ ကျူပီအာကို အနိုင်ယူနိုင်ဖို့ မခက်ပါဘူး။

**စပါး - ဗီလာ** ။ ဗီလာတန်းမဆင်းရဖို့ ရုန်းနေပေမယ့် ဥရောပဝင်ခွင့်အတွက် ခြေကုန်ထုတ်လာမယ့်စပါးရဲ့ အိမ်ကွင်းကစားအားကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့ မဖြစ်နိုင်ဘူး။

**ဝက်စ်ဘရွန်း - လက်စတာ** ။ ဝက်စ်ဘရွန်းက တန်းမဆင်းရဖို့အတွက် အိမ်ကွင်းမှာ အားစိုက်မှာဖြစ်ပေမယ့် လက်စတာရဲ့ အခုနောက်ပိုင်းကစားပုံကောင်းနေမှုကြောင့် သရေလောက်ပဲ ရယူသွားနိုင်မယ်။

**ဝက်စ်ဟမ်း - စတုတ်** ။ စတုတ်ကစားပုံ ကောင်းမွန်နေတဲ့အပြင် အမှတ်လည်းလိုနေတာကြောင့် ခြေကျနေတဲ့ ဝက်စ်ဟမ်းကို အပြန်အလှန်တုံ့ပြန်ကစားသွားနိုင်မယ့် အခြေအနေမှာရှိတယ်။

**လီဗာပူး - ကာဆယ်** ။ ဥရောပဝင်ခွင့်အတွက် အမှားမခံတော့တဲ့ အခြေအနေရောက်နေတဲ့ လီဗာပူးရဲ့ အိမ်ကွင်းရှန်းအားကို ခြေကျနေတဲ့ ကာဆယ်တို့ ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။

### ပရီမီယာလိဂ်ပွဲစဉ်(၃၂)

| | | | | |
|---|---|---|---|---|
| **စနေနေ့ (၁၁-၄-၁၅)** | | | | |
| ည ၆း၁၅ | ဆွမ်ဆီး | | - | အဲဗာတန် |
| ည ၈း၃၀ | ဆောက်သမ်တန် | | - | ဟားလ် |
| ည ၈း၃၀ | ဆန်းဒါးလန်း | | - | ပဲလေ့စ် |
| ည ၈း၃၀ | စပါး | | - | ဗီလာ |
| ည ၈း၃၀ | ဝက်စ်ဘရွန်း | | - | လက်စတာ |
| ည ၈း၃၀ | ဝက်စ်ဟမ်း | | - | စတုတ် |
| ည ၁၁း၀၀ | ဘန်လေ | | - | အာဆင်နယ် |
| **တနင်္ဂနွေနေ့ (၁၂-၄-၁၅)** | | | | |
| ည ၇း၀၀ | ကျူပီအာ | | - | ချယ်လ်ဆီး |
| **တနင်္လာနေ့ (၁၃-၄-၁၅)** | | | | |
| နံနက် ၁း၃၀ | လီဗာပူး | | - | ကာဆယ် |

## ခံစစ်မှူး ဟမ်မဲလ် မန်ယူသို့ ပြောင်းရွှေ့ရန် အသင့်တော်ဆုံး အချိန်ရောက်နေပြီဟု လီဗာပူးကစားသမားဟောင်း ဟာမန်း ပြောဆို

ဒေါ့မွန်အသင်း ဗဟိုခံစစ်မှူး မတ်ဟမ်မဲလ်သည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် အသင့်တော်ဆုံး အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဂျာမနီနှင့် လီဗာပူးကွင်းလယ်ခံစစ် ကစားသမားဟောင်း ဒိုင်မာဟာမန်းက ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဂျာမနီဗဟိုခံစစ်မှူး ဟမ်မဲလ်သည် မန်ယူ၏ ကာလရှည်ပစ်မှတ်ထားမှု ခံနေရသူဖြစ်ပြီး လက်ရှိမန်ယူမန်နေဂျာ ဗန်ဟားလ်ကလည်း ဟမ်မဲလ်အား ခေါ်ယူနိုင်ရန် ရည်မှန်းထားသည်။

ခံစစ်မှူး ဟမ်မဲလ်က လက်ရှိအချိန်တွင် သူ၏ အနာဂတ်နှင့်ပတ်သက်၍ စဉ်းစားနေကြောင်း ပြောဆိုထားသော်လည်း မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ကတိပြုထားသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကိုမူ ငြင်းဆိုထားသည်။

၁၉၉၉ ခုနှစ်မှ၂၀၀၆ ခုနှစ်အထိ လီဗာပူးအသင်းတွင် ပါဝင်ကစားခဲ့သူ ဟာမန်း(၄၁နှစ်)က “ခံစစ်မှူးဟမ်မဲလ်ဟာ ကလပ်အသင်းများစွာရဲ့ စိတ်ဝင်စားမှု ခံနေရသူပါ။ သူဟာ ဒေါ့မွန်အသင်းမှာ ကောင်းမွန်တဲ့ စွမ်းဆောင်မှုတွေကို ပြုလုပ်ပြခဲ့ပြီးပါပြီ။ ဒါပေမယ့် အခုအချိန်မှာ ဟမ်မဲလ်အနေနဲ့အသင်းပြောင်းရွှေ့မယ်ဆိုရင် သူ့အတွက်ရော ဒေါ့မွန်အသင်းအတွက်ပါ အကျိုးရှိပါလိမ့်မယ်။ လက်ရှိအချိန်က ဟမ်မဲလ်အတွက် စိန်ခေါ်မှု အသစ်တွေလိုအပ်နေချိန်ဖြစ်ပါတယ်။ မန်ယူမန်နေဂျာ ဗန်ဟားလ်က သူ့ကို ခေါ်ယူချင်နေပြီး မန်ယူအသင်းအနေနဲ့လည်း ဟမ်မဲလ်လိုကစားသမားကို လိုအပ်နေတယ်။ ဒီရာသီမှာ ဟမ်မဲလ်ဟာ အကောင်းဆုံးပုံစံနဲ့ ကစားနိုင်ခြင်းမရှိပါဘူး။ ဒါပေမယ့် သူဟာ အောင်မြင်တဲ့ ကစားသမားတစ်ဦးအဖြစ် ရှိနေဆဲပါ။ လာမယ့် နွေရာသီဈေးကွက်ကာလအတွင်းမှာ ဟမ်မဲလ်အနေနဲ့ မန်ယူအသင်းကို ပြောင်းရွှေ့ခဲ့မယ်ဆိုရင် နှစ်ဦးနှစ်ဖက်စလုံးအတွက် အကောင်းဆုံးဖြစ်ပါလိမ့်မယ်”ဟု ပြောသွားသည်။

၂၀၀၈ ခုနှစ်တွင် ဒေါ့မွန်အသင်း၌ စတင်ပါဝင်ကစားခဲ့သူ ဘိုင်ယန်ကစားသမားဟောင်း ဟမ်မဲလ်သည် ဒေါ့မွန်အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါဆုဖလား နှစ်ကြိမ်၊ ဂျာမန်ပိုကယ်ဖလား တစ်ကြိမ်ရရှိထားပြီး ၂၀၁၂-၁၃ ခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့သူ ဖြစ်သည်။ ဟမ်မဲလ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်နှင့်အတူ ဘွန်ဒက်စ်လီဂါပွဲပေါင်း ၁၀ ပွဲသာ ပါဝင်ကစားခွင့် ရရှိထားသေးပြီး တစ်ဂိုးသာ သွင်းယူထားနိုင်သေးသည်။



■ ထက်အောင်